# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၆ ခုနှစ် ၊ တန်ဆောင်မုန်းလပြည့်ကျော်(၁၂)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (27-11-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၂၁၁)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏လူမှုစီးပွားဘဝမြင့်မားရေးဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသောပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၇) သင်တန်းဖွင့်ပွဲများကို တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်



တိုင်းစစ်ဌာနချုပ်အသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၇) သင်တန်းဖွင့်ပွဲများ ကျင်းပစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၆**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၇)တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နယ်မြေများရှိ သင်တန်းကျောင်းအသီးသီးသို့ ရောက်ရှိ၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြသည်။ ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၇) သင်တန်းဖွင့်ပွဲများပြုလုပ်ကြသည်။ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။


စာမျက်နှာ ၁၈ ကော်လံ ၁

## အားကောင်းသောမုန်တိုင်းငယ်၏ အရှိန်ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာကွက်ကျားမှ နေရာကျဲကျဲမိုးရွာနိုင်

**နေပြည်တော် နိုဝင်ဘာ ၂၆**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင်ဖြစ်ပေါ်နေသော အားကောင်းသော မုန်တိုင်းငယ်(Deep Depression)သည် မြောက်-အနောက်မြောက်ဘက်သို့ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏အနောက်တောင်ဘက် ရေမိုင် ၇၇၀ ခန့်၊ အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၄၀၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

စာမျက်နှာ ၁၆ ကော်လံ ၃







ရတနာပုံ
၂၀၂၄ ခုနှစ် နိုဝင်ဘာ ၂၇ ရက်
အယ်ဒီတာ့အာဘော်

# အမျိုးသားအားကစားပွဲတော်ကြီး အောင်မြင်စွာကျင်းပနိုင်ရေး

အားကစားသည် အထူးတလည်လေ့ကျင့်တည်ဆောက်ထားသော ခွန်အား၊ သက်လုံ၊ ကျွမ်းကျင်မှု၊ နည်းစနစ်၊ စိတ်ဓာတ်နှင့် ဉာဏ်ရည်တို့ကိုအသုံးချကာ ကိုယ်ရောစိတ်ပါ ကစားကြရခြင်းဖြစ်ပြီး အားကစားသမားများ၏အောင်မြင်မှုသည် နိုင်ငံ၏အောင်မြင်မှု၊ နိုင်ငံ၏ဂုဏ်သိက္ခာမြင့်မားမှုပင်ဖြစ်ပေသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင် မြန်မာနိုင်ငံအားကစားအဆင့်အတန်း တိုးတက်မြင့်မားရေး၊ နိုင်ငံတကာအဆင့်ပြိုင်ပွဲများတွင် အောင်မြင်မှုများရရှိရေးအတွက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနကို ပြန်လည်ဖွဲ့စည်းကာ ဘက်ပေါင်းစုံမှ အားပေးမြှင့်တင်ဆောင်ရွက်ခဲ့သည့် အလျောက် နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုများပြန်လည်ရရှိလာခဲ့ပြီဖြစ်သည်။

ထိုသို့ဆောင်ရွက်ခဲ့မှုများကြောင့် မြန်မာ့အားကစားပြိုင်ပွဲဝင်များသည် နိုင်ငံတကာအဆင့်ပြိုင်ပွဲများတွင် ဆုတံဆိပ်များဆွတ်ခူးရရှိခဲ့သော နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများစွာပေါ်ထွက်ခဲ့သည်။ အဆိုပါနိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများကို ဆုကြေးငွေများ ထိုက်ထိုက်တန်တန်ဂုဏ်ပြုချီးမြှင့်ခဲ့သည်သာမက တစ်ချိန်က နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားဟောင်းကြီးများကိုလည်း လစဉ်ထောက်ပံ့ကြေးများ၊ ဘွဲ့ထူးဂုဏ်ထူးများချီးမြှင့်ပေးအပ်ခဲ့သည်ကို ကြည့်ခြင်းအားဖြင့် အားကစားနှင့် ပတ်သက်ပြီး နိုင်ငံတော်အကြီးအကဲ၏အလေးအနက်ထားမှုကို သိမြင်နိုင်ပေသည်။ ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ဦးတည်ချက် ၉ ရပ်ထဲမှ လူမှုရေးဦးတည်ချက်ထဲတွင် တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့်အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေးဟူ၍ ထည့်သွင်းချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

အားကစားကဏ္ဍအောင်မြင်မှုသည် နိုင်ငံနှင့်လူမျိုးဂုဏ်ကို မြင့်တက်စေသည်ဖြစ်ရာ နိုင်ငံတော်ဝန်ကြီးချုပ်၏လမ်းညွှန်ချက်နှင့်အညီ ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို ယခုနှစ် ဒီဇင်ဘာ ၉ ရက်နေ့မှ ၂၀ ရက်နေ့ထိ နေပြည်တော်၌ နိုင်ငံတော်အဆင့်ခမ်းနားထည်ဝါစွာ ကျင်းပတော့မည်ဖြစ်သည်။ ယခုနှစ် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို နိုင်ငံတော်၏ အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားရေး၊ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံ၌ကျင်းပမည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာပြိုင်ပွဲများတွင် အားကစားအဆင့်အတန်း မြင့်မားရေးနှင့် အောင်မြင်မှုရှိစွာယှဉ်ပြိုင်နိုင်ရေး၊ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများနှင့် အလားအလာရှိသော လူငယ်မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရေး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများနှင့်ဝန်ကြီးဌာနများအကြား အချင်းချင်းချစ်ကြည်ရင်းနှီးမှုရှိစေရေး၊ အားကစားလှုပ်ရှားမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်လာနိုင်စေရေးနှင့် ပြည်သူတစ်ရပ်လုံး အားကစားလှုပ်ရှားမှုများတွင်ပါဝင်လာစေရေးဆိုသည့် ရည်ရွယ်ချက်ငါးရပ်နှင့်အညီ ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါအမျိုးသားအားကစားပွဲတော်ကြီးတွင် ဝန်ကြီးဌာနအဆင့် အားကစားနည်းခြောက်မျိုး၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အားကစားနည်း ၂၃ မျိုးနှင့် မသန်စွမ်းအားကစားနည်းလေးမျိုးတို့ ထည့်သွင်းကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အားကစားသမား စုစုပေါင်း ၁၂၀၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ကြမည်ဟု သိရသည်။

အားကစားသည် နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ကျန်းမာကြံ့ခိုင်မှု၊ ဇွဲ၊ လုံ့လ၊ ဝီရိယရှိမှုနှင့် စည်းလုံးညီညွတ်မှု၊ ပူးပေါင်းဆောင်ရွက်တတ်မှု၊ စည်းကမ်းလိုက်နာတတ်မှုတို့ကို ထင်ဟပ်ပေါ်လွင်စေသည့် စွမ်းရည်ပြပြိုင်ပွဲတစ်မျိုးပင်ဖြစ်ပါသောကြောင့် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ တာဝန်ရှိသူများနှင့် မိဘပြည်သူတစ်ရပ်လုံးကပါ အမျိုးသားရေးအသိစိတ်ဓာတ်နှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားအပ်ပါသည်။

# မန္တလေးဈေးကွက်အတွင်း ပခုက္ကူဘက်မှထွက်ရှိသည့် ကြက်သွန်နီများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိ



**မန္တလေး နိုဝင်ဘာ ၂၆**

မန္တလေးဈေးကွက်အတွင်း ပခုက္ကူဘက်မှထွက်ရှိသည့် ကြက်သွန်နီများအရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း အောင် ကြက်သွန်နှင့် အာလူးပွဲရုံ ပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိ ပခုက္ကူဘက်မှ ထွက်ရှိသည့် ကြက်သွန်နီများ မန္တလေးဈေးကွက်အတွင်း ကုန်သည်များ အဝယ်လိုက်လာခြင်းကြောင့် အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း၊ ပြည်ပနိုင်ငံများကလည်း ပခုက္ကူဘက်မှ ထွက်ရှိသည့် ကြက်သွန်နီကို ဝယ်ယူမှုများရှိကြောင်း သိရသည်။

"အခု ပခုက္ကူဘက်ကထွက်တဲ့ ကြက်သွန်နီတွေကို တချို့ကြက်သွန်နီ လက်လီ၊ လက်ကားဖြန့်ဖြူးရောင်းချတဲ့ လုပ်ငန်းရှင်တွေ အဝယ်တော်တော်များလာတယ်။ မန္တလေး ဈေးကွက်ထဲမှာလဲ အရောင်းအဝယ် တော်တော်လေး ကောင်းနေပါတယ်"ဟု အောင် ကြက်သွန်နှင့် အာလူးပွဲရုံ ပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ ပခုက္ကူဘက်မှထွက်ရှိသည့် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၄၃၀၀ ထိ ပေါက်ဈေးရှိပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း သိရသည်။

"မန္တလေးဈေးကွက်ထဲမှာ ဆိပ်ဖြူဘက်ကထွက်တဲ့ ကြက်သွန်နီတွေလဲ အခုတစ်လော အရောင်းအဝယ်ကောင်းနေတယ်။ အရောင်းအဝယ် အကောင်းဆုံး အနေအထားမှာ ရှိနေတာကတော့ ပခုက္ကူဘက်ကထွက်ရှိတဲ့ အရည်အသွေးကောင်းမွန်တဲ့ ကြက်သွန်နီတွေပဲ ဖြစ်ပါတယ်"ဟု အောင် ကြက်သွန်နှင့် အာလူးပွဲရုံ ပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း ပခုက္ကူ၊ မြင်းခြံ၊ ပျော်ဘွယ်နှင့် တောင်သာဘက်မှ ထွက်ရှိသည့် ကြက်သွန်နီများ အများဆုံး ဝင်ရောက်လျက်ရှိကြောင်း၊ ယခုလတ်တလော ပခုက္ကူဘက်မှ ထွက်ရှိသည့် ကြက်သွန်နီများကို အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ကလည်း ဝယ်ယူနေခြင်းကြောင့် မန္တလေးဈေးကွက်အတွင်း ကြက်သွန်နီများအရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း အောင် ကြက်သွန်နှင့် အာလူးပွဲရုံ ပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။ (၁၈၄)

# ကျိုက်လတ်မြို့နယ်တွင် ဒေသထွက် ကြက်ဟင်းခါးသီးများ အရောင်းအဝယ် ကောင်းမွန်နေ

**ကျိုက်လတ် နိုဝင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ဒေသထွက် ကြက်ဟင်းခါးသီးများ အရောင်းအဝယ် ကောင်းနေကြောင်း ကျိုက်လတ်မြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သီတာက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်တွင် ဒေသထွက် ကြက်ဟင်းခါးသီးများ နိုဝင်ဘာလဒုတိယပတ်မှစတင်ပြီး ယနေ့ထိ ဝယ်လိုအားကောင်းကာ အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသထွက် ကြက်ဟင်းခါးသီးများ တစ်ရက်လျှင် အလုံးရေ ၁၇၀၀၀ မှ ၂၅၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ကျိုက်လတ်မြို့နယ်ကနေ ထွက်ရှိတဲ့ ကြက်ဟင်းခါးသီးတွေ အဝယ်လိုက်ပြီး အရောင်းအဝယ် ကောင်းလာတယ်။ ကြက်ဟင်းခါးသီးတွေကို ဒေသဈေးကွက်နဲ့ အခြားဒေသ ကုန်စိမ်းဈေးကွက်က ဝယ်လက်တွေက အဝယ်များနေပါတယ်။ လက်ရှိ တစ်ရက်ကို ကြက်ဟင်းခါးသီး အလုံးရေ ၂၅၀၀၀ ထိ ရောင်းချနေရပါတယ်။ ဒေသထွက် ကြက်ဟင်းခါးသီးတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေးကောင်းမွန်တာ တွေ့ရပါတယ်"ဟု ကျိုက်လတ်မြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သီတာက ပြောပြသည်။

ကျိုက်လတ်မြို့နယ်တွင် အရောင်းအဝယ် ကောင်းမွန်နေသည့် ကြက်ဟင်းခါးသီးအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၂၀၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါ ဒေသထွက် ကြက်ဟင်းခါးသီးများနှင့် အခြားကုန်စိမ်းများကို ပုသိမ်၊ ကျောင်းကုန်း၊ ပန်းတနော်၊ မအူပင် စသည့်ဒေသများသို့ တင်ပို့ရောင်းချနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၅၈၃၁ ဧက ရိတ်သိမ်းပြီးစီး

**ခင်ဦး နိုဝင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၅၈၃၁ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၁၈၈ ဧကနှင့်ဖူးစားပြောင်း ၅၆၄၃ ဧက စုစုပေါင်း ၅၈၃၁ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပြောင်းခင်းများကို ယခုနှစ် ဩဂုတ်လမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး အစေ့ထုတ်ပြောင်း တစ်ဧကလျှင် ၄၇ ဒသမ ၄၅ တင်းနှင့် ဖူးစားပြောင်း တစ်ဧကလျှင် ပြောင်းဖူး ၁၅၀၀၀ ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ၅၈၃၁ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ ပြောင်းခင်းတွေ အခုလက်ရှိ ဧကအားလုံးရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ အထွက်နှုန်း အနေနဲ့ ကောင်းမွန်ပါတယ်။ ပြောင်းသီးနှံတွေ အောင်မြင်ဖြစ်ထွန်းဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေး အသုံးပြုရေး စသည့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးခဲ့ကြောင်း သိရသည်။ (၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချီရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပြည်မြို့နယ်ရှိ ကျေးရွာနှစ်ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများပြီးစီးမှု စစ်ဆေး

**ပြည် နိုဝင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ချဉ်ဂုတ်ကုန်းကျေးရွာနှင့် ဇီးအုပ်ကျေးရွာတို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို နိုဝင်ဘာ ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးဇော်နှင့် ဝန်ထမ်းများက သက်ဆိုင်ရာ ကျေးရွာ ကော်မတီဝင်များနှင့်အတူ ချဉ်ဂုတ်ကုန်းကျေးရွာနှင့် ဇီးအုပ်ကျေးရွာတို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်မြို့နယ် ချဉ်ဂုတ်ကုန်းကျေးရွာ၌ အရှည်ပေ ၁၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်းနှင့် တစ်နာရီလျှင် ရေသန့်ဂါလန် ၂၀၀ ကျော်ထွက်ရှိသည့် ရေသန့်စင်စက်တပ်ဆင်ခြင်း လုပ်ငန်းများကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရရှိငွေမှ သုံးစွဲခွင့်ရှိသော ငွေကျပ်ကိုးသန်း၊ ဇီးအုပ်ကျေးရွာ၌ အရှည်ပေ ၂၅၆၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းနှင့် တစ်နာရီ ရေသန့်ဂါလန် ၂၀၀ ကျော်ထွက်ရှိသည့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရရှိငွေမှ သုံးစွဲခွင့်ရှိသောငွေကျပ် ၁၀ သန်း၊ စုစုပေါင်း ငွေကျပ် ၁၉ သန်းဖြင့် ပြည်မြို့နယ်အဆိုပါဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာကူညီမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် စက်တင်ဘာလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ချိုလေး**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ စိန်ပန်းရပ်နေ ဦးကျော်မြင့် မွေးနေ့အထိမ်းအမှတ်အဖြစ် ဆွမ်းအလှူငွေကျပ် ၄၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏ၊ ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်နှင့်ရုံးအဖွဲ့မှူး ဦးသန့်ဇင်တို့က လက်ခံရယူစဉ်။

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ရွှေသွယ်ရင်စပါး တင်းရေ ၈၁၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ပန်းတနော် နိုဝင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ရွှေသွယ်ရင်စပါးအမျိုးအစား တင်းရေ ၈၁၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရည်ရည်က ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် စက်တင်ဘာလ တစ်လအတွင်းက ရွှေသွယ်ရင် စပါးအမျိုးအစား တင်းရေ ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ရွှေသွယ်ရင် စပါးအမျိုးအစား တင်းရေ ၈၁၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ စပါးအမျိုးအစားသည် ဆန်ကြမ်း အုပ်စုတွင်ပါဝင်သည့် အမျိုးအစားဖြစ်ကြောင်း သိရသည်။

''ပြီးခဲ့တဲ့ တစ်လအတွင်း ရွှေသွယ်ရင်စပါး တင်းရေအများအပြား ပန်းတနော်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ရွှေသွယ်ရင်စပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများနေလို့ အရောင်းအဝယ်ကောင်းခဲ့တာ ဖြစ်ပါတယ်။ ရွှေသွယ်ရင် စပါးအမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေ ရှိနေပါတယ်။ အခြားစပါးတွေနဲ့ယှဉ်ရင် ပြီးခဲ့တဲ့ တစ်လအတွင်းမှာကော လတ်တလောအနေနဲ့ပါ ဒီစပါးအမျိုးအစားက အရောင်းအဝယ်ပိုဖြစ်နေပါတယ်။ စပါးတွေကို ကုန်းလမ်းအပြင် ရေလမ်းကနေပါ တင်ပို့ရောင်းချနေပါတယ်''ဟု ပန်းတနော်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရည်ရည်က ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာ တစ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ရွှေသွယ်ရင်စပါးအမျိုးအစား တင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၈၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ စပါးများ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သည့် လုပ်ငန်းရှင်များ အလုပ်အကိုင် အခွင့်အလမ်းရရှိလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# သာစည်မြို့နယ် ကြက်မောက်ကျေးရွာ၌ ကျန်းမာရေးအသိပညာပေးဟောပြောပွဲ ကျင်းပ

**သာစည် နိုဝင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခေတ်မီစံပြကျေးရွာစီမံကိန်း (Smart Village) အကောင်အထည်ဖော်ဆောင်ရွက်သည့် ကြက်မောက်ကျေးရွာအုပ်စု ကြက်မောက်ကျေးရွာ၌ ကျန်းမာရေး အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက သင်တန်းဖွင့်အမှာစကားပြောကြားပြီး ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်က ကျန်းမာရေး အသိပညာပေးဟောပြောပွဲ ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သာစည်မြို့နယ် ကျန်းမာရေးဦးစီးဌာန မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းတို့မှ နည်းပြများက ကျန်းမာရေးအသိပညာပေး အကြောင်းအရာများ၊ အမျိုးသမီးများ အိမ်တွင်းအကြမ်းဖက်မှုပပျောက်ရေး၊ အမျိုးသမီးများ စွမ်းဆောင်ရည်မြင့်မားရေးနှင့် ကျား၊မ တန်းတူညီမျှရှိစေရေး စသည့်ခေါင်းစဉ်များဖြင့် ဟောပြောဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် ကြက်မောက်ကျေးရွာမှ သင်တန်းသား ၁၅ ဦးနှင့် သင်တန်းသူဦးရေ ၅၀ စုစုပေါင်း သင်တန်းသား၊သင်တန်းသူ ၆၅ ဦး တက်ရောက်ကြပြီး ကျန်းမာရေးအသိပညာပေး ဟောပြောပွဲကို တစ်ရက်တာ ဖွင့်လှစ်ပို့ချပေးခဲ့ကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# အင်းတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၁၉၃၅၁ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်

**အင်းတော် နိုဝင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၁၉၃၅၁ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အင်းတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၅၅၇၉၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ယခုနှစ် အောက်တိုဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၉၃၅၁ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၇၇ ဒသမ ၅၂ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ အင်းတော်မြို့နယ်မှာ စပါး ၅၅၇၉၅ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ မိုးစပါးစိုက်ခင်းတွေ လက်ရှိရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ၁၉၃၅၁ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မိုးစပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေအချိန်မီ စိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့်ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အင်းတော်မြို့နယ်တွင် မိုးစပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)



# ပုဂံခေတ် သံခင်းတမန်ခင်းကျောက်စာ

ပုဂံခေတ်တွင်ရေးထိုးခဲ့သည့် များစွာသော ကျောက်စာများအနက် ကျောက်စာအများစုသည် အလှူမှတ်တမ်းများဖြစ်သည်။ ရှင်ဘုရင်မှစ၍ သူဌေး၊ စစ်သူကြီး၊ အမတ်၊ ရဟန်းတော် စသဖြင့် အလွှာစုံမှ ပုဂ္ဂိုလ်များသည် ပုဂံ၏ပုံရိပ်များကို ကျောက်စာထိုးကာ မှတ်တမ်းတင်ခဲ့ကြသည့်အနက် တရုတ်နိုင်ငံသို့ တမန်စေလွှတ်ကာ သံခင်းတမန်ခင်းပြဿနာကို ဖြေရှင်းခဲ့သည့် တစ်ခုတည်းသောမှတ်တမ်းသည် သျှင်ဒိသာပြာမုက်ကျောက်စာဖြစ်သည်။ မူရင်း ကျောက်စာတွင် သျှင်ဒိသာပါမုက်ဟု ရေးထိုးခဲ့သော်လည်း နှောင်းလူများက ရှင်ဒိသာပါမောက် ကျောက်စာဟု သိရှိကြသည်။

တရုတ်-မြန်မာသံတမန်မှတ်တမ်း သျှင်ဒိသာပြာမုက်ကျောက်စာကို ပုဂံခေတ် ၁၃ ရာစုတွင်တည်ဆောက်ခဲ့သည့် မင်္ဂလာစေတီ(ပုဂံစေတီအမှတ် ၁၄၃၉)တံတိုင်းအတွင်းမှရရှိခဲ့ကာ ပုဂံရှေးဟောင်းသုတေသနပြတိုက်တွင် ကျောက်စာတိုင်အမှတ် (၁၁၀)အဖြစ် ထိန်းသိမ်းပြသထားသည်။

**ပုဂံ မင်္ဂလာစေတီ**

မင်္ဂလာစေတီသည် ပုဂံ-ချောက် မော်တော်ကားလမ်းပေါ်တွင်တည်ရှိ၍ ပုဂံမြို့မှ လေးဖာလုံကွာဝေးသည်။ မင်္ဂလာစေတီကို ခရစ်နှစ် ၁၂၆၈ ခုနှစ်တွင် ပုဂံဘုရင် နရသီဟပတေ့(၁၂၅၆-၁၂၈၇)က တည်ထားခဲ့သည်။

စေတီတော်ကိုတည်နေစဉ် ဘုရားလည်းပြီး၊ ပြည်ကြီးလည်းပျက်ဟု တဘောင်ပေါ်သဖြင့် စေတီတော်တည်ဆောက်မှုကို ရပ်ဆိုင်းခဲ့သည်။ သို့သော် ပံ့သကူမဟာထေရ်က နရသီဟပတေ့ကို 'အနိစ္စကမ္ဘဋ္ဌာန်းကိုမရှု၊ အလှူကောင်းမှုပြုပြီးမှ ပြည်ပျက်အံ့သည်ကိုစိုးရိမ်၍နေသည်ကား နင့်ထက်မိုက်သူမရှိ၊ နင့်ပြည်နှင့်နင် မသေဘဲနေရတုံအံ့လော' ဟုဆုံးမသဖြင့် ဆက်လက်တည်ထားခဲ့ရာ ၁၂၇၄ ခုနှစ်တွင်ပြီးဆုံးခဲ့သည်။ မင်္ဂလာစေတီသည် သမိုင်းဝင် သျှင်ဒိသာပါမုက်ကျောက်စာကြောင့် ပိုမိုထင်ရှားခဲ့သည်။

ရဟန်းတော်တစ်ပါးဖြစ်သည့် သျှင်ဒိသာပြာမုက်သည် အလွန်ထူးချွန်သော သံတမန်ဖြစ်ကာ ဆရာတော်သည် ပုဂံသို့ စစ်ချီရန်ပြင်နေသည့် မွန်ဂိုဘုရင်နှင့်ဆွေးနွေးညှိနှိုင်းပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ချိန်တွင် မိမိ၏ အောင်မြင်သောသံတမန်ခရီးမှတ်တမ်းကို ကျောက်စာရေးထိုး၍ မင်္ဂလာစေတီ အုတ်ခုံရင်ပြင်အနောက်ဘက်ရှိ အုတ်ဂူငယ်အတွင်း၌ စိုက်ထူခဲ့သည်။

**ကျောက်စာ၏ သမိုင်းနောက်ခံ**

ခရစ်နှစ် ၁၂၇၇ ခုနှစ်တွင် မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံနယ်ခြားဒေသ၌ နှစ်နိုင်ငံကြား စစ်ပွဲနှစ်ကြိမ်ဖြစ်ပွားခဲ့ပြီး ဒုတိယအကြိမ်ဖြစ်ပွားသည့် စစ်ပွဲတွင် မွန်ဂိုတို့သည် ငဆောင်ချမ်းနှင့်ကောင်းတုံသို့ ဝင်ရောက်လာခဲ့ကြပြီး ၁၂၇၈ ခုနှစ် နွေရာသီတွင် ထွက်ခွာသွားခဲ့ကြသည်။ နောင် ခြောက်နှစ်အကြာတွင် မွန်ဂိုတို့သည် ငဆောင်ချမ်းနှင့် ကောင်းစင်ကို ထပ်မံတိုက်ခိုက်ခဲ့ရာ ခရစ်နှစ် ၁၂၈၃ ခုနှစ် ဒီဇင်ဘာ ၉ ရက်တွင် ကောင်းစင်ကျခဲ့သည်။

မွန်ဂိုတို့က မြန်မာတို့အညံ့ခံကာ ၎င်းတို့လက်အောက်သို့ဝင်လာလိမ့်မည်ဟုယူဆကာ သံနှစ်ဦးကိုစေလွှတ်၍ အညံ့ခံရန်ဆင့်ဆိုခဲ့သည်။ မြန်မာဘက်မှ မည်သို့မျှမပြန်ကြားခဲ့ဘဲ ဧရာဝတီမြစ်ကြောင်းအတိုင်း ကောင်းစင်မှတကောင်းသို့ စုန်ဆင်းကာ တကောင်း(သင်းတွဲ)တွင်တပ်ချ၍ မွန်ဂိုတို့ကို ခုခံရန်ပြင်ဆင်ခဲ့သည်။ မွန်ဂိုတို့က တကောင်းသို့ ရဟန်းတော်တစ်ပါးကိုစေလွှတ်ကာ ဖျောင်းဖျစေခဲ့သော်လည်း မြန်မာတို့က ထိုရဟန်းတော်ကို သတ်ဖြတ်ခဲ့သည်ဟုဆိုရာ စစ်မက်ဖြစ်ပွားနေစဉ် ရောက်ရှိလာသူသည် ရဟန်းအစစ်လော၊ ဘာသာရေးအရေခြုံထားသည့် သူလျှိုလောဟု မခွဲခြားနိုင်သဖြင့် ကွပ်မျက်ခြင်းဖြစ်နိုင်ကြောင်း သုတေသနမှူး ဦးရည်စိန်က သုံးသပ်ခဲ့သည်။

ထို့ကြောင့် မွန်ဂိုတပ်များသည် တကောင်း၌ တပ်စွဲနေသည့် မြန်မာတို့ကို အလုံးအရင်းဖြင့်တိုက်ခိုက်ခဲ့သဖြင့် ၁၂၈၄ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်တွင် တကောင်းကျခဲ့သည်။ မွန်ဂိုတို့သည် မလည်ကိုပါ သိမ်းပိုက်ပြီး မြန်မာနိုင်ငံအလယ်ပိုင်းသို့ ချီတက်တိုက်ခိုက်ရန် ရည်ရွယ်ခဲ့သော်လည်း တစ်နှစ်ကြာသည်ထိ မတိုက်နိုင်ခဲ့ချေ။



သျှင်ဒိသာပြာမုက်ကျောက်စာစိုက်ထူခဲ့သည့် မင်္ဂလာစေတီ

မြန်မာတို့တပ်ပျက်ပြီဟု ကြားသိရသဖြင့် နရသီဟပတေ့သည် ပုဂံမှအောက်ဘက်သို့ စုန်ဆင်းသွားခဲ့သဖြင့် တရုတ်ပြေးမင်းဟု အမည်တွင်ခဲ့သည်။ နရသီဟပတေ့သည် ပြည်အနောက်ဘက်ရှိ လှည်းကျအရပ်၌ နှစ်နှစ်နီးပါးနေထိုင်ချိန်တွင် မွန်ဂိုတို့သည် ပုဂံကို လာရောက်တိုက်ခိုက်ခဲ့ခြင်းမရှိသော်လည်း တစ်ချိန်ချိန်တွင် တိုက်ခိုက်လိမ့်မည်ဟုတွက်ဆခဲ့သည်။ ထို့ကြောင့် နရသီဟပတေ့သည် မွန်ဂိုဘုရင်နှင့် စေ့စပ်ရန် အမတ်အနန္တပိစည်နှင့်မဟာပိုတို့ကို ၁၂၈၅ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလတွင် တကောင်းသို့ စေလွှတ်ခဲ့သည်။

သံတမန်နှစ်ဦးသည် မွန်ဂိုတို့နှင့်ပဏာမဆွေးနွေးခဲ့ကြပြီး အနန္တပိစည်က ကူဗလိုင်ခန်မင်းကြီးက စေ့စပ်ဆွေးနွေးမှုကို သဘောတူညီပါက မြန်မာဘက်မှ ရာထူးကြီးမြင့်သော အရာရှိတစ်ဦးကို စေလွှတ်မည်ဟု အဆိုပြုခဲ့သည်။

**သျှင်ဒိသာပြာမုက်၏ သံတမန်ခရီး**

အနန္တပိစည်နှင့် မဟာပိုတို့သည် ဆွေးနွေးပွဲသို့ နှစ်ဦးတည်းသာသွားလျှင် မွန်ဂိုဘုရင်နှင့်ပိုင်နိုင်စွာ ဆွေးနွေးနိုင်မည်မဟုတ်ကြောင်းသိရှိသဖြင့် ဘုရင့်ဆရာတော် သျှင်ဒိသာပြာမုက်ကိုစေလွှတ်လျှင် ပိုမိုသင့်လျော်မည်ဟု ဘုရင်နရသီဟပတေ့ထံ လျှောက်ထားခဲ့ဟန်ရှိကြောင်း ဦးရည်စိန်၏စာတမ်းတွင် ဖော်ပြခဲ့သည်။

ထို့ကြောင့် ဆရာတော်သျှင်ဒိသာပြာမုက်ဦးဆောင်သောအဖွဲ့သည် တကောင်းသို့ရောက်ရှိချိန်တွင် မွန်ဂိုတို့က သံအဖွဲ့သည် ဘုရင်စေလွှတ်သောအဖွဲ့မဟုတ်ဘဲ အမတ်စေလွှတ်သည့်အဖွဲ့သာဖြစ်သည်ဟုဆိုကာ လက်မခံသဖြင့် ပုဂံဘုရင်က မင်းတို့ကား တမန်ကို မချုပ်ရာဟုဆိုကာ သံတမန်ခန့်အပ်လွှာကို ပေးပို့ခဲ့သည်။ ပုဂံဘုရင် နရသီဟပတေ့မိန့်ကြားခဲ့သည့် 'မင်းတို့ကား တမန်ကိုမချုပ်ရာ'ဟူသည့် စကားသည် သံတမန်လောကတွင် ယနေ့တိုင်ထင်ရှားပြီး သျှင်ဒိသာပါမုက် ကျောက်စာတွင် 'မင်တိုဝ်ကာ တန်မန်ကိုဝ် မချုပ်ရျာ'ဟု ဖတ်ရှုရသည်။

ဆရာတော်ဦးဆောင်သည့်သံအဖွဲ့သည်တကောင်းမှ ယူနန်မြို့တော် ယဆည်သို့ရောက်ချိန်တွင် မိုးကာလသို့ရောက်ပြီဖြစ်သဖြင့် ယဆည်တွင် ဝါဆိုပြီးမှ တရုတ်နိုင်ငံသို့ကြွခဲ့ရာ ၁၂၈၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် တယ်တူ(ဘေဂျင်း)သို့ ရောက်ရှိခဲ့သည်။ ကူဗလိုင်ခန်က ဆရာတော်နှင့် သံအဖွဲ့ကို ကောင်းမွန်စွာခရီးဦးကြိုဆိုခဲ့သည်။

**ကျောက်စာပါ သံခင်းတမန်ခင်းဆွေးနွေးချက်များ**

ဆရာတော်သျှင်ဒိသာပြာမုက်နှင့် ကူဗလိုင်ခန်တို့တွေ့ဆုံစဉ် ဆရာတော်မိန့်ကြားခဲ့သည့် စကားများကို သုတေသနမှူး ဦးရည်စိန်၏မှတ်တမ်းတွင် ဤသို့ဖော်ပြခဲ့သည်။

**မဟာရာဇ်။**

ဤစစ်သည် သူရဲနှင့် သံဃာတို့သည်(မြန်မာနိုင်ငံအလယ်ပိုင်းသို့ရောက်ရှိသော်) ဆန်စားရမှသာလျှင် အသက်ရှင်နိုင်ပါမည်၊ စပါးဟူသည် တိုင်းပြည်စည်ပင်သာယာဝပြောရေး၏ အရင်းအမြစ်မဟုတ်ပါလော၊ သို့သော် ယခုအခါ စစ်ဘေးစစ်ဒဏ်ကြောင့် ရဟန်းသံဃာများပင် နေပြည်တော်ကို စွန့်ခွာကြလေပြီ၊ ကောက်ပဲသီးနှံစိုက်ပျိုးသူမရှိ၍ ဆန်မရှိတော့ပြီ၊ စစ်သည်သူရဲတို့သည် ဆန်မစားရဘဲ ထန်းကိုသာ စားနေပါလျှင် ဝမ်းနာ၍ သေကြမည်မဟုတ်ပါလော၊ သူရဲများသေကျေနေကြသည်ကို တွေ့လျှင် ကျန်ရှိသောသံဃာများလည်း နေပြည်တော်ထဲသို့ မဝင်ဝံ့တော့ဘဲ ပြေးလွှားရင်းနှင့်ပင် ပျံလွန်တော်မူမည်၊ ဤသို့ဖြစ်လျှင် မင်းကြီး၏ရည်မှန်းချက်သည် ပြည့်ဝအောင်မြင်ပါမည်လော။

ဥယျာဉ်စိုက်သောယောက်ျားတို့သည် ရေသွန်းလောင်း၍ အပင်ကိုကြီးထွားစေပါသည်၊ အညွန့်ကို မဆိတ်ကြပေ၊ သစ်ပင်သီးသောအခါ အသီးကိုစားရန်သာ(မျှော်မှန်းကြပါသည်)၊ တမ္ပဒီပ(တံပြတိက်)ဟုခေါ်သော ပုဂံကိုရေသွန်းလောင်းပါ၊ ပြည်က ငယ်ပင်ငယ်သော်လည်း ထိုပြည်၏ သာသနာသည် မြင့်မြတ်ပါသည်၊ မင်းကြီးမှာလည်း ဘုရားဆုကိုတောင်းသောသူတစ်ဦးပင်မဟုတ်တုံလော၊ ဤသို့ဆိုလျှင် အဖဂေါတမ၏သာသနာတော်ကို မဖျက်ဆီးသင့်ပေ။

မင်းကြီးတိုက်ခိုက်အောင်မြင်ခဲ့သော တိုင်းပြည်များသည် များလည်းများပေသည်၊ ကြီးလည်းကြီးပေသည်၊ တမ္ပဒီပဖြစ်သော ပုဂံသည် ပြည်ငယ်တစ်ခုသာတည်း၊ သာသနာထွန်းကားနေသောကြောင့် ဘုရားလောင်းတို့က မြတ်နိုးကြပါသည်၊ မင်းကြီး၊ စစ်သည်သူရဲတို့ကို မစေလွှတ်ပါနှင့်၊ ငါတို့ ကောက်ပဲသီးနှံများကို စိုက်ပျိုးပါဦးမည်၊ ကောက်ပဲသီးနှံစိုက်ပျိုး၍ ပြီးစီးသော အချိန်ကျမှ ဝင်လာပါ။

ဆရာတော်က ဤသို့မိန့်မြွက်လျှင် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သူ ကူဗလိုင်ခန်သည် ဆရာတော်၏ ပိုင်နိုင်သောမိန့်ကြားချက်များကိုလက်ခံကာ "ပဏ္ဍိတ် ပြောဟောသောအမိန့်တော်တွင် တပည့်တော်အဖို့လည်း ပါဝင်သည်။ ပဏ္ဍိတ်ပြန်ကြွတော်မူပါ၊ ထွက်ပြေးသွားခဲ့သမျှသောသူတို့ကို ပြန်ခေါ်တော်မူ၍ ကောက်ပဲသီးနှံစိုက်ပျိုးကြပါ၊ ပြီးစီးသောအခါ တပည့်တော်အား လူလွှတ်၍အကြောင်းကြားပါ"ဟုဆိုခဲ့သဖြင့် ဆရာတော်၏တောင်းဆိုချက်များ အောင်မြင်ခဲ့သည်။

ဆရာတော်သျှင်ဒိသာပြာမုက်၏ သံတမန်ခရီးသည် အသွားအပြန် တစ်နှစ်ဝန်းကျင်ကြာမြင့်ခဲ့ကာ ၁၂၈၆ ခုနှစ် ဇန်နဝါရီလဝန်းကျင်တွင် တယ်တူမှ မြန်မာနိုင်ငံသို့ပြန်လာခဲ့ပြီး ထိုနှစ် ဧပြီလနှင့် မေလဝန်းကျင်တွင် ပုဂံဘုရင် နရသီဟပတေ့ရောက်နေသည့် လှည်းကျသို့ရောက်ရှိခဲ့သည်။

ဆရာတော်၏ အောင်မြင်သောသံတမန်ခရီးကို အလွန်နှစ်သက်အားရတော်မူသော ဘုရင်နရသီဟပတေ့သည် ဆရာတော်အား လယ်ပယ် ၈၀၀၊ ကျွန်နှင့် နွားများလှူဒါန်းခဲ့သည်။ ဆရာတော်သည် ထိုအလှူအရပ်ရပ်အား ရတနာသုံးပါးကိုရည်မှန်းလျက် ပန်းပွတ်ရပ်စေတီ၌လှူဒါန်းခဲ့ကြောင်း ကျောက်စာရေးထိုးခဲ့သည်။ ထိုအချိန်တွင် စေတီတော် တန်ဆောင်းကြီးက ပြီးဆုံးပြီး စာသင်တိုက်ကမပြီးသေးကြောင်းနှင့် မိဖုရားက သစ်နှင့်ဝတ္ထုများလှူဒါန်းကြောင်း ကျောက်စာတွင်ရေးထိုးခဲ့သည်။ ပန်းပွတ်ရပ်စေတီသည် မင်္ဂလာစေတီဖြစ်၍ မိဖုရားသည် မိဖုရားစောဟုယူဆရကြောင်း စာတမ်းတွင် ဖော်ပြထားသည်။

နရသီဟပတေ့သည် ပုဂံသို့ပြန်ရန် ပြည်သို့လာခဲ့စဉ် သားတော်ပြည်စားက လုပ်ကြံခဲ့သဖြင့် ၁၂၈၇ ခုနှစ်တွင် ကံကုန်ခဲ့သည်။ နရသီဟပတေ့မရှိတော့ချိန်တွင် ယူနန်နယ်မှ မွန်ဂိုများသည် မြန်မာနိုင်ငံအလယ်ပိုင်းကိုတိုက်ခိုက်ရန် ကူဗလိုင်ခန်မင်းကြီးထံ ပန်ကြားခဲ့သော်လည်း ကူဗလိုင်ခန်ကခွင့်မပြုခဲ့ပေ။

တရုတ်မှတ်တမ်းများတွင် သျှင်ဒိသာပြာမုက်၏ သံတမန်ခရီးရှေ့ပိုင်း ပဏာမဆွေးနွေးပွဲအကြောင်းများပါရှိ၍ မြန်မာဘက်ကမူ တရားဝင်စေ့စပ်ဆွေးနွေးမှုများကို မှတ်တမ်းတင်ခဲ့သည်။ ထို့ကြောင့် တရုတ်နှင့်မြန်မာမှတ်တမ်းများကို ဆက်စပ်၍ သမိုင်းဖြစ်ရပ်များကို ဖော်ထုတ်နိုင်ခဲ့သည်။

သျှင်ဒိသာပြာမုက်ကျောက်စာသည် အမြင့် ၁၆၆ စင်တီမီတာ၊ အကျယ် ၆၄ ဒသမ ၅ စင်တီမီတာနှင့် အထူ ၁၉ စင်တီမီတာရှိ၍ စာကြောင်းရေ ၅၂ ကြောင်းပါရှိသည့် နှစ်မျက်နှာထိုးကျောက်စာဖြစ်သည်။ ကျောက်စာတွင် ရေးထိုးသည့်ခုနှစ်ကို သက္ကရာဇ် ၆၄၇ ခု ဟုဖော်ပြသည်။

အေဒီ ၁၃ ရာစု၊ ပုဂံခေတ်နှောင်းပိုင်းတွင် မွန်ဂိုဘုရင် ကူဗလိုင်ခန်နှင့် နှစ်နိုင်ငံကြားငြိမ်းချမ်းရေးကို အောင်မြင်စွာ ညှိနှိုင်းဆွေးနွေးနိုင်ခဲ့သည့် ရှင်ဒိသာပြာမုက်၏မှတ်တမ်းကျောက်စာသည် ပုဂံသမိုင်းမှတ်တမ်းတစ်ခုဖြစ်ခဲ့ပေသည်။

**ကိုးကား**

- **မြန်မာ့စွယ်စုံကျမ်း အတွဲ(၅)**
- **ရှေးဟောင်း မြန်မာကျောက်စာများ၊ တတိယတွဲ(ဦးငြိမ်းမောင်)**
- **ရှင်ဒိသာပါမောက္ခ ငြိမ်းချမ်းရေးမစ်ရှင်အဖွဲ့(ဦးရည်စိန်)**

**မောင်သာ(ရှေးဟောင်းသုတေသန)**

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ငပုတောမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၃၇၆၆ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ဖူးစားပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

**ငပုတော နိုဝင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၃၇၆၆ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၃၇၆၆ ဧကကို ဒီဇင်ဘာလ ပထမပတ်တွင် စတင်စိုက်ပျိုးမည်ဖြစ်ကြောင်း၊ အဆိုပါ ဖူးစားပြောင်း ၃၇၆၆ ဧကကို ငပုတောမြို့တွင် ၂၇၆၇ ဧက၊ ဟိုင်းကြီးကျွန်းမြို့တွင် ၇၁၂ ဧက၊ ငရုတ်ကောင်းမြို့တွင် ၂၈၇ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံတွေစိုက်ပျိုးရာမှာ တောင်သူတွေအနေနဲ့ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့အတွက် လိုအပ်တဲ့နည်းပညာနဲ့ အခြားပံ့ပိုးမှုတွေကို ကြိုတင်လုပ်ဆောင်ပေးနေပါတယ်။ အခုဆောင်းသီးနှံ ဖူးစားပြောင်း ၃၇၆၆ ဧကထိ လျာထားစိုက်ပျိုးမှာပါ။ ဖူးစားပြောင်းတွေ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်စေဖို့၊ စိုက်ပျိုးနည်းစနစ်နဲ့ အခြားလိုအပ်တဲ့ပံ့ပိုးမှုတွေကို စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေက ပူးပေါင်းဆောင်ရွက်ပေးထားပါတယ်။ အရင်နှစ်တွေကထက် အထွက်နှုန်းနဲ့ အရည်အသွေးပိုကောင်းစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ လုပ်ငန်းတွေကို စနစ်တကျ ဆောင်ရွက်ပေးထားပါတယ်။ တောင်သူအသိပညာပေးလုပ်ငန်းတွေကိုလဲ အဆက်မပြတ် လုပ်ဆောင်ပေးနေပါတယ်" ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငပုတောမြို့နယ်တွင် ဖူးစားပြောင်းများ အခက်အခဲမရှိ စိုက်ပျိုးနိုင်ရန်၊ ရွက်လိပ်ပိုး၊ ရွက်ဖျက်ပိုး၊ ငမြောင်တောင်ပိုး စသည့် ပိုးမွှားအန္တရာယ်များ မကျရောက်စေရန်၊ အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်စေရန်တို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူအသိပညာပေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

## ကျိုက်မရောမြို့နယ် ခနောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ကျိုက်မရော နိုဝင်ဘာ ၂၆**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခနောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်နိုင်ဦး၊ ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းစိုးနှင့် ဝန်ထမ်းများက ခနောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ချေးငွေများဖြင့် မိသားစုဝင်ငွေတိုး လုပ်ငန်းများဖြစ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ခနောင်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၇ ဦးကို ငွေကျပ် ၄၆ ဒသမ ၁ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် ၁ ဒသမ ၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် ၅ ဒသမ ၄ သန်း စုစုပေါင်း အသင်းသား ၈၈ ဦးကို ငွေကျပ် ၅၃ သန်းထုတ်ချေးထားပြီး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **သုတ**

## စာနာစိတ်ထားကျင့်ကြံပွား

- လူတိုင်းအပေါ် အပြစ်မမြင်ငြား
  ချစ်ခင်သနားကြ တို့သူငါ၊
  အားငယ်သူ အားတွေပေးလို့
  ဖေးမကူကာ၊
  လူသားအချင်းချင်း ကိုယ်ချင်းစာ
  သနားညှာတာ စောင့်ရှောက်ကြ၊
  သူတို့လည်း လူပဲပေမို့
  အတူတွဲနေမှ။

- လောကတွင် အမုန်းတရားကင်းကြ
  အပြုံးများနှင့် အလှဆင်၊
  ကောင်းမှုကို ချစ်မြတ်နိုးလို့
  ကောင်းကျိုးမြော်မြင်၊
  အမုန်းစကားတို့ အဝေးနှင်
  ချစ်ခင်စွာ နေထိုင်မှ၊
  မှုမတူ အယူကွဲလည်း
  လက်တွဲထာဝရ။

- မေတ္တာသည် စမ်းရေတမျှ
  အေးချမ်းလှ ထာဝစဉ်ပေ၊
  ဗြဟ္မစိုရ်တရား ရင်မှာကိန်း
  ထိန်းသိမ်းကြစေ၊
  နွမ်းပါးသူများ ပေးကာဝေ
  အေးချမ်းစေ မေတ္တာပွား၊
  လူတိုင်းအပေါ် စာနာစိတ်ဖြင့်
  ချွေးသိပ်စေသား။ ။

ရွှေတိုး(ထုံးဘို)

COVID-19 ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



COVID-19 ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# နိုင်ငံတကာ သတင်းများ

## ယခုလအတွင်း ယူကရိန်းစစ်မြေပြင်၌ နယ်မြေ အကျယ်အဝန်းအရ ရုရှားတပ်များ စံချိန်တင်သိမ်းပိုက်

**မော်စကို နိုဝင်ဘာ ၂၆**

ယူကရိန်းစစ်ပွဲ စတင်ခဲ့သော ၂၀၂၂ ခုနှစ်နောက်ပိုင်း အမြန်ဆုံး နှုန်းထားဖြင့် ရုရှားတပ်များသည် ယူကရိန်းစစ်မြေပြင်၌ နယ်မြေများ သိမ်းပိုက်ရရှိနေကြောင်း စစ်ရေးလေ့လာသူများ၏အဆိုကို ကိုးကား၍ နိုဝင်ဘာ ၂၅ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ပြီးခဲ့သည့်လအတွင်း ရုရှားတပ်များသည် ယူကရိန်းစစ်မြေပြင်၌ အင်္ဂလန်နိုင်ငံ ဂရိတ်တားလန်ဒန် နယ်မြေတစ်ခုလုံး၏ ထက်ဝက်မျှနှင့်ညီမျှသည့် နယ်မြေများကို သိမ်းယူနိုင်ခဲ့ကြောင်း စစ်ရေးလေ့လာသူများက ပြောကြားခဲ့သည်။

လွတ်လပ်သည့် ရုရှားမီဒီယာများ၏အဆိုအရ ရုရှားတပ်များအနေဖြင့် ယူကရိန်းစစ်မြေပြင်၌ အပတ်စဉ်၊ လစဉ်အလိုက် စံချိန်တင်အမြန်နှုန်းဖြင့် ယူကရိန်းနယ်မြေများကို သိမ်းပိုက်နိုင်ခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ရုရှားတပ်များသည် ယူကရိန်းနယ်မြေများကို ဧရိယာစတုရန်းမိုင်ပေါင်း ၉၁ မိုင်ရှိသည့် ယူကရိန်းနယ်မြေများကို သိမ်းယူခဲ့ရာ ယခုနှစ်အတွင်း ရက်သတ္တပတ်တာကာလအတွင်း အကျယ်ပြန့်ဆုံး နယ်မြေသိမ်းယူမှုအဖြစ် စံချိန်တင်ခဲ့ကြောင်း ရုရှားမီဒီယာများက သုံးသပ်ထားသည်။

ထို့ပြင် ယခုလတစ်လလုံးအတွက် ရုရှားတပ်များသည် ယူကရိန်းစစ်မြေပြင်၌ နယ်မြေအကျယ်အဝန်း ဧရိယာစတုရန်းမိုင် ၂၃၂မိုင်ရှိသည့် နယ်မြေများကို သိမ်းယူနိုင်ခဲ့သည်။

ရုရှားတပ်များသည် ယခုနှစ် ဇူလိုင်လမှစ၍ ယူကရိန်းစစ်မြေပြင်၌ စစ်ရေးအရ စတင်အရေးသာလာခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO



## သမ္မတကို လုပ်ကြံမည့်အကြံအစည်မရှိကြောင်း ဖိလစ်ပိုင်ဒုတိယသမ္မတ ဆာရာဒူတာတေး ပြောကြား

**မနီလာ နိုဝင်ဘာ ၂၆**

သမ္မတဖာဒီနန်မားကို့စ်ဂျူနီယာကို လုပ်ကြံသတ်ဖြတ်ရေးအတွက် မိမိကြံစည်ထားခြင်း မရှိကြောင်း ဖိလစ်ပိုင်ဒုတိယသမ္မတ ဆာရာဒူတာတေးကယနေ့တွင် ပြောကြားခဲ့သည်။

ဖိလစ်ပိုင် တရားရေးဌာနက ဆင့်ခေါ်မေးမြန်းချိန်တွင် ဒုတိယသမ္မတဆာရာဒူတာတေးကအဆိုပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်သည်။

မိမိသာ အသတ်ခံခဲ့ရပါက သမ္မတ မားကို့စ်နှင့် ဇနီးဖြစ်သူတို့ကို လုပ်ကြံသတ်ဖြတ်ရေးအတွက် မိမိ၏လုံခြုံရေးအဖွဲ့ဝင်တစ်ဦးကို ညွှန်ကြားထားကြောင်း ဒုတိယသမ္မတ ဆာရာဒူတာတေးက ပြီးခဲ့သည့် ရက်ပိုင်းအတွင်း ပြောကြားခဲ့ရာ ဖိလစ်ပိုင်တစ်နိုင်ငံလုံးလှုပ်လှုပ်ရှားရှားဖြစ်ခဲ့ရသည်။

သို့ရာတွင် မိမိအနေဖြင့် သမ္မတမားကို့စ်ကို လုပ်ကြံသတ်ဖြတ်ရန်အစီအစဉ်မရှိကြောင်း၊ မိမိ၏ပြောကြားချက်များကို သမ္မတမားကို့စ်အပေါ် စိတ်မကြည်မှုကြောင့် ပြောခဲ့သောစကားမျိုးသာဖြစ်ကြောင်း ဆာရာဒူတာတေးက ဖိလစ်ပိုင်တရားရေးဌာန၌ ထုတ်ဖော်ပြောကြားခဲ့သည်။

သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာနှင့်ဒုတိယသမ္မတ ဆာရာဒူတာတေးတို့သည် ၂၀၂၂ ခုနှစ် ဖိလစ်ပိုင်သမ္မတရွေးကောက်ပွဲ၌ မဟာမိတ်များအဖြစ် လက်တွဲယှဉ်ပြိုင်ခဲ့ကြသူများဖြစ်ကြသည်။

သို့ရာတွင် နောက်ပိုင်းတွင် နိုင်ငံခြားရေးမူဝါဒအပါအဝင် မူဝါဒရေးရာကိစ္စများနှင့် ပတ်သက်၍ အမြင်ကွဲလွဲမှုကြောင့် ၎င်းတို့နှစ်ဦးကြား ဆက်ဆံရေးတင်းမာခဲ့ရကြောင်း သိရသည်။ Ref : Xinhua

Trs : KKO

## ထိုင်းနိုင်ငံ၏ ယခုနှစ်အောက်တိုဘာလပြည်ပပို့ကုန်တန်ဖိုး သုံးလတာကာလအတွင်း စံချိန်တင်မြင့်တက်လာ



**ဗန်ကောက် နိုဝင်ဘာ ၂၆**

ထိုင်းနိုင်ငံ၏ ယခုနှစ် အောက်တိုဘာလ ပြည်ပပို့ကုန်တန်ဖိုးသည် သုံးလတာကာလအတွင်း အမြန်ဆုံးနှုန်းဖြင့် မြင့်တက်ခဲ့ကြောင်း ထိုင်းပြည်တွင်းမီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ယခုနှစ် အောက်တိုဘာလအတွင်း ထိုင်းနိုင်ငံ၏ပြည်ပပို့ကုန်တန်ဖိုးမှာ ၁၄ ဒသမ ၆ ရာခိုင်နှုန်းထိမြင့်တက်လာခဲ့ကြောင်း ထိုင်းကုန်သွယ်ရေးဝန်ကြီးဌာန၏အဆိုအရ သိရသည်။

ပြည်ပပို့ကုန်ကဏ္ဍသည် အရှေ့တောင်အာရှ၏ ဒုတိယမြောက်စီးပွားရေးအင်အားအကြီးဆုံးနိုင်ငံဖြစ်သော ထိုင်းနိုင်ငံ၏စီးပွားရေးအတွက် အဓိကတွန်းအားဖြစ်သည်။

ထိုင်းနိုင်ငံ၏ အဓိကကုန်သွယ်ဖက်နိုင်ငံများ၌ စက်မှုလုပ်ငန်းများ ပြန်လည်နာလန်ထူလာမှု၊ နိုင်ငံတကာငွေကြေးမူဝါဒများဖြေလျှော့လာမှုတို့ကြောင့် ထိုင်းနိုင်ငံ၏ ပြည်ပပို့ကုန်တန်ဖိုး မြင့်မားလာခြင်းဖြစ်သည်။

ယခုနှစ် အောက်တိုဘာလအတွင်း အဓိကကုန်သွယ်ရေးမိတ်ဖက်နိုင်ငံဖြစ်သည့် အမေရိကန်နိုင်ငံသို့ ထိုင်းနိုင်ငံက တင်ပို့ခဲ့သော ပို့ကုန်ပမာဏမှာ ယမန်နှစ်အောက်တိုဘာလကထက် ၂၅ ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်လာခဲ့သည်။

ထို့နည်းတူ ယခုနှစ်အောက်တိုဘာလအတွင်း ထိုင်းနိုင်ငံက တရုတ်နိုင်ငံသို့တင်ပို့ခဲ့သော ပို့ကုန်ပမာဏမှာ ယမန်နှစ်အောက်တိုဘာလကထက် ၈ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ပင်လယ်နီ၌ အပျော်စီးရေယာဉ်တိမ်းမှောက်မှုဖြစ်ပွား သုံးဦးသေဆုံး၍ ၁၃ ဦးပျောက်ဆုံးနေ

**ကိုင်ရို နိုဝင်ဘာ ၂၆**

အီဂျစ်နိုင်ငံ ပင်လယ်နီကမ်းရိုးတန်းကမ်းလွန်၌ အပျော်စီးရေယာဉ်တစ်စီး တိမ်းမှောက်ခဲ့ရာ သုံးဦးသေဆုံး၍ ၁၃ ဦးပျောက်ဆုံးနေကြောင်း အီဂျစ်တာဝန်ရှိသူများက ယနေ့တွင် ထုတ်ဖော်ပြောကြားထားသည်။

ဆီးစတိုရီအမည်ရှိ အဆိုပါ အပျော်စီးရေယာဉ်သည် ပင်လယ်နီရေပြင် ဆာတာယာသန္တာကျွန်းအနီး နိုဝင်ဘာ ၂၅ ရက်တွင် လှိုင်းများရိုက်ခတ်မှုကြောင့် တိမ်းမှောက်ခဲ့ရခြင်းဖြစ်သည်။

ဆီးစတိုရီသင်္ဘောသည် တိမ်းမှောက်ခဲ့ပြီး ငါးမိနစ်မှ ခုနစ်မိနစ်အတွင်းနစ်မြုပ်ခဲ့ရကြောင်း အီဂျစ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဆီးစတိုရီ သင်္ဘောပေါ်တွင် ကမ္ဘာလှည့်ခရီးသည် ၃၁ ဦးနှင့် ရေယာဉ်ဝန်ထမ်း ၁၃ ဦး လိုက်ပါသွားကြောင်း သိရသည်။

ရေယာဉ်နစ်မြုပ်ခဲ့ပြီးနောက် လူပေါင်း ၂၈ ဦးကို ကယ်တင်နိုင်ခဲ့ပြီး ပျောက်ဆုံးနေသူများကို ဆက်လက်ရှာဖွေနေကြောင်း အီဂျစ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

နစ်မြုပ်ခဲ့သော ရေယာဉ်မှာ ယခုနှစ်မတ်လတွင်ဘေးအန္တရာယ်လုံခြုံမှုဆိုင်ရာ စစ်ဆေးမှုများရယူထားသော ရေယာဉ်ဖြစ်ကြောင်း သိရသည်။ Ref : Xinhua

Trs : KKO



## ကော်စတာရီကာ၌ လေယာဉ်ငယ်တစ်စင်းပျက်ကျမှုကြောင့် လူငါးဦး သေဆုံးခဲ့ရပြီး တစ်ဦး ဒဏ်ရာရရှိ

**စန်ဟိုဆေး နိုဝင်ဘာ ၂၆**

ကော်စတာရီကာနိုင်ငံ စန်ဟိုဆေးမြို့အနီး၌ နိုဝင်ဘာ ၂၅ ရက်က လေယာဉ်ငယ်တစ်စင်း ပျက်ကျခဲ့ရာ လူငါးဦး သေဆုံးခဲ့ရကြောင်း သိရသည်။

အဆိုပါ လေယာဉ်ငယ်သည် စန်ဟိုဆေးမြို့သို့ ဦးတည်ပျံသန်းနေစဉ် မြို့ပြင်၌ ပျက်ကျခဲ့ခြင်းဖြစ်သည်။

၎င်း လေယာဉ်ငယ်ပေါ်တွင် လူပေါင်း ခြောက်ဦးလိုက်ပါလာခဲ့ရာ ငါးဦးသေဆုံး၍ တစ်ဦးဒဏ်ရာပြင်းထန်စွာ ရရှိထားကြောင်း ကော်စတာရီကာတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဒဏ်ရာရရှိခဲ့သူ ခရီးသည်မှာ အသက် ၃၁ နှစ်အရွယ် အမျိုးသမီးတစ်ဦးဖြစ်ပြီး အခြေအနေစိုးရိမ်ရကြောင်း သိရသည်။


လေယာဉ်ပျက်ကျခဲ့ပြီးနောက် ရှာဖွေကယ်ဆယ်ရေးသမား ဦးရေ ဖ၀ကျော်တို့က ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ကြမ်းတမ်းသည့်မြေပြင်အနေအထားကြောင့် ခက်ခက်ခဲခဲပြုလုပ်ခဲ့ရသည်။

ယင်း လေယာဉ်ငယ်သည် စန်ဟိုဆေးမြို့အနီး ဆာရိုပီဒရာဘာလန်ကာအမည်ရှိ နယ်မြေ၌ ပျက်ကျခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## ဒရာဂွန်ဖလိုင်း နျူကလီးယားစွမ်းအင်သုံး အာကာသယာဉ်လွှတ်တင်ရန် Space-X ကုမ္ပဏီ၏ ဖယ်လ်ကွန်ဟဲဗီးဒုံးပျံကို ရွေးချယ်ထား



**ဝါရှင်တန် နိုဝင်ဘာ ၂၆**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)သည် ဒရာဂွန်ဖလိုင်း နျူကလီးယားစွမ်းအင်သုံး အာကာသယာဉ်ကို လွှတ်တင်ရန်အတွက် Space-X ကုမ္ပဏီ၏ ဖယ်လ်ကွန်ဟဲဗီးဒုံးပျံကို ရွေးချယ်ထားကြောင်း နိုဝင်ဘာ ၂၅ ရက် သတင်းများအရ သိရသည်။

နာဆာအဖွဲ့သည် စနေဂြိုဟ်၏ တိုက်တန်ဂြိုဟ်ရံလကို လေ့လာရေးအတွက် ဒရာဂွန်ဖလိုင်း အာကာသယာဉ်ကို လွှတ်တင်ရန် စီစဉ်ထားသည်။

မစ်ရှင်တန်ဖိုး အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၅ ဘီလီယံ တန်ဖိုးရှိ ဒရာဂွန်ဖလိုင်းအာကာသယာဉ်ကို Space-X ကုမ္ပဏီ၏ ဖယ်လ်ကွန်ဟဲဗီးဒုံးပျံဖြင့်လွှတ်တင်မည်ဖြစ်ကြောင်း နာဆာအဖွဲ့က နိုဝင်ဘာ ၂၅ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

နာဆာအဖွဲ့သည် ဆိုက်ခ်ီအာကာသယာဉ်နှင့် ယူရိုပါကလစ်ပါ အာကာသယာဉ်တို့ကို ၂၀၂၃ ခုနှစ် အောက်တိုဘာလနှင့် ယခုနှစ် အောက်တိုဘာလတို့တွင် လွှတ်တင်ခဲ့စဉ်ကလည်း Space-X ကုမ္ပဏီ၏ ဖယ်လ်ကွန်ဟဲဗီးဒုံးပျံများကို အသုံးပြုခဲ့ကြောင်း သိရသည်။

ဒရာဂွန်ဖလိုင်း အာကာသယာဉ်၏ လွှတ်တင်ရေးကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၂၅၇ သန်းထိ ရှိနိုင်ကြောင်း၊ ဒရာဂွန်ဖလိုင်း နျူကလီးယားစွမ်းအင်သုံး အာကာသယာဉ်ကို ၂၀၂၈ ခုနှစ် ဇူလိုင်လတွင် လွှတ်တင်ရန်စီစဉ်ထားကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားထားသည်ဟု သိရသည်။

Ref : Sputnik News

Trs : KKO


## ရုရှားပရိုဂရက်စ် အာကာသကုန်တင်ယာဉ်မှ ထူးဆန်းသောအနံ့အသက်များပေါ်ထွက်နေမှုကြောင့် သယ်ယူလာသည့်ကုန်ပစ္စည်းများ လွှဲပြောင်းရေးအတွက် ကြန့်ကြာမှုများရှိနေ

**ဝါရှင်တန် နိုဝင်ဘာ ၂၆**

နိုင်ငံတကာ အာကာသစခန်းသို့ ရောက်ရှိနေသည့် ရုရှားပရိုဂရက်စ် အာကာသကုန်တင်ယာဉ်မှ ထူးဆန်းသောအနံ့အသက်များ ပေါ်ထွက်နေမှုကြောင့် သယ်ယူလာသည့်ကုန်ပစ္စည်းများ လွှဲပြောင်းရေးအတွက် ကြန့်ကြာမှုများရှိနေကြောင်း နိုဝင်ဘာ ၂၅ ရက် သတင်းများအရ သိရသည်။

ရုရှား အာကာသအေဂျင်စီက နိုဝင်ဘာ ၂၁ ရက်တွင် လွှတ်တင်ခဲ့သော ပရိုဂရက်စ်-၉၀ အာကာသကုန်တင်ယာဉ်သည် နိုဝင်ဘာ ၂၃ ရက်တွင် နိုင်ငံတကာ အာကာသစခန်းသို့ ရောက်ရှိခဲ့သည်။

သို့ရာတွင် ကုန်စည်လွှဲပြောင်းရယူရေးအတွက် ပရိုဂရက်စ်-၉၀ အာကာသကုန်တင်ယာဉ် အံဖုံးတံခါးဖွင့်လိုက်ချိန်တွင် ထူးဆန်းသည့် အနံ့အသက်များ ထွက်ပေါ်လာမှုကြောင့် အံဖုံးတံခါးပြန်ပိတ်ထားရကြောင်း သိရသည်။



လက်ရှိအချိန်တွင် နိုင်ငံတကာ အာကာသစခန်းယာဉ်၏ လေထုအရည်အသွေးမှာ ပုံမှန်အခြေအနေတွင်ရှိနေဆဲဖြစ်ကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)က သတင်းထုတ်ပြန်ထားသည်။

ပရိုဂရက်စ်-၉၀ အာကာသကုန်တင်ယာဉ် ပြဿနာနှင့်ပတ်သက်၍ ရုရှားအာကာသအေဂျင်စီက တစ်စုံတစ်ရာ တုံ့ပြန်ပြောကြားခြင်း မရှိသေးပေ။

ပရိုဂရက်စ်-၉၀ အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်းရှိအာကာသယာဉ်မှူးများအတွက် စားနပ်ရိက္ခာနှင့် အခြားကုန်ပစ္စည်း သုံးတန်ခန့် တင်ဆောင်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## Firefly Aerospace ကုမ္ပဏီက ပထမဆုံးလဆင်းယာဉ်ကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် လွှတ်တင်ရန် စီစဉ်ထား

**ဝါရှင်တန် နိုဝင်ဘာ ၂၆**

အမေရိကန်နိုင်ငံ အခြေစိုက် Firefly Aerospace ကုမ္ပဏီသည် ၎င်း၏ ပထမဆုံးလဆင်းယာဉ်ကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် လွှတ်တင်ရန်စီစဉ်ထားကြောင်း နိုဝင်ဘာ ၂၅ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် ဘလူးဂို့စ်အမည်ရှိ အထက်ပါလဆင်းယာဉ်သည် အာကာသပတ်ဝန်းကျင်ခံနိုင်ရည်စမ်းသပ်မှုများကို အပြီးသတ် လုပ်ဆောင်နိုင်ခဲ့ပြီဖြစ်သည်ဟု Firefly Aerospace ကုမ္ပဏီက ထုတ်ပြန်ထားကြောင်း သိရသည်။

Firefly Aerospace ကုမ္ပဏီသည် ဘလူးဂို့စ်လဆင်းယာဉ်ကို Space-X ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

ဘလူးဂို့စ်လဆင်းယာဉ်သည် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ စူးစမ်းလေ့လာရေးစနစ် ၁၀ မျိုးကို သယ်ယူ သွားမည်ဖြစ်ကြောင်း သိရသည်။

ဘလူးဂို့စ် လဆင်းယာဉ်ကို လကမ္ဘာနေ့ပိုင်း သီတင်းနှစ်ပတ်စာကာလ မစ်ရှင်များကို ထမ်းဆောင်ရေးအတွက် ပုံစံထုတ်တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## ဗီတာမင်ဘီ-၃ ကို ဆေးအဖြစ်အသုံးပြုခြင်းက COPD ကုသရာတွင် အထောက်အကူပြုနိုင်

**ကိုပင်ဟေဂင် နိုဝင်ဘာ ၂၆**

နာတာရှည် အဆုတ်ရောင်လေပြွန်ကျဉ်းရောဂါ (COPD) ကို ကုသရာတွင် ဗီတာမင်ဘီ-၃ ကို ဆေးတစ်မျိုးအဖြစ်အသုံးပြုခြင်းဖြင့်အထောက်အကူပြုနိုင်ကြောင်း နိုဝင်ဘာ ၂၅ ရက် သတင်းများအရ သိရသည်။

ဗီတာမင်ဘီ-၃ ပုံစံတစ်မျိုးသည် COPD လူနာများ၏အဆုတ်ရောင်ရမ်းမှုကို လျှော့ချရာတွင် အထောက်အကူ ပေးနိုင်ကြောင်း ဒိန်းမတ် သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

ဒိန်းမတ် သုတေသနပညာရှင်များသည် COPD လူနာ ၂၀ ကို ဗီတာမင်ဘီ-၃ ပါဝင်မှုအဆင့်မြင့်မားသော ဆေးဝါးများဖြင့်စမ်းသပ်ကုသပေးခဲ့သည်။

စမ်းသပ်မှုမှ ပေါ်ထွက်လာသည့်ရလဒ်များအရ ဗီတာမင်ဘီ-၃ စားသုံးထားသော COPD လူနာများသည် ၎င်းဗီတာမင်စားသုံးမှုမရှိခဲ့သော လူနာများနှင့်နှိုင်းယှဉ်ပါက အဆုတ်ရောင်ရမ်းမှု သိသိသာသာ ကျဆင်းသွားသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ဒိန်းမတ် သုတေသနပညာရှင်များသည် စမ်းသပ်မှုတွင်ပါဝင်သော COPD လူနာများကို Nicotinamide Riboside ခေါ် ဗီတာမင်ဘီ-၃ ပုံစံတစ်မျိုးဖြင့် ကုသမှုပေးခဲ့ခြင်းဖြစ်သည်။

Nicotinamide Riboside ဗီတာမင်ဘီ-၃ သည် လူ့ကိုယ်တွင်းသို့ ဝင်ရောက်ချိန်တွင် ခုခံအားစနစ်ကို အားဖြည့်ပေးသည့် မော်လီကျူးများအဖြစ်သို့ ပြောင်းလဲသွားတတ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## ခွဲစိတ်လူနာများအနက် သုံးပုံတစ်ပုံကျော် နောက်ဆက်တွဲပြဿနာများရင်ဆိုင်ရတတ်

**ပဲရစ် နိုဝင်ဘာ ၂၆**

ခွဲစိတ်ကုသမှုခံယူသူ လူနာများအနက် သုံးပုံတစ်ပုံကျော်မှာ ခွဲစိတ်မှု၏ နောက်ဆက်တွဲ ကျန်းမာရေး ပြဿနာများနှင့် ရင်ဆိုင်ရတတ်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ နိုဝင်ဘာ ၂၅ ရက် သတင်းများအရ သိရသည်။

ပြင်သစ်နိုင်ငံ ကလော့ဘားနဒ်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အရွယ်ရောက် ခွဲစိတ်လူနာ ၃၈ ရာခိုင်နှုန်းခန့်မှာ ခွဲစိတ်မှုခံယူစဉ်သို့မဟုတ် ခွဲစိတ်မှုခံယူပြီးနောက် ခွဲစိတ်မှုနှင့် ဆက်စပ်နေသည့် ပြဿနာများကို နောက်ဆက်တွဲရင်ဆိုင်ကြရကြောင်း သိရသည်။

ခွဲစိတ်လူနာများ ရင်ဆိုင်ကြရသည့် ပြဿနာများအနက် ၄၉ ရာခိုင်နှုန်းမှာ ခွဲစိတ်မှုလုပ်ငန်းစဉ်နှင့်ပတ်သက်နေပြီး ၂၇ ရာခိုင်နှုန်းမှာ ဆေးဝါးအသုံးပြုမှုနှင့် ပတ်သက်နေကြောင်း သိရသည်။

အလားတူ ခွဲစိတ်လူနာများ ရင်ဆိုင်ရတတ်သော ပြဿနာများအနက် ၁၂ ရာခိုင်နှုန်းမှာ ကျန်းမာရေးစောင့်ရှောက်မှုစနစ်နှင့်ဆက်စပ်နေသည့် ကူးစက်ရောဂါများဖြစ်ပြီး ၁၁ ရာခိုင်နှုန်းမှာ ဆေးရုံနှင့်ဆက်စပ်နေသော ပြဿနာများဖြစ်ကြသည်ဟု ပြင်သစ်သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

သို့ရာတွင် ခွဲစိတ်လူနာများ ရင်ဆိုင်ရတတ်သည့် ပြဿနာ ၆၀ ရာခိုင်နှုန်းမှာ ကြိုတင်ကာကွယ်၍ရသည့် ပြဿနာများဖြစ်ကြကြောင်း ပြင်သစ်သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

Ref : Sputnik News

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ဂိုးသမား ဗီကာရီယို ခြေထောက်ကျိုးဒဏ်ရာရရှိခဲ့ကြောင်း စပါးအသင်း အတည်ပြုထုတ်ပြန်

**လန်ဒန် နိုဝင်ဘာ ၂၆**

စပါးအသင်းက မန်စီးတီး အသင်းကို လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် ပရီးမီးယားလိဂ် ပွဲစဉ်တွင် အသင်းဂိုးသမား ဗီကာရီယို ခြေထောက်ကျိုးဒဏ်ရာရရှိခဲ့ကြောင်း စပါးအသင်း တာဝန်ရှိသူများက အတည်ပြုထုတ်ပြန်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် ဂိုးသမား ဗီကာရီယိုသည် ပထမပိုင်းပွဲကစားချိန်အတွင်း မန်စီးတီးအသင်း တောင်ပံကစားသမား ဆာဗီအိုနှင့် ထိခိုက်မိခဲ့သဖြင့် ဆေးကုသမှုခံယူခဲ့ရပြီး ခြေချင်းဝတ်နာကျင်မှုရှိသော်လည်း အသင်းအတွက် ပွဲချိန်ပြည့် ပါဝင်ကစားပေးနိုင်ခဲ့ကာ အသင်းအတွက် အပိုင်အခွင့်အရေးနှစ်ကြိမ် ကာကွယ်မှုပြုလုပ်ပေးနိုင်ခဲ့သဖြင့် စပါးအသင်းက လက်ရှိချန်ပီယံ မန်စီးတီးအသင်းကို လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ကြောင်း သိရသည်။

စပါးအသင်းသည် ပွဲပြီးဆုံးချိန်တွင် ဂိုးသမား ဗီကာရီယို၏ ဒဏ်ရာအခြေအနေကို လိုအပ်သည့် စကန်ဖတ်စစ်ဆေးမှုများပြုလုပ်ခဲ့ရာ ညာဘက်ခြေချင်းဝတ်ခြေချောင်းကျိုးဒဏ်ရာ ရရှိခဲ့သောကြောင့် ခွဲစိတ်ကုသမှု ခံယူရမည်ဖြစ်၍ လာမည့်ပွဲစဉ်များကို လွဲချော်မည်ဖြစ်ကြောင်း အတည်ပြုထုတ်ပြန်ခဲ့သည်။

စပါးအသင်းသည် ဗီကာရီယို၏ ဒဏ်ရာအခြေအနေနှင့် ပတ်သက်၍ မည်သည့်ကာလထိ အနားယူရမည်ကို ထုတ်ပြန်ခြင်းမရှိဘဲ ကစားသမားအနေဖြင့် ဒဏ်ရာ ခွဲစိတ်ကုသရမည်ကိုသာ ပြောနိုင်မည်ဖြစ်ပြီး ဒဏ်ရာ ခွဲစိတ်ကုသမှု ရလဒ်ပေါ်မူတည်၍ အသင်းနှင့် ပြန်လည်ပူးပေါင်းနိုင်မည့်အချိန်ကို ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း ဆက်လက်ပြောကြားခဲ့သည်။ **Ref : fotmob**

**Trs : ML**



## အားကစားသတင်းအတိုအထွာများ

- ဘာစီလိုနာ အမျိုးသမီးကွင်းလယ်တိုက်စစ်မှူး ပူတဲလက်စ်သည် ခြေသလုံးကြွက်သားဒဏ်ရာကြောင့် ရက်သတ္တသုံးပတ်ခန့် အနားယူရမည်ဖြစ်ကာ လာမည့်နိုင်ငံပွဲစဉ်များဖြစ်သည့် တောင်ကိုရီးယားအသင်း၊ ပြင်သစ်အသင်းပွဲစဉ်အပါအဝင် ဘက်တစ်အသင်း၊ ဟမ်းမားဘိုင်အသင်းနှင့် ဗလင်စီယာအသင်းတို့ပွဲစဉ်ကို လွဲချော်မည်ဟု ဘာစီလိုနာအသင်းက အတည်ပြုထုတ်ပြန်ခဲ့သည်။
- အေအက်စ်စီချန်ပီယံလိဂ်ပွဲစဉ်ဖြစ်သည့် အယ်နာဆာအသင်းနှင့် အယ်ဂါရာဖာအသင်းတို့ပွဲစဉ်တွင် တိုက်စစ်မှူး စီရော်နယ်ဒိုက အယ်နာဆာအတွက် သွင်းဂိုးနှစ်ဂိုး သွင်းယူပေးခဲ့သဖြင့် သုံးဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့ကြောင်း သိရသည်။
- ကွင်းလယ်ကစားသမား မက်ကင်နီ ဒဏ်ရာကြောင့် အေဗီလာအသင်းနှင့်ပွဲစဉ်တွင် ပါဝင်မည်မဟုတ်ကြောင်း ဂျူဗင်တပ်အသင်းနည်းပြ မော့တာက ပြောကြားခဲ့ပြီး ယခုရာသီတွင် ပထမအသင်းမှ ကစားသမား ၁၅ ဦးထိ ဒဏ်ရာပြဿနာကြုံတွေ့ခဲ့ရကြောင်း သိရသည်။

**ML**

# AFC Futsal Goalkeeping Level 1 Coaching Certificate Course 2024 သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ




**ရန်ကုန် နိုဝင်ဘာ ၂၆**

AFC Futsal Goalkeeping Level 1 Coaching Certificate Course 2024 သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့သုဝဏ္ဏကွင်းအတွင်းရှိ သတင်းစာရှင်းလင်းပွဲခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်၊ ဒိုင်ကော်မတီဥက္ကဋ္ဌ ဦးလှတင့်၊ ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီဥက္ကဋ္ဌ ဦးဝင်းသော်၊ ကော်မတီဒုတိယဥက္ကဋ္ဌ ဦးနိုင်သောင်းထိုက် မြန်မာနေရှင်နယ်လိဂ် အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်၊ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်နှင့် သင်တန်းနည်းပြဆရာ Mr. Devandran Supramanium တို့က နှုတ်ခွန်းဆက်အမှာစကား ပြောကြားခဲ့ပြီးနောက် တက်ရောက်လာကြသူများနှင့် သင်တန်းသား၊ သင်တန်းသူများ အမှတ်တရ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါ AFC Futsal Goal–keeping Level 1 Coaching Certificate Course 2024 သင်တန်းကို ယနေ့မှစတင်ပြီး နိုဝင်ဘာ ၃၀ ရက်ထိ သင်တန်းသား၊ သင်တန်းသူ ၁၄ ဦးဖြင့် ဖွင့်လှစ် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**STA**

# ယခုနှစ်ဘောလုံးရာသီသည် မန်စီးတီးအသင်းနှင့် နောက်ဆုံးဘောလုံးရာသီဖြစ်နိုင်ကြောင်း ကွင်းလယ်ကစားသမား ဒီဘရိုင်းပြောကြား

**မန်ချက်စတာ နိုဝင်ဘာ ၂၆**

မန်စီးတီးအသင်း ကွင်းလယ်ကစားသမား ဒီဘရိုင်းက အသင်းနှင့် စာချုပ်သက်တမ်းတိုးရန် ကြန့်ကြာနေချိန်တွင် ယခုနှစ်ဘောလုံးရာသီသည် မန်စီးတီးအသင်းနှင့် နောက်ဆုံးဘောလုံးရာသီဖြစ်နိုင်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အသက် ၃၃ နှစ်ရှိ ကွင်းလယ်ကစားသမားသည် မန်စီးတီးအသင်းနှင့် လာမည့် ၂၀၂၅ ခုနှစ်နွေရာသီတွင် စာချုပ်ကုန်ဆုံးမည်ဖြစ်သောကြောင့် ပြီးခဲ့သည့်ဘောလုံးရာသီကတည်းက အသင်းနှင့် စာချုပ်သက်တမ်းတိုးရန် ဆွေးနွေးမှုပြုလုပ်ခဲ့ရာ သဘောတူညီမှုရခဲ့ပြီး ယခုအခါ၎င်းအနေဖြင့် ဒဏ်ရာကြောင့် အနားယူခဲ့ရချိန်တွင် အသင်းအနေဖြင့် သက်တမ်းတိုးကိစ္စကို ဆက်လက်လုပ်ဆောင်ခြင်းမရှိခဲ့သဖြင့် စာချုပ်ကုန်ဆုံးပါက အသင်းမှ ထွက်ခွာမည်ဖြစ်ကြောင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ဒီဘရိုင်းသည် ရာသီအစက မန်ယူအသင်းနှင့် ကစားခဲ့သည့် ကွန်မြူနတီဒိုင်းပွဲစဉ်တွင် အသင်းအတွက် ပါဝင်ကစားပေးခဲ့ရာ ပေါင်ကြွက်သားဒဏ်ရာ ရရှိခဲ့ပြီးနောက် အသင်း၏ ပွဲစဉ် ၁၀ ပွဲခန့် လွဲချော်ခဲ့ကာ စပို့တင်းအသင်း၊ ဘရိုက်တန်အသင်းနှင့် စပါးအသင်းတို့ကို ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ကြံ့ခိုင်မှုအားနည်းချက်ကြောင့် လူစားဝင်ကစားသမားအဖြစ်သာ ပါဝင်ခဲ့ရပြီး ဘောလုံးရာသီ ကုန်ဆုံးချိန်တွင် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ခဲ့သည်။

ဒီဘရိုင်းက “ကျွန်တော့်အနေနဲ့ ဒဏ်ရာကြောင့် စိတ်မကောင်းမဖြစ်ပါဘူး။ ကနဦး ကျွန်တော့် ဒဏ်ရာက ရက်သတ္တကိုးပတ်လောက် အနားယူရမယ်လို့ ထင်ထားတာပါ။ အခုချိန်မှာ အသင်းနဲ့ ပူးပေါင်းနိုင်ခဲ့လို့ အရမ်း ပျော်ရွှင်နေပါတယ်။ အကောင်းဆုံး ပြန်လာနိုင်အောင် ကြိုးစားနေပါတယ်။ စာချုပ်ကိစ္စကတော့ အသင်းအနေနဲ့ ဆွေးနွေးမှုမလုပ်တော့ရင် ဒီရာသီက နောက်ဆုံးရာသီ ဖြစ်မှာပါ”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sky Sports**

**Trs : ML**

# တိုက်စစ်မှူးဗင်နီစီးယက်စ် ဒဏ်ရာပြဿနာကြောင့် ချန်ပီယံလိဂ်ပွဲစဉ်ကိုလွဲချော်မည်

**မက်ဒရစ် နိုဝင်ဘာ ၂၆**

တိုက်စစ်မှူး ဗင်နီစီးယက်စ်သည် လီဂါနက်စ်အသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် ကြွက်သားဒဏ်ရာ ရခဲ့သောကြောင့် လီဗာပူးအသင်းနှင့် ကစားရမည့် ချန်ပီယံလိဂ်ပွဲစဉ်ကို လွဲချော်မည်ဖြစ်ကြောင်း ရီးရဲလ်မက်ဒရစ်အသင်းက အတည်ပြုထုတ်ပြန်ခဲ့သည်။

အသက် ၂၄ နှစ်ရှိ တိုက်စစ်မှူး ဗင်နီစီးယက်စ်သည် လီဂါနက်စ်အသင်းကို သုံးဂိုးပြတ် အနိုင်ရသည့်ပွဲစဉ်တွင် ပွဲချိန်ပြည့် ပါဝင်ကစားနိုင်ခဲ့သော်လည်း ပွဲပြီးဆုံးချိန်တွင် ညာဘက်ပေါင်ကြွက်သားဒဏ်ရာရရှိခဲ့သဖြင့် တနင်္လာနေ့က ပြုလုပ်ခဲ့သည့် လေ့ကျင့်ရေးအစီအစဉ်တွင် ပါဝင်နိုင်ခြင်းမရှိသောကြောင့် နိုဝင်ဘာ ၂၈ ရက်တွင်ကစားရမည့် လီဗာပူးအသင်းနှင့် ချန်ပီယံလိဂ်ပွဲစဉ်ကို လွဲချော်မည်ဖြစ်ကြောင်း သိရသည်။

နည်းပြ အန်ဆယ်လော့တီက “ဗင်နီစီးယက်စ်အနေနဲ့ ပြီးခဲ့တဲ့ ကြာသပတေးနေ့က ဘရာဇီးအသင်းနဲ့ကစားပြီး အသင်းနဲ့ ပူးပေါင်းခဲ့တာပါ။ တနင်္ဂနွေနေ့ပွဲမှာတော့ ပွဲချိန်ပြည့်ပါဝင်ခဲ့ပြီး တစ်ဂိုးဖန်တီးမှု ပြုလုပ်နိုင်ခဲ့ပါတယ်။ လက်ရှိမှာ ဗင်နီစီးယက်စ်ထက် အမ်ဘက်ပီက ကြံ့ခိုင်မှုပိုမိုပြည့်ဝနေပါတယ်။ လာမယ့်ပွဲမှာတော့ တိုက်စစ်ကို အမ်ဘက်ပီ ဦးဆောင်လာမှာဖြစ်ပြီး ဗင်နီစီးယက်စ်ကတော့ သုံးပတ်လောက် အနားယူရမှာဖြစ်လို့ ပွဲစဉ်အနည်းငယ်ကို လွဲချော်အုံးမှာပါ”ဟု ပြောကြားခဲ့သည်။



တိုက်စစ်မှူး ဗင်နီစီးယက်စ်သည် ယခုနှစ်ဘောလုံးရာသီတွင် အသင်းအတွက် ပြိုင်ပွဲစုံ ၁၈ ပွဲ ပါဝင်ကစားခဲ့ရာတွင် သွင်းဂိုး ၁၂ ဂိုးသွင်းယူနိုင်ခဲ့ပြီး အသင်းအနေဖြင့် အမှတ်ပေးပြိုင်ပွဲတွင် ရမှတ် ၃၀ ရရှိခဲ့ကာ အဆင့်(၁)မှ ဘာစီလိုနာအသင်းနှင့် တစ်ပွဲလျော့ ရမှတ်လေးမှတ်ကွာဟနေသောကြောင့် ချန်ပီယံဆုကို ကာကွယ်နိုင်ရန် အခြေအနေကောင်းနေကြောင်း သိရသည်။

**Ref : ESPN**

**Trs : ML**

# MFF Basic Futsal Referee Course 2/2024
## သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ




**ရန်ကုန် နိုဝင်ဘာ ၂၆**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ဒိုင်ကော်မတီ၊ ဒိုင်ဌာနတို့ ပူးပေါင်းဖွင့်လှစ်သော MFF Basic Futsal Referee Course 2/2024 သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းရှိ သတင်းစာရှင်းလင်းပွဲခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းဆင်းပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ဦးထွန်းထွန်းအောင်၊ ဒိုင်ကော်မတီဥက္ကဋ္ဌ ဦးလှုတင့်၊ ဖူဆယ်နှင့် သဲသောင်ပြင် ကော်မတီဥက္ကဋ္ဌ ဦးဝင်းသော်၊ ကော်မတီဒုတိယဥက္ကဋ္ဌ ဦးနိုင်သောင်းထိုက်၊ မြန်မာနေရှင်နယ်လိဂ် အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်၊ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ သင်တန်းဆင်းပွဲအခမ်းအနားတွင် မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်၊ ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီ ဥက္ကဋ္ဌ ဦးဝင်းသော်တို့က သင်တန်းဆင်းအမှာစကားပြောကြားခဲ့ပြီး သင်တန်းဆင်း လက်မှတ်များကို ပေးအပ်ခဲ့ကြပြီးနောက် အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကာ အခမ်းအနားကိုရုပ်သိမ်းခဲ့သည်။

အဆိုပါ MFF Basic Futsal Referee Course 2/2024 သင်တန်းကို နိုဝင်ဘာ ၂၀ ရက်မှ ယနေ့ထိ သင်တန်းသား ၁၉ ဦးနှင့် သင်တန်းသူတစ်ဦးတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

STA

# Stefan Edberg Sportsmanship Awardဆု
## ဆန်ခါတင်စာရင်း၌ စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်ပါဝင်လာ

**လန်ဒန် နိုဝင်ဘာ ၂၆**

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် အခြေစိုက်သည့် ATP အဖွဲ့ချုပ်က ယခုနှစ်အတွက် Stefan Edberg Sportsmanship Award ဆု ဆန်ခါတင်စာရင်းကို ထုတ်ပြန်ကြေညာခဲ့ရာ ၂၀၂၃ ခုနှစ်က Stefan Edberg Sportsmanship Award ဆုကို ဆွတ်ခူးခဲ့သည့် စပိန်တင်းနစ် ကစားသမား အယ်ကာရက်ဇ် ပါဝင်လာခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့အဆင့်(၃) နေရာတွင် ရပ်တည်နေသည့် စပိန်ဂေါက်သီးရိုက်ကစားသမား အယ်ကာရက်ဇ်သည် ယခုနှစ်အတွင်း စွမ်းဆောင်ရည်ပိုင်း အတက်အကျမြန်ဆန်ခဲ့သော်လည်း ပထမရာသီဝက်တွင် အောင်မြင်မှုများစွာ ဆွတ်ခူးထားသူဖြစ်သည်။

သို့သော်လည်း Stefan Edberg Sportsmanship Award ဆုသည် အောင်မြင်မှုထက် အားကစားစိတ်ဓာတ်ပြည့်ဝမှုကို ဦးစားပေးရွေးချယ်သည့်ဆုဖြစ်ပြီး ဆန်ခါတင်စာရင်းတွင် အယ်ကာရက်ဇ်နှင့်အတူ ဘူလ်ဂေးရီးယားတင်းနစ်ကစားသမား ဒီမီထရော့ဗ်၊ နော်ဝေတင်းနစ်ကစားသမား ကပ်စပါရုဒ်နှင့် ဩစတြီးယားတင်းနစ်ကစားသမား ဒိုမီနစ်သမ်းတို့ ပါဝင်လာခဲ့သည်။

အသက် ၂၁ နှစ်အရွယ် အယ်ကာရက်ဇ်သည် ပရော်ဖက်ရှင်နယ်တင်းနစ်လောကသို့ စတင်ဝင်ရောက်လာပြီးကတည်းက ပါဝင်ယှဉ်ပြိုင်ခဲ့သော ပြိုင်ပွဲများတွင် အားကစားသမား စိတ်ဓာတ်အပြည့်အဝဖြင့် ယှဉ်ပြိုင်ကစားခဲ့သလို ရှုံးသည်ဖြစ်စေ၊ နိုင်သည်ဖြစ်စေ အစဉ်အမြဲ ပြုံးရွှင်နေခဲ့ပြီး ပြိုင်ဘက်ကစားသမားနှင့် ပရိသတ်များကိုလည်း တစ်စုံတစ်ရာ အနှောက်အယှက်ဖြစ်သည့် အပြုအမူမျိုး ပြုမူခဲ့ဖူးခြင်းမရှိသည့် ကစားသမား ဖြစ်သည့်အတွက်ကြောင့်လည်း ၂၀၂၃ ခုနှစ်တွင် Stefan Edberg Sportsmanship Award ဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။



သို့သော်လည်း အယ်ကာရက်ဇ်အနေဖြင့် ယခုနှစ် တင်းနစ်ရာသီတွင် Cincinnati Open တင်းနစ်ပြိုင်ပွဲ၌ ပြင်သစ်တင်းနစ်ကစားသမား မွန်ဖီးလ်နှင့် ကစားခဲ့သောပွဲစဉ်တွင် ဒေါသအလျောက် တင်းနစ်ရိုက်တံအား ရိုက်ချိုးခဲ့သည့်အပြုအမူ တစ်ကြိမ်ပြုမူခဲ့ဖူးသည့်အတွက် ၎င်းအနေဖြင့် Stefan Edberg Sportsmanship Award ဆုကို ဆွတ်ခူးနိုင်ရန် ယမန်နှစ်လောက် သေချာသည့်အနေအထားမျိုး မဟုတ်ကြောင်းလည်း သိရသည်။

Ref : Xinhua
Trs : AZL

# AFF Mitsubishi Electric Cup 2024 ပြိုင်ပွဲအတွက်
## မြန်မာ့လက်ရွေးစင်အသင်း၏ ပဏာမကစားသမားစာရင်းထုတ်ပြန်

**ရန်ကုန် နိုဝင်ဘာ ၂၆**

မြန်မာ့လက်ရွေးစင် အသင်းနည်းပြ ဦးမျိုးလှိုင်ဝင်းက AFF Mitsubishi Electric Cup 2024 ပြိုင်ပွဲအတွက် မြန်မာ့လက်ရွေးစင်အသင်း၏ ပဏာမကစားသမားစာရင်းကို ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင် အသင်းသည် AFF Mitsubishi Electric Cup 2024 ပြိုင်ပွဲတွင် အုပ်စု(B)၌ ဗီယက်နမ်အသင်း၊ လာအိုအသင်း၊ အင်ဒိုနီးရှားအသင်း၊ ဖိလစ်ပိုင်အသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေပြီး အိမ်ကွင်းအဝေးကွင်းစနစ်အရ အိမ်ကွင်းတွင် နှစ်ပွဲကစားရမည်ဖြစ်ပြီး အုပ်စုပွဲစဉ်များမှ အင်ဒိုနီးရှားအသင်းနှင့် လာအိုအသင်းတို့ပွဲစဉ်ကို အိမ်ကွင်း သုဝဏ္ဏအားကစားကွင်း၌ ကစားရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်း၏ ပဏာမကစားသမားစာရင်းတွင် ဂိုးသမားနေရာ၌ ဆန်းဆက်နိုင်၊ ပြည့်ဖြိုးသူ၊ နေလင်းထက်၊ ဇင်ညီညီအောင်၊ ခံစစ်ကစားသမားနေရာတွင် သူရိန်စိုး၊ ရဲလင်းထက်၊ ဟိန်းဖြိုးဝင်း၊ အောင်ဝဏ္ဏစိုး၊ သက်ဟိန်းစိုး၊ နန္ဒကျော်၊ လတ်ဝေဖုန်း၊ သီဟထက်အောင်၊ စိုးမိုးကျော်၊ ကွင်းလယ်ကစားသမားနေရာတွင် ဥက္ကာနိုင်၊ ဝေလင်းအောင်၊ ဇော်ဝင်းသိန်း၊ ခင်ရဲဝင်း၊ မြတ်ကောင်းခန့်၊ ခွန်ကျော်ဇင်ဟိန်း၊ ရဲရင့်အောင်၊ နေမိုးနိုင်၊ အောင်နိုင်ဝင်း၊ သီဟဇော်၊ မောင်မောင်လွင်၊ လွင်မိုးအောင်၊ ဟိန်းထက်အောင်၊ တိုက်စစ်ကစားသမားနေရာတွင် အောင်ကောင်းမာန်၊ ဝင်းနိုင်ထွန်း၊ သန်းပိုင်နှင့် ရန်ကျော်ထွေးတို့ ပါဝင်ခဲ့ကြကြောင်း သိရသည်။

STA

# 2024 PGA Tour Player of the Year ဆု ဆန်ခါတင်စာရင်းတွင် မက်အီလ်ရွိုင်း၊
## စကော့တီရှက်ဖလာနှင့် ရှောင်ဖီလီတို့ ပါဝင်လာ

**ဝါရှင်တန် နိုဝင်ဘာ ၂၆**

အမေရိကန်နိုင်ငံ အခြေစိုက် PGA Tour အဖွဲ့ချုပ်က 2024 PGA Tour Player of the Year ဆု ဆန်ခါတင်စာရင်းကို ထုတ်ပြန်ကြေညာခဲ့ရာ အမေရိကန်ဂေါက်သီးရိုက် ကစားသမားများဖြစ်ကြသည့် စကော့တီရှက်ဖလာ၊ ရှောင်ဖီလီနှင့် မြောက်အိုင်ယာလန်ဂေါက်သီးရိုက် ကစားသမား မက်အီလ်ရွိုင်းတို့ ပါဝင်လာကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

စကော့တီရှက်ဖလာက ယခုနှစ် ဂေါက်သီးရိုက်ရာသီကို ကမ္ဘာ့အဆင့်(၁)နေရာဖြင့် အဆုံးသတ်နိုင်ခဲ့ပြီး ရှောင်ဖီလီက ကမ္ဘာ့အဆင့်(၂)၊ မက်အီလ်ရွိုင်းက ကမ္ဘာ့အဆင့်(၃)နေရာတို့တွင် အသီးသီး ရပ်တည်နိုင်ခဲ့ကြသည်။

မက်အီလ်ရွိုင်းသည် ဆန်ခါတင်စာရင်းတွင် ပါဝင်လာသော်လည်း စကော့တီရှက်ဖလာ၊ ရှောင်ဖီလီတို့ဖြင့်ယှဉ်ပါက ရရှိထားသည့် အောင်မြင်မှုနည်းပါးနေသည့်အတွက်ကြောင့် 2024 PGA Tour Player of the Year ဆု ဆွတ်ခူးနိုင်ရေးအတွက် စကော့တီရှက်ဖလာနှင့် ရှောင်ဖီလီတို့က အပြိုင်အဆိုင် ရေပန်းစားလျက်ရှိသည်။

ဆန်ခါတင်စာရင်းဝင် ကစားသမားသုံးဦးအား ဒီဇင်ဘာ ၄ ရက်တွင် နောက်ဆုံးထားမဲပေးသွားမည်ဖြစ်ပြီးဆုရရှိသူစာရင်းကို နှစ်မကုန်မီ ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ကြောင်းလည်း PGA Tour က ကြေညာခဲ့သည်။

စကော့တီရှက်ဖလာ သည် ယခုနှစ်အတွင်း ပဲရစ်အိုလံပစ်ရွှေတံဆိပ်ဆုအား ဆွတ်ခူးခဲ့သလို PGA Tour တွင် ဆုဖလားခုနစ်လုံးထိရရှိထားပြီး Masters ဂေါက်သီးရိုက်ပြိုင်ပွဲ၌ ချန်ပီယံဆုအား ဒုတိယအကြိမ်မြောက် ဆွတ်ခူးခဲ့သည်။

ရှောင်ဖီလီအနေဖြင့် ယခုနှစ်ဂေါက်သီးရိုက်ရာသီအတွင်း အဓိကဆုဖလား နှစ်လုံးထိဆွတ်ခူးထားပြီး မက်အီလ်ရွိုင်းက PGA Tour ဆုဖလားတစ်လုံး၊ နှစ်ယောက်တွဲပြိုင်ပွဲဖြစ်သည့် Zurich Classic ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးထားကြောင်း သိရသည်။

Ref : Xinhua
Trs : AZL

# ဝီလီယမ်စကူလ်ကို ရှီရှကင်နှင့်
## မကျေပွဲထိုးသတ်ရန် IBF အဖွဲ့ချုပ် ညွှန်ကြား

**နယူးဂျာစီ နိုဝင်ဘာ ၂၆**

အမေရိကန်နိုင်ငံ နယူးဂျာစီပြည်နယ်အခြေစိုက် အပြည်ပြည်ဆိုင်ရာ လက်ဝှေ့ဖက်ဒရေးရှင်း (IBF)က IBF စူပါမစ်ဒယ်ဝိတ်တန်း ယာယီကမ္ဘာ့ချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် လက်ရှိယာယီချန်ပီယံဖြစ်သူ ကျူးဘားလက်ဝှေ့သမား ဝီလီယမ်စကူလ်အား ရုရှားလက်ဝှေ့သမား ရှီရှကင်နှင့် မကျေပွဲထိုးသတ်သွားရန် ညွှန်ကြားလိုက်ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဝီလီယမ်စကူလ်နှင့် ရှီရှကင်တို့သည် ယခုနှစ် အောက်တိုဘာ ၁၄ ရက်တွင် ဂျာမနီနိုင်ငံ ဖော်ကင်စီမြို့တွင်ထိုးသတ်ခဲ့ရာ ဒိုင်အမှတ်ဖြင့် ဝီလီယမ်စကူလ်က အနိုင်ရရှိကာ ယာယီကမ္ဘာ့ချန်ပီယံဖြစ်လာခဲ့သော်လည်း အဆိုပါစိန်ခေါ်ပွဲရလဒ်သည် အငြင်းပွားဖွယ်ရာရလဒ်ဖြစ်ခဲ့ပြီး ဝေဖန်မှုများစွာဖြင့် ရင်ဆိုင်ခဲ့ရသည့် ရလဒ်ဖြစ်ခဲ့သည်။

ယင်းပွဲစဉ်တွင် ရှီရှကင်က ၁၂ ချီစလုံး၌ ဖိအားပေးထိုးသတ်နိုင်ခဲ့သလို ထိရောက်သောထိုးချက်များဖြင့် ဝီလီယမ်စကူလ်အား ခံစစ်ဖြင့်သာ တုံ့ပြန်စေနိုင်ခဲ့သော်လည်း အမှတ်ပေးဒိုင်များ၏ အမှတ်ပေးမှုအရ ရှီရှကင်က ရှုံးနိမ့်သွားခဲ့ပြီးနောက် ပရိသတ်များအပြင် လက်ဝှေ့ကျွမ်းကျင်သုံးသပ်သူများကလည်း ရလဒ်အပေါ်ဝေဖန်ခဲ့ကြသည်။

လက်ရှိအချိန်အထိ အငြင်းပွားနေဆဲဖြစ်သည့်အတွက် IBF က မကျေပွဲစဉ်ထိုးသတ်ရန် ညွှန်ကြားခဲ့ခြင်းဖြစ်ပြီး ရက်ပေါင်း ၃၀ အတွင်း စာချုပ်တွင် လက်မှတ်ရေးထိုးနိုင်ရေးအတွက် နှစ်ဖက်ကစားသမားများအကြား ဆွေးနွေးညှိနှိုင်းမှု ပြုလုပ်သွားရမည်ဖြစ်ကြောင်း သိရသည်။

ရှီရှကင်ကလည်း မကျေပွဲစဉ်ထိုးသတ်သွားရန်အတွက် စိန်ခေါ်မှုများပြုလုပ်ထားပြီး မကျေပွဲစဉ်တွင် ပထမအကြိမ်တွေ့ဆုံစဉ်က မျှတသည့်ဆုံးဖြတ်ချက်မျိုးပေါ်ထွက်မလာစေရန် မျှော်လင့်ကြောင်းလည်း ရှီရှကင်က ပြောကြားခဲ့သည်။

စည်းမျဉ်းအရ ဝီလီယမ်စကူလ်သည် ယာယီချန်ပီယံဖြစ်သွားပြီဖြစ်သည့်အတွက် ကမ္ဘာ့ချန်ပီယံကို စိန်ခေါ်ထိုးသတ်ခွင့်ရပြီဖြစ်သော်လည်း IBF အဖွဲ့ချုပ်၏ ညွှန်ကြားချက်အရ ရှီရှကင်နှင့် မကျေပွဲစဉ်ကို သေချာပေါက်လက်ခံထိုးသတ်ရတော့မည်ဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : AZL

# ကိုရိုးကွန့်၏ တက္ကသိုလ်သူဝတ္ထုကို လေ့လာခြင်း

**ပုသိမ်အောင်သန်းဦး**

ဆရာကိုရိုးကွန့်က သူ့ဝတ္ထုကို ဤသို့နိဒါန်းပျိုးသည်။ စိန်လွန်တူးသမားများ အလုပ်လုပ်သည့် တောတောင်ကြီးများသို့ ဧည့်သည်များလာရောက်လေ့မရှိ၊ ဘဝတူ စိန်လွန်တူးသမားများနှင့် အနီးဝန်းကျင်မှ ရွာသားတချို့သာ လာလေ့ရှိသည်။ တောထဲတွင် ပင်ပန်းကြမ်းတမ်းစွာအလုပ်လုပ်ကြရသည်မို့ အဝတ်နှင့်ပတ်သက်၍လည်း ဂရုစိုက်ဝတ်ဆင်စရာမလိုပေ။

ဤနေ့က မှဲ့ဆန်း၏အဝတ်သည် စိန်လွန်တူးသမားအုပ်စုတွင် အနုပ်ဆုံးဖြစ်သည်။ နက်ပြာရောင် ဇင်အင်္ကျီဖြစ်သော်လည်း လက်မောင်းနှစ်ဖက်က ပြဲပေါက်ကာ ပြတ်နေသည်။ ဘောင်းဘီရှည်သည်လည်း ထို့အတူပင် ခြေသလုံးနှစ်ဖက်က စုတ်ပြဲနေသဖြင့် အောက်ပိုင်းကိုစုတ်ဖြဲထားရာ ဘောင်းဘီရှည်မှ ဘောင်းဘီတိုအဖြစ်သို့ ကူးပြောင်းသွားလေပြီ။ ထို့ပြင် မူလနက်ပြာရောင်မှာ နေစားထားသဖြင့် အရောင်တွေပျောက်နေလေပြီ။

ဦးဘဲနှုတ်သည် လက်ထောက်လွန်တူးအင်ဂျင်နီယာ(၂) လွန်တူးအဆိုင်းတာဝန်ခံ၊ မှဲ့ဆန်းသည် လွန်တူး(၄) လွန်တူးစက်အော်ပရေတာ၊ ညွန့်သစ်သည် လွန်တူး(၃) လက်ထောက်အော်ပရေတာ၊ ရဖီးနှင့် ချမ်းဘော်သည် လွန်တူး(၁) လွန်တူးအကူများဖြစ်သည်။

ဖြစ်ချင်တော့ ဤနေ့က ချော်တွင်းကုန်းရွာမှ ကောင်စီအတွင်းရေးမှူး ဦးကျောက်ချပ်နှင့်အတူ မိန်းမလှလေးငါးဦး သူတို့ စိန်လွန်တူးရာ တောထဲသို့ ရောက်ရှိလာကြသည်။ မူလလာစဉ်က ချော်တွင်းကုန်းရွာရှိ သူတို့သူငယ်ချင်းဆရာမထံ လာလည်ရာမှ ပျော်ပွဲစားထွက်ရင်း တောင်ပေါ်တွင် စိန်လွန်တူးစက်များရှိသည်။ စိန်လွန်တူးလုပ်ငန်းရှိသည်ကို သိရှိပြီး ကျေးရွာကောင်စီအတွင်းရေးမှူး၏ အကူအညီဖြင့် ရောက်ရှိလာကြခြင်းဖြစ်သည်။ လေးဦးမှာ တက္ကသိုလ်ကျောင်းသူတွေဖြစ်ကြသည်။ ကင်မရာလွယ်ထားသော အပြာရောင်ဝတ်စုံနှင့် အမျိုးသမီးမှာ အလှဆုံးဟု မှဲ့ဆန်းက မှတ်ချက်ချမိသည်။

ကိုရိုးကွန့်သည် သူ့စိန်လွန်တူးစက်ကြီးနှင့်ပတ်သက်၍ ပြောပြချင်သဖြင့် တက္ကသိုလ်ကျောင်းသူလေးများ တောထဲရောက်လာပုံပြသည်။ မှဲ့ဆန်းမှာ အဝတ်အစားအဟောင်းအစုတ်များကြောင့် ရှက်နေပုံ၊ ဤသို့လာမည်မှန်းသိလျှင် ဝတ်စုံအသစ်ကို ယူဝတ်လာပါရဲ့ဟု နောင်တရစကားဆိုဟန်ကို ဖွဲ့ပြသည်။ စာဖတ်သူက မှဲ့ဆန်းမှာ ဇာတ်လိုက်ဖြစ်၍ အပြာရောင်ဝတ်စုံနှင့် ကင်မရာလွယ်ထားသူ မိန်းကလေးမှာ ဇာတ်လိုက်မင်းသမီးဖြစ်မည်ဟု ခန့်မှန်းကြသည်။

တက္ကသိုလ်ကျောင်းသူများက စိန်လွန်တူးစက်ကြီးအကြောင်းမေးသောအခါ လက်ထောက်အင်ဂျင်နီယာ ဦးဘဲနှုတ်က မှဲ့ဆန်းကို ရှင်းပြဖို့တာဝန်ပေးသည်။ မှဲ့ဆန်းမှာ မနေသာတော့ စိန်လွန်တူးစက်ကြီးအကြောင်း ရှင်းပြရတော့သည်။

"ဒီစက်ကြီးကို လွန်တူးစက်လို့ ခေါ်ပါတယ်။ မစ်ဆူဘီရှီကုမ္ပဏီက ထုတ်ပါတယ်။ လောင်းရီးယားကုမ္ပဏီကထုတ်တဲ့ စက်တွေလဲရှိပါတယ်။ ကုမ္ပဏီကတော့ အမျိုးစုံပါပဲ။ ဒီစက်ရဲ့ ဘယ်ဘက်ပိုင်းဟာ အင်ဂျင်ပိုင်းဖြစ်ပြီး ညာဘက်ပိုင်းဟာ စိန်လွန်တူးတဲ့ အပိုင်းဖြစ်ပါတယ်။"

"စိန်လွန်တူးတယ်ဆိုတာ စိန်တွေကို တူးယူတာလား"ဟု ကျောင်းသူတွေက မေးသည်။ မှဲ့ဆန်းက သဘောပေါက်အောင်ရှင်းပြ၏။

"မဟုတ်ပါဘူး။ တူးတာကတော့ ကျောက်သားနဲ့ မြေသားတွေကို တူးတာပါပဲ။ ကျောက်သားတွေကို စိန်စီထားတဲ့ လွန်သွားနဲ့တူးတာမို့ စိန်လွန်တူးခြင်းလို့ ခေါ်ပါတယ်။ မြေသားနဲ့ ကျောက်ပျော့တွေကို တမ်စတင်ကာဗိုက်လွန်သွား၊ ငါးကြင်းမြီးလွန်သွား၊ ရိုထရီဘစ်၊ ချော့ပ်ပင်းသစ် စတာတွေနဲ့ တူးပါတယ်။"

"ကျောက်တွေကို ဘာလုပ်ဖို့လဲဟင်"

"ကျောက်တွေမှာ သတ္တုစွဲဝင်နေပါတယ်။ အဲဒီကျောက်တွေကို ကြည့်ပြီး ဘူမိဗေဒပညာရှင်တွေက သတ္တုသိုက်ရဲ့ပမာဏနဲ့ အရည်အသွေးကို တွက်ချက်ရပါတယ်။ ဒါကြောင့် နမူနာကြည့်ရှုဖို့ ကျောက်တွေကို တူးတာပါ။ စိန်လွန်သွားနဲ့တူးတဲ့အခါ ဆလင်ဒါပုံ လွန်တူးစာတောင့်တွေ ထွက်လာပါတယ်။ ဟို... သေတ္တာထဲမှာ အကန့်လိုက်ထည့်ထားတဲ့ ကျောက်တောင့်တွေဟာ ဒီစက်ကြီးနဲ့တူးလို့ရတာတွေပေါ့။ အဲဒီကျောက်တောင့်တွေဟာ အင်န်အရွယ်အစားပါ။ အကြီးဆုံးပေါ့။ သူ့ထက်ငယ်တဲ့ ဘီအရွယ်အစားနဲ့ အေအရွယ်အစားတွေ ရှိပါသေးတယ်။ ကျင်းနက်လာလေ အရွယ်အစားသေးပြီး တူးရလေပါပဲ..."

"ဒါဆိုရင် လွန်တူးလုပ်ငန်းဟာ ခတ်သတ္တုရှာဖွေရေးလုပ်ငန်းမှာပဲ သုံးတာပေါ့နော်..."

**❖စိန်လွန်တူးသမားအုပ်စု တောထဲတောင်ထဲတွင် ကိုမှဲ့ဆန်းနှင့် မနွေဦးတို့အကြောင်း စိတ်ဝင်တစားဖြစ်လာကြသည်။ မှဲ့ဆန်းကို ရန်ကုန်သွားစေချင်ကြသည်။ မနွေဦးနှင့် ဆုံစေချင်ကြသည်။ တစ်နေ့ ရန်ကုန်ရုံးချုပ်သို့ လွန်တူးစက်တစ်လုံးပြန်ပို့ရန် ကိစ္စပေါ်လာသည်။ အများက မှဲ့ဆန်းကို ရန်ကုန်သို့လိုက်ပါဖို့ ဆန္ဒပြုကြသည်။ သို့သော် ရန်ကုန်တွင် တည်းခိုရန်ခက်ခဲသဖြင့် မှဲ့ဆန်းအခက်တွေ့နေစဉ် စက်ကြီးကို တာဝန်ခံသယ်ယူသွားရမည့် လက်ထောက်အင်ဂျင်နီယာ ဦးစိတ်ဖြူက သူနဲ့လိုက်ခဲ့ပါ၊ သူ့အိမ်မှာတည်းပါဆိုသဖြင့် လိုက်ပါခဲ့သည်။ ❖**

"မကဘူးဗျ၊ ရေနံရှာဖွေရေးတို့၊ ရေလှောင်တမံတည်ဆောက်ရေးတို့၊ စက်ရေတွင်းတူးဖော်ရေးတို့မှာလည်း သုံးပါတယ်။ တံတားကြီးတွေ၊ ဥမင်လိုဏ်ခေါင်းတွေ၊ မျှော်စင်ကြီးတွေ စတဲ့တည်ဆောက်ရေးလုပ်ငန်းတွေမှာ အင်ဂျင်နီယာတွေနဲ့ ပူးတွဲလုပ်ကိုင်ရပါတယ်။ အောက်ခံမြေလွှာကိုကြည့်ချင်တဲ့လုပ်ငန်းမှန်သမျှ ကျွန်တော်တို့လွန်တူးလုပ်ငန်းဟာ မပါရင် မပြီးဘူးခင်ဗျ..."

"ကျောက်တွေကို ဘယ်လိုတူးပြီး ဘယ်လိုထုတ်ယူပါသလဲရှင့်..."

"ဒါအတွက်ကတော့ ဟိုမှာပုံထားတဲ့လွန်တူးပိုက်တွေသုံးရပါတယ်၊ လွန်တူးစက်မှာ ပိုက်တွေတပ်ဆင်တယ်၊ စက်နဲ့လှည့်ရင် လွန်တူးပိုက်တွေ လည်လာတယ်၊ လွန်တူးပိုက်ရဲ့ထိပ်မှာ ကိုးဘာရယ်လ်ခေါ်တဲ့ သံပိုက်ရှည်တစ်ချောင်းတပ်ထားတာရှိပါတယ်၊ ကိုးဘာရယ်လ်ရဲ့ထိပ်မှာ စိန်လွန်သွား တပ်ထားတယ်။ စိန်လွန်နဲ့ဖြတ်လို့ရတဲ့ ကျောက်တောင့်တွေကို ကိုးဘာရယ်လ်ထဲမှာ ထိန်းသိမ်းထားတာပေါ့။ လွန်တူးပိုက်တွေ တစ်ချောင်းပြီးတစ်ချောင်းဆက်ပြီး တူးသွားပါတယ်၊ ဟိုမှာပုံထားတဲ့ သံပိုက်တွေကို ကေစင်လို့ခေါ်ပါတယ်။ တူးထားတဲ့လွန်ကျင်းနံရံတွေပြိုမကျအောင် ကေစင်ပိုက်တွေချပြီး ကာကွယ်ပါတယ်။

ဆရာကိုရိုးကွန့်သည် လွန်တူးစက်အကြောင်း မှဲ့ဆန်းကို အသေးစိတ်ရှင်းပြစေသည်။ ထိုသို့ရှင်းပြပြီး ဆရာဦးဘဲနှုတ်က မှဲ့ဆန်းကို စက်နှိုးခိုင်းကာ လက်တွေ့ပြသစေသည်။ မှဲ့ဆန်းတို့အဖွဲ့တွေ အလုပ်လုပ်နေပုံကို အပြာရောင်ဝတ်စုံနှင့်မိန်းကလေးက ဓာတ်ပုံတွေရိုက်ယူသည်။ ထို့နောက် စုပေါင်းပုံရိုက်သည်။ စုပေါင်းပုံတွင် မိန်းကလေးက မှဲ့ဆန်းနံဘေးတွင် ရပ်ရဲ့သား။

ပြန်ခါနီးတွင် အပြာရောင်မိန်းကလေးက မှဲ့ဆန်းကိုကြည့်ကာ စကားဆိုသည်။

"စိတ်မဆိုးရင်ပြောချင်တယ်၊ ရှင့်နဖူးက မှဲ့ကြီးကြောင့် ရှင့်ကို မှဲ့ဆန်းလို့ခေါ်တယ်ထင်တယ်၊ ဒီမှဲ့ကြောင့် ရှင့်မျက်နှာဟာ ဆွဲဆောင်မှုရှိတယ်လို့ ပြောပါရစေနော်..."

ဆရာကိုရိုးကွန့်သည် စိန်လွန်တူးစက်ကြီးအကြောင်းရေးပြရင်း အပြာရောင်မိန်းကလေးနှင့် မှဲ့ဆန်းတို့အကြောင်းကိုလည်း စိတ်ဝင်စားဖွယ်ပုံဖော်ရေးပြသည်။ တစ်နေ့တွင် သူတို့လုပ်ငန်းခွင်သို့ အပြာရောင်မိန်းကလေးက ဓာတ်ပုံတွေတစ်ထုပ်ကြီး ပို့လိုက်သည်။ ထို့ပြင် စာတစ်စောင်လည်း ပူးတွဲပါလာသည်။ ထိုစာကို ချမ်းဘော်က ဖတ်ပြသည်။

ကိုမှဲ့ဆန်းတဲ့။ ကိုမှဲ့ဆန်းအမည်ကိုသာ မှတ်မိတာမို့ ခေါင်းစဉ်တပ်ရေးလိုက်ရသော်လည်း အားလုံးကို သတိရပါတယ်တဲ့။ ကိုမှဲ့ဆန်းအမည်ကိုတော့ မဦးက ဘယ်တော့မှမမေ့ပါဘူး...တဲ့...အစရှိသည့်စာကိုဖတ်ရသောအခါ စိန်လွန်တူးသမားအုပ်စုက ရန်ကုန်တက္ကသိုလ်က မဦးဆိုသည့်မိန်းကလေးနှင့် မှဲ့ဆန်းတို့ကို နီးစပ်စေချင်ကြသည်။ မဦး၏စာအောက်ဆုံးတွင် ရန်ကုန်ရောက်ရင်ဝင်ခဲ့ပါ၊ အခန်း(----)အင်းယားဆောင်ဆိုရင် ရပါတယ်တဲ့။

စိန်လွန်တူးသမားအုပ်စု တောထဲတောင်ထဲတွင် ကိုမှဲ့ဆန်းနှင့်မနွေဦးတို့အကြောင်း စိတ်ဝင်တစားဖြစ်လာကြသည်။ မှဲ့ဆန်းကို ရန်ကုန်သွားစေချင်ကြသည်။ မနွေဦးနှင့်ဆုံစေချင်ကြသည်။ တစ်နေ့ ရန်ကုန်ရုံးချုပ်သို့ လွန်တူးစက်တစ်လုံး ပြန်ပို့ရန်ကိစ္စပေါ်လာသည်။ အများက မှဲ့ဆန်းကို ရန်ကုန်သို့လိုက်ပါဖို့ ဆန္ဒပြုကြသည်။ သို့သော် ရန်ကုန်တွင် တည်းခိုရန်ခက်ခဲသဖြင့် မှဲ့ဆန်းအခက်တွေ့နေစဉ် စက်ကြီးကို တာဝန်ခံသယ်ယူသွားရမည့် လက်ထောက်အင်ဂျင်နီယာ ဦးစိတ်ဖြူက သူနဲ့လိုက်ခဲ့ပါ၊ သူ့အိမ်မှာ တည်းပါဆိုသဖြင့် လိုက်ပါခဲ့သည်။

ရန်ကုန်ရောက်တော့ နောက်တစ်နေ့ အင်းယားဆောင်သို့သွားကာ မနွေဦးကို မန္တလေးမှ ဝင်ဝယ်လာသော ထိုးမုန့်နှင့် လက်ဆောင်ပစ္စည်းများပေးသည်။ မနွေဦးက နောက်တစ်နေ့ ၁၁ နာရီခန့် လာခဲ့ပါ၊ ဧည့်ခံချင်ပါသည်။ တက္ကသိုလ်အတွင်းလည်း လိုက်ပြချင်ပါသည်ဟုဆိုသည်။

နောက်တစ်နေ့ နံနက် ၁၁ နာရီသာသာခန့်တွင် မနွေဦးက သူ့သူငယ်ချင်းအမျိုးသမီးတစ်ဦးနှင့်အတူ ရန်ကုန်တက္ကသိုလ်တွင်းရှိ စီးပွားရေးတက္ကသိုလ်ထဲဝင်၍ ယုဒသန်ရိပ်သာကို လက်ညှိုးထိုးပြသည်။

"ကဲ... ခြေထောက်လဲတော်တော်ညောင်းပြီ၊ နေရာတွေလဲစုံပြီဆိုတော့ တစ်ခုခုစားသောက်ကြရအောင်"

"ဒါ ဦးယမ်းဘီလူးဆိုင်ပေါ့။ ဝတ္ထုတွေထဲမှာတော့ ခဏခဏပါတယ်။ ဖတ်ဖူးလား"

မနွေဦးတို့ သူငယ်ချင်းနှစ်ယောက်သည် ဖျော်ရည်သောက်ရင်း စကားဖောင်ဖွဲ့ကြသည်။ သူတို့စကားထဲတွင် မက်ဖက်တာမိတ်ကပ်၊ ရယ်ဗလွန်ရေမွှေး၊ လင်ဆာနှင့် တိုယိုတာ၊ ဟိုင်းလတ်၊ အီးတီနှင့် စတားဝါး၊ မာတ်တူမတ်နှင့် ကိုလံဘို၊ ဖိုးအိုတူးနှင့် ကျူတိုရီရယ် စသဖြင့် အကြောင်းအရာတွေ စုံလွန်းလှသည်။ ဘေးနားတွင်ထိုင်နေသော မှဲ့ဆန်းကိုဖုတ်လေသည့်ငါးပိ ရှိလေသည်မထင်၊ မြန်မာမလေးနှစ်ဦးသည် မြန်မာလိုတွတ်ထိုးနေရာမှ အင်္ဂလိပ်စကားတွေ ကြားညှပ်ဝင်လာသည်။ ထိုစကားများကို မြန်မာလို ဘာသာပြန်ရလျှင်–

"မဦးရေ တောတွင်းသား ပျင်းနေပြီ၊ စကားပြောစရာအဖော်မရှိဖြစ်နေပြီ"

"တောတွင်းသားက မပျင်းပါဘူး၊ ပတ်ဝန်းကျင်ကို အတော်စိတ်ဝင်စားနေတယ်၊ တို့နဲ့သူနဲ့က ပညာအဆင့်အတန်းမတူဘူး၊ တန်းတူပြောလို့မရဘူး..."

"အို...တောတွင်းသားက ပညာမတတ်ဘူးလား"

"ပညာတတ်ရင် တောထဲမှာ နေပါ့မလား၊ တောထဲသွားပြီး ပင်ပင်ပန်းပန်း အလုပ်လုပ်နေတာဟာ အဆင့်အတန်းနိမ့်လို့ပေါ့ကွာ၊ သူ့ကို အီးတီဆိုတဲ့ သတ္တဝါသိသလားလို့မေးကြည့်ပါ၊ နွားတစ်ကောင်ကို မေးတာလို့ ထင်နေလိမ့်မယ်"

မှဲ့ဆန်းမသိစေချင်၍ အင်္ဂလိပ်လိုပြောနေကြခြင်းဖြစ်သည်။ မှဲ့ဆန်းအကြောင်းပြောခြင်းမဟုတ်သလိုဟန်ဆောင်နေကြသည်။ တစ်နေရာကိုကြည့်ပြီး ရယ်နေကြသည်။ မှဲ့ဆန်းလည်း ရယ်ချင်ပါသည်။ သူတို့ပြောတာလောက်တော့ မှဲ့ဆန်းနားလည်သည်။ ပြောတတ်သည်။ သို့သော် မရယ်မိ၊ ခံပြင်းသည်။ ဒေါသရိပ်တို့ တငွေ့ငွေ့တက်လာသည်။ တောထဲမှလူအားလုံးကို အဆင့်အတန်းမရှိဟု ပြောဆိုခြင်းအပေါ်ပြန်လည်ထိုးနှက်ချင်သည်။

ဆတ်ကနဲမတ်တတ်ရပ်လိုက်သည်။ ပြောရန်အားယူသည်။

"အို... မလုပ်နဲ့ မလုပ်သင့်ဘူး"

ဦးနှောက်က အချိန်မီသတိပေးသည်။ ယခုပြောလျှင် နှစ်ဦးစလုံးအရှက်ရသွားမည်၊ စိတ်လိုက်မာန်ပါ ပြောမိသော် ဒေါသစကားတွေ ပါသွားနိုင်သည်။ အခြေအနေသည် ရုတ်ရုတ်သည်းသည်းဖြစ်နိုင်သည်။

"မြို့ထဲကို သွားစရာကိစ္စတစ်ခုရှိလို့ ကျွန်တော့်ကို ခွင့်ပြုကြပါအုံးဗျာ၊ မနွေဦးတို့ ပြောစရာရှိတာ ဆက်ပြောကြပါ"

ဆရာ ကိုရိုးကွန့်သည် သူ့ဇာတ်ကောင်ကို အချိန်မီချွန်းအုပ်နိုင်ခဲ့သည်။ ပညာရှိအမျက် အပြင်မထွက်နှင့်ဟု ထိန်းထားခိုင်းခဲ့သည်။

"ဓာတုဗေဒ အဓိကယူတဲ့ မဦးရေ မက်ဖက်တာမိတ်ကပ်အကြောင်းတော့ ကိုယ်မသိဘူး၊ ကက်စနာကဲလနားနည်းစဉ်သုံးပြီး ကော့စတစ်ဆိုဒါထုတ်နည်းတော့သိတယ်၊ တိုယိုတာ၊ ဟိုင်းလတ်တစ်စီးရဲ့တန်ဖိုးကို မသိဘူး၊ ပလက်တီနမ်ရဲ့ အက်တမ်အမှတ်စဉ်"၇၈" ဆိုတာတော့သိတယ်၊ အီးတီကို မရင်းနှီးဘူး၊ ရှူသာဖို့ရဲ့ အက်တမ်သီအိုရီနဲ့တော့ ရင်းနှီးခဲ့တယ်...ကိုယ်လဲ စာပေးစာယူ စတုတ္ထနှစ်ရောက်နေတဲ့ တက္ကသိုလ်ကျောင်းသားပါပဲ မဦးရယ်၊ ကိုယ့်လိုအလုပ်တစ်ဖက်နဲ့ တက္ကသိုလ်ပညာဆည်းပူးနေသူတွေဟာ တောတောင်တွေ ကျေးလက်တွေမှာ အများကြီးပါ"

စိန်လွန်တူးစက်ကြီးအကြောင်း သရုပ်ဖော်ပြရင်း မနွေဦးနှင့်မှဲ့ဆန်းတို့ရဲ့ ဇာတ်လမ်းလေးကိုတွဲပြီး ရသပေါ်အောင်ဖွဲ့နွဲ့ပြသွားသည့် ဆရာကိုရိုးကွန့်ကို လေးစားမိပါသည်။

**ကိုးကား**

**– ကိုရိုးကွန့်၏ ၁၉၈၄ ခုနှစ် စာပေဗိမာန် ဝတ္ထုတိုပေါင်းချုပ် ပထမဆုရ "စိန်လွန်တူးသမား၏ အဖွင့်အပိတ်တံခါး"ဝတ္ထုတိုများမှ**

# ကိုယ့်အတ္တနဲ့ကိုယ် ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်း မိတ်ဆက်ပွဲပြုလုပ်



**ရန်ကုန် နိုဝင်ဘာ ၂၆**

Film 3H Art Production က ရိုက်ကူးထုတ်လုပ်မည့် ကိုယ့်အတ္တနဲ့ကိုယ် ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်း မိတ်ဆက်ပွဲကို နိုဝင်ဘာ ၂၅ ရက်က ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် M3 Food Center ၌ ပြုလုပ်ခဲ့ကြောင်း အဆိုပါရုပ်ရှင်ဇာတ်ကားတွင် အဓိကသရုပ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်မည့် သရုပ်ဆောင် အေးချမ်းမောင်က ပြောပြ၍ သိရသည်။

ကိုယ့်အတ္တနဲ့ကိုယ် ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို အောင်ချမ်းလူက ရေးသားထားကာ အောင်ချမ်းလူကပင် ဇာတ်ညွှန်းခွဲထားပြီး ဒါရိုက်တာအဖြစ် Film 3H Art Production အတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

"အတ္တတစ်ခုက အရမ်းကျွံသွားရင် မကောင်းဘူးပေါ့။ တကယ်တော့လေ လူတိုင်းမှာ အတ္တကိုယ်စီရှိကြပါတယ်။ ဒီကားက တမြည့်မြည့်လောင်တဲ့ ဇာတ်လမ်းလေးပါ။ အတ္တကတော့ လူတိုင်းမှာရှိကြပါတယ်။ ကောင်းတဲ့ အတ္တဆိုရင်တော့တစ်မျိုးပေါ့။ တကယ်တော့ အတ္တနည်းတာကတော့ အကောင်းဆုံးပါပဲ"ဟု သရုပ်ဆောင်အေးချမ်းမောင်က ပြောပြသည်။

ကိုယ့်အတ္တနဲ့ကိုယ် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်အေးချမ်းမောင်၊ ကျော်ထက်အောင်၊ ညီနန္ဒ၊ ဇင်မျိုး၊ ခင်ဝင့်ဝါ၊ တင်ဇာဝင်းပြည့်၊ ခင်မို့မို့အေး၊ သာသာ၊ မြတ်အမရာ၊ ယွန်းဝတီလှိုင်၊ ကလေးသရုပ်ဆောင် ဟိန်းသီရိစံနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သရုပ်ဆောင် အေးချမ်းမောင်က ပြောပြ၍ သိရသည်။ ASH

# September-5 ဇာတ်ကားရုံတင်ရက် Paramount ကုမ္ပဏီ နောက်ဆုတ်

**နယူးယောက် နိုဝင်ဘာ ၂၆**

September-5 အမည်ရှိ ရုပ်ရှင်ဇာတ်ကားသစ် ရုံတင်မည့်ရက်ကို Paramount ကုမ္ပဏီက ယခုနှစ် ဒီဇင်ဘာ ၁၁ ရက်ထိ နောက်ဆုတ်ထားကြောင်း နိုဝင်ဘာ ၂၅ ရက် သတင်းများအရ သိရသည်။

Paramount ကုမ္ပဏီသည် မူလက September-5 ဇာတ်ကားကို ယခုနှစ် နိုဝင်ဘာ ၂၆ ရက်တွင် ရုံတင်ရန် စီစဉ်ထားသည်။

September-5 ဇာတ်ကားသည် ၁၉၇၂ ခုနှစ် မြူနစ်နွေရာသီ အိုလံပစ်ပွဲတော်အတွင်း အစ္စရေးအားကစားသမားများ ဓားစာခံအဖြစ် ဖမ်းဆီးခံရမှုဖြစ်စဉ်ကို နောက်ခံထားရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။

September-5 ဇာတ်ကားကို ဒါရိုက်တာ တင်ဖေးဘောင်းက တာဝန်ယူရိုက်ကူးပေးထားသည်။

ယခင်ဇာတ်ကားတွင် မင်းသား ဂျွန်မာဂါရို၊ ပီတာဆားဂ့်နှင့် မင်းသမီး လီယွန်နီဘီးနက်တို့က အဓိက ဇာတ်ကောင်များအဖြစ် ပါဝင်သရုပ်ဆောင်ထားသည်။

Paramount ကုမ္ပဏီသည် ဗြိတိသျှပေ့ါအဆိုတော် ရော့ဘီဝီလျံ၏ ဘဝအတ္ထုပ္ပတ္တိဇာတ်ကားဖြစ်သော Better Man ဇာတ်ကားရုံတင်မည့်ရက်ကိုလည်း သီတင်းတစ်ပတ်ရွှေ့တိုး၍ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် ရုံတင်ပြသရန် စီစဉ်ထားကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**




# နေပြည်တော်တွင် ကျင်းပမည့် ၂၀၂၄ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားအတွက် ရွေးကြိုမောင်မယ်များကို စတင်ခေါ်ယူ

**ရန်ကုန် နိုဝင်ဘာ ၂၆**

နေပြည်တော်တွင် ကျင်းပမည့် ၂၀၂၄ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားအတွက် ရွေးကြိုမောင်မယ်များကို စတင်ခေါ်ယူပြီဖြစ်ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

အဆိုပါ ရွေးကြိုအကယ်ဒမီဆုဗန်းကိုင် မောင်မယ်များအဖြစ် လျှောက်ထားလိုသူများအနေဖြင့် ယနေ့မှစတင်ပြီး ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဝဏ်ဘာလမ်းရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး(ဗဟို)တွင် လျှောက်လွှာထုတ်ယူရမည်ဖြစ်ကာ ဒီဇင်ဘာ ၆ ရက် ညနေ ၄ နာရီ မတိုင်မီ နောက်ဆုံးထားကာ လျှောက်လွှာတင်ရမည်ဖြစ်ကြောင်း သိရသည်။

"၂၀၂၄ ခုနှစ် အကယ်ဒမီထူးချွန်ဆုပေးပွဲအတွက် အကယ်ဒမီဗန်းကိုင် ရွေးကြိုမောင်မယ်လျှောက်လွှာတွေကို စတင်ထုတ်ယူနိုင်ပါပြီ။ စည်းကမ်းသတ်မှတ်ချက်တွေနဲ့ ကိုက်ညီသူတွေ လျှောက်လွှာတင်လို့ရပါတယ်။ ဒီဇင်ဘာ ၃၁ ရက်မှာ အသက် ၁၆ နှစ် ပြည့်ပြီးသူကနေ အသက် ၂၅နှစ် မကျော်လွန်သူဖြစ်ရမှာပါ။ ရွေးကြိုလျှောက်သူတွေက ကျန်းမာရေးကောင်းမွန်သူ၊ အကျင့်စာရိတ္တကောင်းမွန်သူ၊ ကိုယ်ခန္ဓာ အချိုးအစားပြေပြစ်သူဖြစ်ရပါ့မယ်။ သတ်မှတ်ထားတဲ့ရက်ကို နောက်ဆုံးထားပြီး လျှောက်လွှာတင်ရမှာပါ။ ဒီနှစ်မှာတော့ အကယ်ဒမီဗန်းကိုင်ရွေးကြို ယောကျ်ားလေး ၁၀ ယောက်၊ မိန်းကလေး ၁၀ ယောက် စုစုပေါင်းအယောက် ၂၀ ရွေးချယ်သွားမှာပါ။ ရွေးချယ်ခံရတဲ့ ရွေးကြိုမောင်မယ်တွေအတွက် ရှေ့ဆက်ရမဲ့အနုပညာလုပ်ငန်းအစီအစဉ်တွေလဲ သီးခြားစီစဉ်ထားပါတယ်"ဟု ဦးအေးကြူလေးက ပြောပြသည်။



ယခင်နှစ်က ရွေးကြိုမောင်မယ်များကို တွေ့ရစဉ်။

ရွေးကြိုမောင်မယ်များကိုအကဲဖြတ်ဒိုင်များအနေဖြင့် သရုပ်ဆောင် ရန်အောင်၊ ရဲအောင်၊ စိုးမြတ်သူဇာ၊ မေသန်းနု စသည့်ဝါရင့်အနုပညာရှင်များက စိစစ်ရွေးချယ်မှုများကို လုပ်ဆောင်သွားမည်ဖြစ်ပြီး ၂၀၂၄ ခုနှစ် မြန်မာ့ရုပ်ရှင် အကယ်ဒမီထူးချွန်ဆုပေးပွဲကို လာမည့် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလတွင် ချီးမြှင့်ပေးအပ်သွားရန် လျာထားဆောင်ရွက်နေကြောင်း သိရသည်။ ASH

# Frontier Crucible ဇာတ်ကား၌ မင်းသား ဝီလျံအိတ်မာစီ ပါဝင်လာ

**နယူးယောက် နိုဝင်ဘာ ၂၆**

Frontier Crucible အမည်ရှိ ရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသား ဝီလျံအိတ်မာစီလည်း ပါဝင်ထားကြောင်း နိုဝင်ဘာ ၂၅ ရက် သတင်းများအရ သိရသည်။

Frontier Crucible ဇာတ်ကားတွင် မင်းသား ဝီလျံအိတ်မာစီသည်မင်းသားသောမတ်ဂျိမ်းအာမီဟမ်မားတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Frontier Crucible ဇာတ်ကားသည် အမေရိကန်နိုင်ငံ အနောက်ပိုင်း မြင်းစီးသေနတ်သမားများလောကကို နောက်ခံထားရိုက်ကူးမည့်အက်ရှင်ဇာတ်ကားဖြစ်ပြီး အဆိုပါဇာတ်ကားကို The Pemdragon Cycle ဒါရိုက်တာ ထရာဗစ်ဖေးက တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

လက်ရှိတွင် Frontier Cruci-ble ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုကို အရီဇိုးနားပြည်နယ်၌ စတင်နေပြီဖြစ်သည်။

Frontier Crucible ဇာတ်ကားရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် ကိုချစ်ပု ကျောက်ကပ်ရောဂါဖြင့် ကွယ်လွန်

**ရန်ကုန် နိုဝင်ဘာ ၂၆**

ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် ကိုချစ်ပု ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး (ဂန္ဓီဆေးရုံကြီး) အထူးကြပ်မတ်ကုသဆောင်တွင် ကျောက်ကပ်ရောဂါဖြင့် နိုဝင်ဘာ ၂၅ ရက် နံနက်ပိုင်းက ကွယ်လွန်သွားပြီဖြစ်ကြောင်း ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် ကိုချစ်ပု၏ ညီမဖြစ်သူ မခိုင်မာဝင်းထံမှ သိရသည်။

ကွယ်လွန်ချိန်တွင် အသက် ၄၅ နှစ်ရှိပြီဖြစ်သည့် ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် ကိုချစ်ပုသည် ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားပေါင်းများစွာတွင် ဇာတ်ရံ၊ ဟာသသရုပ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်ခဲ့သူဖြစ်ပြီး ကျောက်ကပ်ရောဂါဝေဒနာကြောင့် သရုပ်ဆောင်လုပ်ငန်းများကို လွန်ခဲ့သည့် ခုနစ်နှစ်ခန့်ကပင် ရပ်နားထားခဲ့သူဖြစ်ကြောင်း သိရသည်။

"ကိုကြီးက ကျောက်ကပ်ရောဂါဖြစ်နေတာ ကြာပါပြီ။ အခုမနက် ၇ နာရီ ၁၀ မိနစ်က ဂန္ဓီဆေးရုံမှာ ဆုံးသွားပါပြီ။ ကိုကြီးက ပျော်ပျော်နေတတ်သူဆိုတော့ တော်တော်စိတ်မကောင်း ဖြစ်ရပါတယ်"ဟု မခိုင်မာဝင်းက ပြောပြသည်။

ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် ကိုချစ်ပု၏ နာရေးဈာပနကို နိုဝင်ဘာ ၂၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ (၆၇)ရပ်ကွက် နေအိမ်မှ နေ့လယ် ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ကြောင်း သိရသည်။ ASH

# ChaungU Township cultivates over 1,000 acres of winter sunflowers



A thriving winter sunflower plantation.

**ChaungU November 26**

A total of 1,305 acres of sunflowers have been planted in this winter crops planting season in ChaungU Township, Monywa District, Sagaing Region, according to statistics from the Department of Agriculture for ChaungU Township.

During the 2024-2025 winter crops planting season, 2,760 acres of winter sunflowers are planned to be planted in ChaungU Township, and since October this year, 1,305 acres have been planted.

"We are working to reach the target area. In order to reduce the palm oil imported from abroad, we are expanding the cultivation of sunflower, which is an oilseed crop. Sunflower, which is an oil crop, produces more oil per acre than other peanuts and sesame," said Daw Khin Myat Myat Oo, head of the Department of Agriculture for ChaungU Township.

It is reported that the Department of Agriculture of the township is speeding up educational courses for the expansion of sunflower cultivation in ChaungU Township and training courses are being conducted for the employees and the farmers who will grow sunflowers to improve their performance.

206

# Plan to grow more than 2,000 acres of green gram in Maubin Township

**Maubin November 26**

Arrangements are being made to grow 2,348 acres of green gram in Maubin Township of Ayeyawady Region as cold season crops this winter, said U Zaw Min Tun, Head of Township Department of Agriculture.

Local farmers started cultivation of green gram on 2,348 acres of croplands in Maubin Township n the third week of November. Officials of the Township Agriculture Department will provide necessary aid for local farmers to grow the crops meeting the target cultivation.

U Zaw Min Tun explained: "We will grow 2,348 acres of green gram this winter in Maubin Township. At present, our department helps local farmers grow the crops at cent per cent with agricultural techniques. Moreover, we will cooperate with local farmers in preventing pests in order to boost per-acre yield of crops."

Officials of the Township Agriculture Department assist in selection of quality strains of crops and use of agricultural techniques for increase of per-acre yield.

Kyaw Kyaw Lin



A green gram plantation.

# 140 women killed by partner or family member every day in 2023: UN report

**United Nations November 26**

An average of 140 women and girls were killed every day in 2023 by their partner or a family member, according to a UN report published on Monday.

The report, released by UN Women and the UN Office on Drugs and Crime (UNODC), reveals that femicide, the most extreme form of violence against women and girls, remains pervasive globally, and "the home is the most dangerous place for women and girls."

About 85,000 women and girls were killed intentionally across the world last year. Sixty percent of these deaths, or 51,100, were committed by an intimate partner or a family member, new data show.

Africa recorded the highest rates of intimate partner and family-related femicides, with an estimated 21,700 women killed, followed by the Americas and Oceania.

In Europe and the Americas, most victims were killed by their intimate partners, representing 64 percent and 58 percent of cases, respectively, while elsewhere, close family members were the primary perpetrators.

Despite efforts made in several countries to prevent the killing of women and girls, femicide "remains at an alarmingly high level," the report said.

"We see the numbers in this report as the tip of the iceberg because we know not all women's deaths are recorded and not all causes of death are accurately recorded as femicides, and there were many communities where we couldn't access any information," said Nyaradzayi Gumbonzvanda, UN Women's deputy executive director.

Sima Bahous, UN Women executive director, said that "violence against women and girls is not inevitable -- it is preventable."

She emphasised the need for robust legislation, improved data collection, greater government accountability and a zero-tolerance culture.

Xinhua

# Green pea marketable in Hinthada Township

**Hinthada November 26**

Trading of green pea is good in the domestic market in Hinthada Township of Ayeyawady Region, said Daw Ei Ei Khaing, the owner of pulses and beans trading in Hinthada Township.

Starting from the second week of November, green pea trading is high in Hinthada Township. It fetches K35,000 to K55,000 per 16 pyis bag in the market.

Daw Ei Ei Khaing retold: "Green pea trading in November is higher than last month. Due to rising domestic consumption, green pea trading is booming. At present, merchants trade green pan which were stored last winter. Good trading process helps local people seek job opportunities."

Merchants operate sorting of green pea in Hinthada Township and send it to customers. The pea fetches K152,000 per bag in Yangon market.

Kyaw Kyaw Lin

# Ceasefire deal to enable safe return of northern Israel residents back home: PM spokesperson

**Jerusalem November 26**

David Mencer, a spokesperson at the Israeli Prime Minister's Office, said Tuesday that the upcoming ceasefire agreement between Israel and Lebanon will enable the safe return of the residents of northern Israel to their homes.

The agreement will maintain Israel's freedom of operation in Lebanon to act "in defense to remove Hezbollah's threat," Mencer told Reuters.

The Israeli political-security cabinet is reportedly expected to discuss and approve the ceasefire agreement on Tuesday evening, more than a year after the fighting broke out between Israel and Hezbollah on Oct. 8, 2023.

On Monday, Lebanon's Deputy Parliament Speaker Elias Bou Saab said a ceasefire deal with Israel has become close after a meeting of the Parliament Bureau.

"We are approaching the ceasefire moment. This week or in the next 10 days, there will be a decisive position," Bou Saab said, according to the Lebanese official National News Agency.

But he also noted that the final decision for a ceasefire in Lebanon will be made according to developments in the war field.

According to a statement by the Israel Defense Forces, an Israeli female soldier was seriously injured on Tuesday by a drone fired from Lebanon into the Mount Hermon area, north of the annexed Golan Heights.

Meanwhile, Lebanese security sources told Xinhua that an Israeli infantry force managed on Tuesday to reach the eastern bank of the Litani River in southern Lebanon for the first time since the start of the war.

Israeli warplanes also carried out an airstrike at the Khardali point located on the road linking the Marjeyoun and Hasbaya areas east of southern Lebanon to the city of Nabatieh, deep in southern Lebanon, the sources said.

Since Sept. 23, the Israeli army has intensified its air attack on Lebanon in an escalation of conflict with Hezbollah. Israel further initiated a ground operation across its northern border into Lebanon in early October.

Xinhua

# Pathein District decides to grow more than 4,000 acres of sunflower as cold season crop


A thriving sunflower plantation.

**Pathein November 26**

Arrangements are being made to grow 4,400 acres of sunflower as a cold season crop in Pathein District of Ayeyawady Region this year, said Daw Aye Aye Mu, Head of the District Agriculture Department.

Local farmers started cultivation of sunflower in the third week of November. The Agriculture Department will cooperate with local farmers to meet the target cultivation of sunflower.

Daw Aye Aye Mu clarified: "This cold season, we earmarked cultivation of 4,400 acres of sunflower. We join hands with local farmers in cultivation of sunflower to meet the target cultivation. We help local farmers with agricultural techniques and other necessaries."

In this regard, Pathein Township will grow 354 acres of sunflower, Kangyidaunt Township 1,586 acres, Thabaung Township 2,108 acres, and Ngaputaw Township 352 acres.

Agricultural officials make field trips of sunflower plantations for boosting per acre yield of crops, urging local farmers to systematically use pesticides and fertilizers in the plantations.

Kyaw Kyaw Lin

# Betel leaves in high demand at domestic market in Bogale Township

**Bogale November 26**

Currently, betel leaves from Bogale Township of Ayeyawady Region is in high demand with good trading, said Daw Thuza, the owner of betel leave wholesale centre in Bogale Township.

Demand is high in purchase of betel leaves in Bogale Township from the first week to date. So, merchants sell 1,000 viss of betel leaves per day in the domestic market.

Daw Thuza disclosed: "Now, betel leaves are in high trading in the township. The leave fetches K25,000 per viss. Betel leave trading is high due to demands from domestic market and Mawlamyinegyun Township as well as other regions. Traders ship betel leaves to the customers but they do not have any difficulties in trading."

Betel leave merchants in Bogale Township are selling and dispatching the leaves in systematic packaging to the market. Thanks to booming demand of the leaves, local growers and merchants as well as others in production and trading chains are convenient in their livelihoods.

Kyaw Kyaw Lin


Betel leaves in baskets seen for sale.

# Farmers decide to grow more than 4,000 acres of chilli in Myaungmya Township

**Myaungmya November 26**

A plan is underway to place 4,791 acres of croplands under chilli as cold season crops in Myaungmya Township of Ayeyawady Region, said Daw Khin Htay Myint, Head of Myaungmya District Department of Agriculture.

Local farmers grow chilli in the township in the third week of November this year. Officials of the Township Agriculture Department provide necessary assistance for local farmers to operate cultivation of chilli without any difficulties.

Daw Khin Htay Myint commented: "Efforts are being made to the meet the target cultivation of chilli in the township this year. We have urged local farmers to use marketable and high yield strains of chilli this year. So, farmers choose high quality strains of crops. We help local farmers prevent pests and use agricultural techniques for boosting per-acre yield of crop before growing the crops."

Officials from District and Township Agriculture Departments make field trips to the areas of chilli growers to inspect thriving of crops in order to prevent pests and raise per-acre yield of crops.

Kyaw Kyaw Lin

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Farmers finish cultivation of groundnut in Kalewa Township

**Kalewa November 26**

Statistics of Kalewa Township Agriculture Department stated that local farmers have so far planted 3,326 acres of cold season groundnut in Kalewa Township of Sagaing Region.

In 2024-25 cold season, Kalewa Township earmarked cultivation of 3,716 acres of groundnut but local farmers have so far planted 3,326 acres of crops against the target sown acreage.

U Myo Naing, Head of Kalewa Township Agriculture Department unveiled: "This year, farmers planted more than 3,300 acres of cold season groundnut against the target of more than 3,700 acres. They are trying hard to meet the target cultivation. Groundnut plantations are thriving in the township. Sown acreage of crops is on the rise yearly."

Farmers use 1.5 baskets of groundnut seeds per acre and cost more than K200,000 per acre for seeds, labour charge, fertilizers and pesticides. The crop yields more than 50 baskets per acre.

This year, officials of the Township Agriculture Department make field trips to the groundnut plantations for thriving of crops, prevention of pests and weeding of plantations in order to boost per-acre yield of crops.

206


A vast stretch of groundnut plantations.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန်နိုင်ငံက တောင်ကိုရီးယားလေတပ်၏ F-15K တိုက်လေယာဉ်အုပ်ကို အဆင့်မြှင့်တင်ပေးရန် သဘောတူ



အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသည် တောင်ကိုရီးယားလေတပ်ရှိ F-15K တိုက်လေယာဉ်အုပ်ကို အဆင့်မြှင့်တင်ရန် လိုအပ်သည့်စက်ပစ္စည်းကိရိယာများ ရောင်းချပေးခြင်းနှင့် ဝန်ဆောင်မှုများ ပြုလုပ်ဆောင်ရွက်ပေးခြင်းတို့အတွက် သဘောတူခွင့်ပြုပေးလိုက်ပြီဖြစ်ကြောင်း The Defense Post သတင်းဌာနက နိုဝင်ဘာ ၂၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အမေရိကန်ဒေါ်လာ ၆ ဒသမ ၂ ဘီလီယံတန်ဖိုးရှိ အဆိုပါသဘောတူညီမှုတွင် အဆင့်မြင့် ကွန်ပျူတာစနစ်များ၊ ဝေဟင်ဆီဖြည့်ခြင်းအတွက် ပံ့ပိုးပေးခြင်းများ၊ Active Electronically Scanned Arrays အင်တာနာများ၊ ရေဒါများနှင့် ဒုံးကျည်သတိပေးရေး စနစ်များအပြင် ကြံ့ခိုင်ထိန်းသိမ်းရေး၊ ဆော့ဝဲပိုင်းပံ့ပိုးပေးခြင်းနှင့် လေ့ကျင့်သင်တန်းပေးခြင်းတို့ ဆောင်ရွက်ပေးရန် ပါဝင်မည်ဖြစ်သည်။

အဆိုပါကြိုးပမ်းမှုသည် ဒေသတွင်းရန်လိုမှုများကို ဟန့်တားရန် အရေးကြီးသော လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်ကို တိုးမြှင့်ခြင်းဖြင့် လက်ရှိနှင့် အနာဂတ်ခြိမ်းခြောက်မှုများကို ရင်ဆိုင်ရန် ကိုရီးယားနိုင်ငံ၏ စွမ်းဆောင်ရည်များကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း ကာကွယ်ရေးလုံခြုံရေး ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီက ရှင်းလင်းပြောကြားခဲ့သည်။ အဓိက ကန်ထရိုက်တာ ကုမ္ပဏီများဖြစ်သည့် အမေရိကန်နိုင်ငံမှ Boeing နှင့် Raytheon ကုမ္ပဏီတို့သည် အမေရိကန်နှင့်တောင်ကိုရီးယား နှစ်နိုင်ငံတပ်ဖွဲ့ဝင်များကြား အပြန်အလှန် ပူးပေါင်းဆောင်ရွက်နိုင်စေမည်ဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံသည် လက်ရှိတွင် F-15K တိုက်လေယာဉ် ၅၉ စင်း တပ်တော်ဝင်အသုံးပြုလျက်ရှိပြီး ယခုနှစ်အစောပိုင်းတွင် တိုက်လေယာဉ်များ ခေတ်မီအဆင့်မြှင့်တင်မှုများ ပြုလုပ်သွားရန် အစီအစဉ်ကို ထုတ်ပြန်ကြေညာခဲ့သည်။ ဘတ်ဂျက်သုံးစွဲမှုအနေဖြင့် ကိုရီးယားဝမ် ၃ ဒသမ ၉ ထရီလီယံဖြင့် လာမည့် ၂၀၃၄ ခုနှစ်ထိ တိုက်လေယာဉ်များကို တပ်တော်ဝင်အသုံးပြုနိုင်ရန် မျှော်မှန်းလုပ်ဆောင်သွားမည်လည်း ဖြစ်သည်။

၂၀၂၂ ခုနှစ်တွင် အာရှစစ်အင်အားကြီးနိုင်ငံတစ်နိုင်ငံဖြစ်သော တောင်ကိုရီးယားတပ်မတော်သည် ၎င်း၏လေတပ်ရှိ F-15K တိုက်လေယာဉ်များ၊ လေကြောင်းကြိုတင်သတိပေးရေးနှင့် ထိန်းချုပ်ရေး လေယာဉ်များ (Airborne Early Warning & Control Aircraft)နှင့် Chinook ရဟတ်ယာဉ်များကို အဆင့်မြှင့်တင်ရန်အတွက် အမေရိကန်နိုင်ငံ Boeing ကုမ္ပဏီနှင့် ငါးနှစ်သက်တမ်းကြာ ဆောင်ရွက်မည့် သဘောတူစာချုပ်များ လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

အဆိုပါသဘောတူညီချက်များ တွင် ဝယ်ယူမှု၊ ပို့ဆောင်မှု၊ ကြံ့ခိုင်၊ ပြုပြင်ထိန်းသိမ်းမှု၊ လေ့ကျင့်သင်တန်းပေးမှုနှင့် စီမံခန့်ခွဲမှုတို့အတွက် Boeing ကုမ္ပဏီ၏ ဒေသတွင်းစက်မှုလုပ်ငန်းစုများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း အပါအဝင် အုပ်ချုပ်ရေး၊ ပံ့ပိုးရေးနှင့် ရောင်းချရေး၊ ပို့ဆောင်ရေးလုပ်ငန်းစဉ်များကို အရှိန်မြှင့်တင် ဆောင်ရွက်သွားနိုင်ခြင်းဖြင့် လေယာဉ်များကိုလည်း အဆင့်မြှင့်တင်ရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**US OKs Upgrade of South Korea's F-15K Fleet in $6.2B Deal ကို ဘာသာပြန်ဆိုထားပါသည်။**

## ရုရှားက ယူကရိန်း၏ စစ်ဘက်၊ အရပ်ဘက်နှစ်မျိုးသုံး အရေးကြီးအခြေခံအဆောက်အအုံများကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့

ရုရှားနိုင်ငံသည် လေယာဉ်ကွင်းများနှင့် စွမ်းအင်ဆိုင်ရာ အဆောက်အအုံများ အပါအဝင် ယူကရိန်းစစ်ဘက်၏ အရပ်ဘက်၊ စစ်ဘက် နှစ်မျိုးသုံး အရေးကြီးအခြေခံအဆောက်အအုံများကို ပစ်မှတ်ထားတိုက်ခိုက်မှုများ ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း မော်စကိုမြို့တော်ရှိ ရုရှားနိုင်ငံကာကွယ်ရေးဝန်ကြီးဌာနက နိုဝင်ဘာ ၂၅ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်ဟု ရုရှားနိုင်ငံ RT သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

အဆိုပါ ပေါင်းစပ်တိုက်ခိုက်မှုတွင် ရုရှားနိုင်ငံ စစ်ဆင်ရေး နည်းဗျူဟာမြောက်လေကြောင်းတပ်ဖွဲ့၊ မောင်းသူမဲ့လေယာဉ်များ၊ ဒုံးကျည်များနှင့် အမြောက်တပ်ဖွဲ့များ ပေါင်းစပ်ညှိနှိုင်း၍ တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ရုရှားတပ်မတော်က ထုတ်ပြန်ခဲ့သည်။ ယူကရိန်းနိုင်ငံ စစ်ဘက်စက်မှုဇုန်လုပ်ငန်းများ ကောင်းမွန်စွာ လည်ပတ်နိုင်ရေးပံ့ပိုးရာတွင် အသုံးပြုသည့် လေယာဉ်ကွင်းများ၊ စွမ်းအင်ဓာတ်အားထုတ်လုပ်မှု သိုလှောင်မှု၊ ဖြန့်ဖြူးရေး အဆောက်အအုံများအပြင်၊ နောက်တန်းဌာနချုပ်များရှိ တပ်တည်နေရာများ၊ လက်နက်ခဲယမ်းသိုလှောင်ရုံ စသော ယူကရိန်း စစ်ဘက်ပစ်မှတ် ၁၃၈ ခုကို တိုက်ခိုက်ချေမှုန်းခဲ့ခြင်းဖြစ်ကြောင်း ရုရှားနိုင်ငံကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

ပစ်မှတ်အတိအကျကို ရုရှားစစ်ဘက်က သတ်မှတ်ဖော်ပြထားခြင်းမရှိသော်လည်း ယူကရိန်းနိုင်ငံ မီဒီယာများကမူ ယူကရိန်းမြို့တော် အရှေ့ဘက်ပိုင်းရှိ Kharkov မြို့၊ တောင်ပိုင်း Odessa ဆိပ်ကမ်းမြို့တို့ကို ပစ်မှတ်ထားတိုက်ခိုက်ခံခဲ့ရကြောင်း ရေးသားဖော်ပြခဲ့ကြပြီး ဒုံးကျည်နှင့်ဒရုန်းများ ပေါင်းစပ်တိုက်ခိုက်မှုတွင် Geran-2 ကာမီကာဇယ်တိုက်ခိုက်ရေးဒရုန်း အစင်း ၁၀၀ ကျော် ပါဝင်ခဲ့ကြောင်း သိရသည်။

နိုဝင်ဘာ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ရုရှား-ယူကရိန်း နှစ်နိုင်ငံစလုံးသည် အချင်းချင်း တာဝေးပစ်လွှတ်တိုက်ခိုက်မှုများ အရှိန်မြှင့်လုပ်ဆောင်လာချိန်တွင် ယခုကဲ့သို့ ရုရှားနိုင်ငံ၏ ဒုံးကျည်နှင့် ဒရုန်းပေါင်းစပ် တိုက်ခိုက်မှုသတင်း ထပ်မံထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ မကြာသေးမီက အမေရိကန်ထုတ် ATACMS နှင့် ဗြိတိန်ထုတ် Storm Shadow ခရုဇ် ဒုံးကျည်များကဲ့သို့သော တာဝေးပစ်ဒုံးကျည်စနစ်များအသုံးပြု၍ ယူကရိန်းဘက်က တိုက်ခိုက်လာမှုများကြောင့် ရုရှားတပ်မတော်အနေဖြင့် Oreshnik တာလတ်ပစ် ပဲ့ထိန်းဒုံးကျည်သစ်တစ်စင်း အသုံးပြု၍ လက်တုံ့ပြန်တိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့သည်။



ဒုံးကျည်သစ်ကို ပြီးခဲ့သောတစ်ပတ်အတွင်း ယူကရိန်းနိုင်ငံ Dnepropetrovsk (Dnipro ဟုလည်းခေါ်သည်)မြို့ အခြေစိုက် ဆိုဗီယက်ခေတ် အမွေအနှစ်လက်ကျန်ဖြစ်သည့် Yuzhmashစစ်ဘက်စက်မှုလုပ်ငန်းနေရာများကို အမှတ်မထင်ရုတ်ခြည်းတိုက်ခိုက်ရန်အတွက် အသုံးပြုခဲ့ခြင်းဖြစ်သည်။ ယူကရိန်းပဋိပက္ခမဖြစ်မီက လေယာဉ်အင်ဂျင်များနှင့် ဒုံးကျည်အစိတ်အပိုင်းများကို အဓိကထားထုတ်လုပ်သည့် Yuzhmash စက်ရုံသည် ယခုနောက်ပိုင်းတွင် ယူကရိန်းစစ်လက်နက်ပစ္စည်းကိရိယာအမျိုးမျိုးကို ပြန်လည်ပြုပြင်မွမ်းမံရန် အရေးပါသည့် စစ်ဘက်စက်မှုလုပ်ငန်းများ တည်ရှိရာနေရာလည်းဖြစ်ကြောင်း သိရသည်။

**Russia unleashes coordinated wave of strikes on Ukrainian facilities – MOD ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၀၀၇ ဧက စိုက်ပျိုးပြီးစီး



**တန့်ဆည် နိုဝင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၀၀၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်းရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၀၀၇ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၀၀၇ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ တန့်ဆည်မြို့နယ်မှာ နှမ်း ၂၀၀၇ ဧက စိုက်ပျိုးနိုင်ဖို့လျာထားပါတယ်။ လက်ရှိဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်စေဖို့ GAPနည်းစနစ်တွေနဲ့ စိုက်ပျိုးနိုင်စေဖို့ဆောင်ရွက်ပေးလျက်ရှိပါတယ်" ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဦးဇော်မြင့်ထွန်းကပြောပြသည်။

ယခုနှစ် တန့်ဆည်မြို့နယ်တွင် ဆောင်းနှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်စေရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေး လျက်ရှိကြောင်း သိရသည်။

GAPနည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်းကြောင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများအနေဖြင့် လည်း အကျိုးစီးပွား ပိုမိုဖြစ်ထွန်းလာမည်ဖြစ်ကြောင်း သိရသည်။

(၂၀၆)

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးရှဉ့်ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး နိုဝင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့အောက်တိုဘာလအတွင်း ငါးရှဉ့် ပိဿာချိန် ၈၅၀၀၀ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးဝင်းက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးရှဉ့်ပိဿာချိန်၆၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်ထိ ငါးရှဉ့် ပိဿာချိန် ၈၅၀၀၀ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"အခုလက်ရှိငါးရှဉ့်တွေ သိသိသာသာ ဝယ်ယူမှုအားကောင်းခဲ့ပါတယ်။ ပြည်ပ ငါးရှဉ့်တင်ပို့တဲ့ လုပ်ငန်းတွေ ပြန်လည်လည်ပတ်လုပ်ကိုင်လာတာကြောင့် ငါးရှဉ့် ဝယ်ယူမှုအားကောင်းလာတာပါ။ တစ်လအတွင်း ငါးရှဉ့်ပိဿာချိန် ၈၅၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ ရောင်းချနိုင်ခဲ့ပါတယ်။ ဘိုကလေးမြို့နယ်က ထွက်ရှိတဲ့ ငါးရှဉ့်တွေ ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချနေတာ ဖြစ်ပါတယ်။ အခုလို ငါးရှဉ့်ရောင်းအားကောင်းလာတော့ ငါးရှဉ့်မွေးမြူရေးပွဲရုံပိုင်ရှင်တွေနဲ့ လုပ်သားတွေ၊ ငါးရှဉ့် ရှာဖွေဖမ်းဆီးသူတွေ အဆင်ပြေလာတာ တွေ့ရပါတယ်"ဟု ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးဝင်းက ပြောပြသည်။



ဘိုကလေးမြို့နယ်မှ ရေထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များက ဒေသထွက်ရေထွက်ကုန်များ ရန်ကုန်ဈေးကွက်သို့အဓိက တင်ပို့ရောင်းချလျက်ရှိကြောင်း၊ လက်ရှိ ငါးရှဉ့်တစ်ပိဿာလျှင် ငွေကျပ် ၁၆၅၀၀ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ရေနံချောင်းမြို့နယ် ဘူးကျွန်းမြောက်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ပြီးစီးမှုစစ်ဆေး

**ရေနံချောင်း နိုဝင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဘူးကျွန်းမြောက်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်း ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို နိုဝင်ဘာ ၂၅ ရက်က တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူးဦးအေးထွန်းမင်းနှင့်ဝန်ထမ်းများက ဘူးကျွန်းမြောက်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်ဘီး လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ရပ်မိရပ်ဖများ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီး လုပ်ငန်းများ ရေရှည်တည်တံ့ ခိုင်မြဲအောင် အားလုံးဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေး မှာကြားသည်။

ဘူးကျွန်းမြောက်ကျေးရွာ၌ တစ်ဖက်လျှင် လမ်းအရှည်၁၀၀၅ ပေ၊အကျယ်သုံးပေ၊ အမြင့် ခြောက်လက်မစီရှိ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)ရန်ပုံ ငွေကျပ်၁၅သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၂ဒသမ ၆၅သန်း စုစုပေါင်း ငွေကျပ် ၁၇ ဒသမ ၆၅သန်း အသုံးပြုကာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်း ပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ဩဂုတ်လဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း၊ အဆိုပါလမ်းပြီးစီးပြီသဖြင့် ဘူးကျွန်းမြောက်ကျေးရွာရှိ အိမ်ခြေ ၁၁၆ အိမ်၊ လူဦးရေ ၄၈၆ဦးတို့ အတွက် ရာသီမရွေးသွားလာမှု အဆင်ပြေလွယ်ကူစေမည် ဖြစ်ကြောင်း သိရသည်။

နော်လူး




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၆-၁၁-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| ရွှေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၇၀၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၃၄၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၇၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၀၃၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၂၃၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားများလေ့ကျင့်နေမှု ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ကြည့်ရှုအားပေး




**နေပြည်တော် နိုဝင်ဘာ ၂၆**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယနေ့နံနက်ပိုင်းတွင် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားများ လေ့ကျင့်နေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် လယ်ဝေးမြို့နယ် မိုးလုံလေလုံအားကစားရုံ၌ ဝန်ကြီးဌာနကိုယ်စားပြု အမျိုးသားပိုက်ကျော်ခြင်းအသင်း အားကစားသမားများ လေ့ကျင့်နေမှုကိုလည်းကောင်း၊ ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ အမျိုးသားဘော်လီဘောအသင်း အားကစားသမားများနှင့် အမျိုးသား၊ အမျိုးသမီးပြေးခုန်ပစ်အသင်း အားကစားသမားများ လေ့ကျင့်နေမှုတို့ကိုလည်းကောင်း ကြည့်ရှုအားပေးသည်။

ထိုသို့ကြည့်ရှုအားပေးစဉ် ပြည်ထောင်စုဝန်ကြီးက အားကစားသမားများကိုရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ အသင်းအဖွဲ့စိတ်ဓာတ်၊ အားကစားစိတ်ဓာတ်ဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် အားကစားသမားများဖြစ်အောင် အလေးထားကြိုးစားလေ့ကျင့်သွားရန်မှာကြားပြီး ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်ခဲ့သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ကိုယ်စားပြု အားကစားသမား စုစုပေါင်း ဦးရေ ၉၀ သည် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် အမျိုးသားဘောလုံး၊ အမျိုးသားဘော်လီဘော၊ အမျိုးသားပိုက်ကျော်ခြင်း၊ အမျိုးသား၊အမျိုးသမီး ပြေးခုန်ပစ်နှင့် အမျိုးသားဂေါက်သီးရိုက် စသည့်အားကစားနည်း ငါးမျိုး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပဉ္စမအကြိမ်မြောက် အာဆီယံအမျိုးသမီးရေးရာဝန်ကြီးအဆင့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း တက်ရောက်




**နေပြည်တော် နိုဝင်ဘာ ၂၆**

အာဆီယံအတွင်းရေးမှူးချုပ်ရုံးက ကြီးမှူး၍ မြန်မာနိုင်ငံကအိမ်ရှင်အဖြစ်ကျင်းပသော ပဉ္စမအကြိမ်မြောက် အာဆီယံအမျိုးသမီးရေးရာဝန်ကြီးအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ (5thASEAN Ministerial Meeting on Women–5th AMMW and Related Meetings)၏ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် M.Gallery ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ ပဉ္စမအကြိမ်မြောက် အာဆီယံအမျိုးသမီးရေးရာဝန်ကြီးအဆင့် အစည်းအဝေးအလှည့်ကျဥက္ကဋ္ဌ မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအဖွဲ့ဝင်များ၊ အာဆီယံ ဒုတိယအတွင်းရေးမှူးချုပ်၊ အာဆီယံအမျိုးသမီးကော်မတီ(ACW)နှင့် အာဆီယံအမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးနှင့်မြှင့်တင်ရေးကော်မရှင်(ACWC) ကိုယ်စားလှယ်များ၊ ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ရန်ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ကျား၊မရေးရာ ထည့်သွင်းစဉ်းစားခြင်းနှင့် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်းတို့သည် ယခုအစည်းအဝေး၏ ရည်မှန်းချက်များသာမက မိမိတို့အာဆီယံဒေသတွင် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှု၊လူမှုရေးတရားမျှတမှုနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့ကိုရရှိရန်အတွက် မရှိမဖြစ်လိုအပ်သော မဟာဗျူဟာများဖြစ်ပါကြောင်း။

ထို့ပြင် အာဆီယံအသိုက်အဝန်းမျှော်မှန်းချက်၂၀၄၅ သည် ငြိမ်းချမ်းပြီးအားလုံးပါဝင်နိုင်သော၊ ရေရှည်တည်တံ့ခိုင်မြဲသည့် ဒေသတစ်ခုဆီသို့ ဦးတည်သည့်လမ်းကြောင်းကိုရေးဆွဲထားပြီး ကျား၊မတန်းတူညီမျှရေးကို ရည်မှန်းချက်များ၏ အခြေခံအဖြစ်ထားရှိသည်ကို တွေ့ရပါကြောင်း။

အာဆီယံ အမျိုးသမီးကော်မတီ(ACW) နှင့်အာဆီယံအမျိုးသမီးနှင့်ကလေးသူငယ်အခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးနှင့်မြှင့်တင်ရေးကော်မရှင်(ACWC)တို့သည် ကျား၊မတန်းတူညီမျှရေးနှင့် အမျိုးသမီးအခွင့်အရေးများကို အထောက်အကူပြုသော လုပ်ငန်းစဉ်များကို မောင်းနှင်ရာတွင် အရေးပါသော အခန်းကဏ္ဍမှပါဝင်ခဲ့ပြီး ၎င်းတို့၏ လုပ်ငန်းစီမံချက်များနှင့် ဆောင်ရွက်ချက်များသည် မိမိတို့ဒေသတွင် သိသာထင်ရှားသော တိုးတက်မှုအတွက် အခြေခံအုတ်မြစ်ကို ချမှတ်ပေးနိုင်ခဲ့ပါကြောင်း။


လာမည့်ရက်များတွင် ဆက်လက်ကျင်းပမည့် အစည်းအဝေးများမှ ထွက်ပေါ်လာမည့် ဆွေးနွေးမှုများသည် ပိုမိုအကျိုးဖြစ်ထွန်းစေမည့် ရလဒ်များရရှိမည်ဟု မျှော်လင့်မိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အာဆီယံဒုတိယအတွင်းရေးမှူးချုပ် ဦးစံလွင်က video message ဖြင့် အမှာစကားပြောကြားသည်။

ဆက်လက်၍ (၂၉)ကြိမ်မြောက်အာဆီယံကလေးသူငယ်အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးနှင့်မြှင့်တင်ရေးကော်မရှင်အစည်းအဝေး၊(၁၁)ကြိမ်မြောက် အာဆီယံအမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးနှင့်မြှင့်တင်ရေးကော်မရှင်အစည်းအဝေးနှင့် အာဆီယံအမျိုးသမီးကော်မတီညှိနှိုင်းအစည်းအဝေး၊ (၂၃)ကြိမ်မြောက် အာဆီယံအမျိုးသမီးကော်မတီအစည်းအဝေး၊ (၁၆)ကြိမ်မြောက် အာဆီယံ အမျိုးသမီးကော်မတီနှင့် အာဆီယံ+၃နိုင်ငံများအစည်းအဝေးနှင့် (၅)ကြိမ်မြောက် အာဆီယံအမျိုးသမီးရေးရာဝန်ကြီးများအဆင့် အစည်းအဝေးတို့ကို နိုဝင်ဘာ ၂၆ ရက်မှ ၂၉ ရက်ထိ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**၂၆-၁၁-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် (၁၇:၃၀ )နာရီအချိန် တိုင်းထွာချက်အရ အားကောင်းသောမုန်တိုင်းငယ်လမ်းကြောင်းပြမြေပုံ**




### ❑ အားကောင်းသောမုန်တိုင်းငယ်မှ

အားကောင်းသောမုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နိုဝင်ဘာ ၂၇ ရက်တွင် ဆိုင်ကလုန်းမုန်တိုင်း(Cyclonic Storm)အဖြစ်သို့ ပိုမိုအားကောင်းလာနိုင်ကာ ထိုမှတစ်ဆင့် မြောက်-အနောက်မြောက်ဘက်သို့ဆက်လက်ရွေ့လျားနိုင်ပြီး နောက်နှစ်ရက်အတွင်း အိန္ဒိယနိုင်ငံ တမီးလ်နာဒူးကမ်းခြေနှင့် သီရိလင်္ကာနိုင်ငံကမ်းခြေအနီးတို့သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်၏အရှိန်ကြောင့် နိုဝင်ဘာ ၂၈ ရက်မှ ၃၀ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲမိုးရွာနိုင်သည်။

**(မိုး/ဇလ)**

**အိမ်ပြင်ပ၌ ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# အမျိုးသားပရဆေးဥယျာဉ်အတွင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း လှည့်လည်ကြည့်ရှုစစ်ဆေး



**နေပြည်တော် နိုဝင်ဘာ ၂၆**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့ ညနေပိုင်းတွင် အမျိုးသားပရဆေးဥယျာဉ်သို့သွားရောက်၍ ပရဆေးဥယျာဉ်အတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှု၊ ဆေးဖက်ဝင် ပရဆေးပျိုးပင်များ ပြုစုထိန်းသိမ်းထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ပရဆေးဥယျာဉ်အတွင်းရှိ လျှို့ပိတ်ဆည်ရေကန် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး ထိန်းသိမ်းဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးအား တာဝန်ရှိသူများက တိုင်းရင်းဆေးပညာပြတိုက်အတွင်း နယကြီးလေးပါးဆိုင်ရာ ပြသထားမှု၊ ရေထွက်၊ မြေထွက်၊ အပင်ထွက် ဆေးပစ္စည်းများထားရှိမှု၊ တိုင်းရင်းဆေးဝါး စက်ရုံထုတ်ဆေးဝါးများ ပြသထားရှိမှု၊ တိုင်းရင်းဆေးပညာဦးစီးဌာနက အသိပညာပေးထုတ်ဝေထားရှိသော စာအုပ်များ၊ လက်ကမ်းစာစောင်များကို စုစည်းထားရှိမှုတို့ကို လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နရသုခပျိုးဥယျာဉ်အတွင်း ပရဆေးပင်များ မျိုးထိန်းထားရှိမှု၊ အာဆီယံနိုင်ငံများမှ ခေါင်းဆောင်များ အမှတ်တရစိုက်ပျိုးထားသည့် အပင်များထိန်းသိမ်းထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အမျိုးသားပရဆေး ဥယျာဉ်အား ပြည်သူလူထုအနေဖြင့် တိုင်းရင်းဆေးပညာဆိုင်ရာ ဗဟုသုတရရှိစေပြီး အပန်းလည်းဖြေစေနိုင်သည့် ဥယျာဉ်ကြီးတစ်ခုဖြစ်စေရေး ဆောင်ရွက်သွားရန်၊ အမျိုးသားပရဆေးဥယျာဉ်ကို Master plan ရေးဆွဲထိန်းသိမ်းထားရှိရန်၊ ပရဆေးစိုက်ခင်းပြကွက်များကို အကွက်ချစိုက်ပျိုးသွားရန်၊ မြေ၊ ရေ၊ ရာသီဥတုနှင့် ကိုက်ညီမှုမရှိသည့် စိုက်ပျိုးရန်ခက်ခဲသည့် ဆေးဖက်ဝင်အပင်များအား Green house စနစ်ဖြင့် စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊ နှီးနွှယ်ဝန်ကြီးဌာနများမှ ပညာရှင်များနှင့်ပူးပေါင်းဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နေပြည်တော်ကောင်စီနယ်မြေအတွင်း တည်ဆောက်ရေးလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၂၆**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် ဒုတိယဝန်ကြီး ဦးဝင်းဖေနှင့်အတူ ယနေ့တွင် နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ လမ်း၊ တံတားများပြုပြင်ထိန်းသိမ်းခြင်း၊ အဆင့်မြှင့်တင်တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်နေသည့် အခြေအနေတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်-မန္တလေးပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ်(၂၄၅/၇)ရှိ နဝင်းချောင်းတံတား(အဆုံ) လုပ်ငန်းခွင်အတွင်းရောက်ရှိစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက တံတားရေတိုက်စားမှုမရှိစေရေး စနစ်တကျတွက်ချက်၍ မြေထိန်းနံရံ၊ မြေကာနံရံများ အခိုင်အမာတည်ဆောက်ရန်၊ လုပ်ငန်းများသတ်မှတ်ချက်နှင့်အညီ အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ရန်၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး အလေးထား ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ထို့နောက် ကင်းသာလမ်းဆုံသို့ရောက်ရှိပြီး ရေတိုက်စား၍ ပျက်စီးခဲ့သည့်လမ်းအပိုင်းအားပြုပြင်ဆောင်ရွက်ထားရှိမှု၊ လမ်းပခုံးများနှင့်မြေထိန်းနံရံအနိမ့်(Toe Wall) များဆောင်ရွက်ပြီးစီးမှု၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေထုတ်မြောင်းများဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့ပတ်လမ်းပေါ်ရှိ ဆင်သေချောင်းတံတား(သိုက်ချောင်း)သို့ ရောက်ရှိစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးကလုပ်ငန်းလိုအပ်ချက်များမှာကြားကာ ရေလယ်တိုင်နိမ့်ကျသည့်အပိုင်းကို အဆင့်ဆင့်လုပ်ငန်းဆောင်ရွက်နေမှု၊ တံတားရက်မနှင့်ကြမ်းခင်းများဆောင်ရွက်နေမှု၊ အခိုင်အမာချဉ်းကပ်လမ်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး





သည် ဆောက်လုပ်ရေးဝန်ကြီးဌာန စုဝေးခန်းမ၌ကျင်းပသည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ပြီး ဂုဏ်ပြုအမှာစကား ပြောကြားသည်။

အခမ်းအနားတွင် လမ်းပန်းဆက်သွယ်ရေးနှင့် မြို့ပြဆိုင်ရာ လိုအပ်ချက်တာဝန်များကို ကိုယ်ရောစိတ်ပါ စေတနာထား၍ တာဝန်ထမ်းဆောင်ခဲ့သူများ၊ အလုပ်တာဝန်များကို တာဝန်သိစိတ်ဖြင့် ကျေပွန်စွာကြိုးစား တာဝန်ထမ်းဆောင်ခဲ့သူများနှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်ရှိ သင်တန်းများတွင်တက်ရာက်ပြီး ဝန်ကြီးဌာန၏ဂုဏ်တက်စေရေးထူးချွန်ဆုရရှိအောင် ကြိုးစားခဲ့သူများကိုဂုဏ်ပြုဆုများချီးမြှင့်ရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်တို့က ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ပြီး နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာကို အရာထမ်း၊ အမှုထမ်းများနှင့် အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ နဝမနေ့တွင် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲ ၆၉၄ တွဲ ရောင်းချနိုင်ခဲ့





**နေပြည်တော် နိုဝင်ဘာ ၂၆**

၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် MSME လုပ်ငန်းရှင်များကို အားပေးမြှင့်တင်ရန် ရည်ရွယ်၍ ပြည်တွင်းရတနာကုန်သည်များ သာဝယ်ယူခွင့်ရှိသည့် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲအမှတ် (၃၃၁၀)မှ (၄၀၅၉)ထိ အတွဲ ၇၅၀ အတွက် ပြည်တွင်းရတနာကုန်သည်များက ပြပွဲအဋ္ဌမနေ့တွင် ဈေးနှုန်းတင်သွင်းလွှာများတင်သွင်းခဲ့ကြပြီး ပြပွဲနဝမနေ့တွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခဲ့ရာ ကျောက်စိမ်းအတွဲ ၆၉၄ တွဲရောင်းချခဲ့ရကြောင်း ကြေညာသည်။

ထို့ပြင် မဏိရတနာကျောက်စိမ်းခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲအမှတ်(၄၀၆၀)မှ(၄၈၀၀) ထိကျောက်စိမ်းအတွဲ ၇၄၁ တွဲကို ပြည်တွင်းရတနာကုန်သည်များက စိတ်ကြိုက်လေ့လာကြည့်ရှုကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ယနေ့နံနက်ပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ပြပွဲကျင်းပရာ မဏိရတနာကျောက်စိမ်းခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည့် အုပ်စု(စီ)မှကျောက်စိမ်းအတွဲများအား ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးနေမှုကိုကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

မွန်းလွဲပိုင်းတွင် ကျောက်စိမ်းအတွဲအမှတ်(၄၀၆၀)မှ(၄၈၀၀)ထိ တင်သွင်းထားသောဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးကာရောင်းချရသည့်ကျောက်စိမ်းအတွဲများကို နိုဝင်ဘာ ၂၇ ရက်တွင် ကြေညာသွားမည်ဖြစ်သည်။

၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ နိုဝင်ဘာ ၁၈ ရက်မှ၂၇ ရက်ထိကျင်းပနေခြင်းဖြစ်ပြီး ပြပွဲတွင်ပုလဲအတွဲ ၂၀၈ တွဲ၊ကျောက်မျက်အတွဲ ၆၂ တွဲ၊အုပ်စု(အေနှင့်ဘီ)မှကျောက်စိမ်းအတွဲ ၁၈၂၃ တွဲကို ပြည်တွင်း၊ပြည်ပရတနာကုန်သည်များအား ရောင်းချပေးနိုင်ခဲ့သည့်အပြင် ပြည်တွင်းရတနာကုန်သည်များသာဝယ်ယူခွင့်ရှိပြီး ကျပ်ငွေဖြင့်သာပေးချေဝယ်ယူရမည့်အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲ ၁၄၂၉ တွဲတို့ကို ရောင်းချပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၇)မှ သင်တန်းသားများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၇)မှ သင်တန်းသားများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၇)မှ သင်တန်းသားများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၇)မှ သင်တန်းသားများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။





တိုင်းစစ်ဌာနချုပ်အသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၇) သင်တန်းဖွင့်ပွဲများ ကျင်းပစဉ်။

ရှေ့ဖုံးမှအဆက်

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၇)မှ သင်တန်းသားများကို တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁)ကို ၂၀၂၄ ခုနှစ် ဧပြီ ၈ ရက်မှစတင်၍ ဖွင့်လှစ်သင်ကြားပေးခဲ့ရာ ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၇)ကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန်ကျေပွန်စွာ ထမ်းဆောင်နေကြပြီ ဖြစ်သည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၇)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည်-

“အရပ်သားဘဝကနေ စစ်သားဘဝကို ကူးပြောင်းရတာကြောင့် အခက်အခဲတော့ အများကြီးရှိပါတယ်။ ဒါပေမဲ့ ကျွန်တော်ကြိုးစားပြီး သင်ယူသွားမှာပါ။ စစ်ပညာသင်ဖို့အတွက်လည်း အဆင်သင့်



ဖြစ်နေပါပြီ။ လူငယ်ဖြစ်တဲ့အတွက် အတွေ့အကြုံအသစ်၊ ဗဟုသုတအသစ် လိုချင်တဲ့အတွက် ဒီသင်တန်းကိုလာရောက်တက်ရောက်ရတာဖြစ်ပါတယ်။ ကိုယ့်နိုင်ငံကာကွယ်ရတာ ဂုဏ်ယူရတဲ့ကိစ္စတစ်ရပ်ပါ။ ကျွန်တော်က အကြမ်းဖက်မှုတွေကို မလိုလားပါဘူး။ ဒါကြောင့် အကြမ်းဖက်မှုတွေကို တိုက်ဖျက်ဖို့အတွက် ဒီသင်တန်းကို ကြိုးစားသင်ယူသွားမှာပါ။” ဟု ပြောသည်။

“အရင်အပတ်စဉ်တွေကတည်းက တက်ချင်နေတာပါ။ ဒါပေမဲ့ အခုဒီအပတ်စဉ်ကျမှ ကျွန်တော်တက်ခွင့်ရပါတယ်။ တက်ခွင့်ရ



တော့လည်း အဆင်ပြေပြေပါပဲ။ အဲ့ဒီအတွက်ကို နောင်တက်မယ့် ညီအစ်ကိုတွေအနေနဲ့လည်း ဘာမှ အရမ်းကြီးစိတ်ပူမနေပါနဲ့။ ကောလာဟလတွေကိုလည်း စိတ်ထဲမှာထားပြီးတော့မှ ယုံနေမယ်ဆိုရင် အဆင်မပြေနိုင်ပါဘူး။ ကျွန်တော်တို့က နိုင်ငံ့သားကောင်း တစ်ယောက်အနေနဲ့ လုပ်ရမယ့်အရာကို လုပ်ကိုလုပ်ရမှာပါ။ မြန်မာနိုင်ငံတော်အတွက် အထောက်အကူဖြစ်စေမယ့် နိုင်ငံသားကောင်းတစ်ယောက်အဖြစ်နဲ့ ကျွန်တော်အကောင်းဆုံး ထမ်းဆောင်သွားမှာပါလို့ ကျွန်တော်



စဉ်းစားထားပါတယ်။”ဟု ပြောသည်။

“ကျွန်တော် မြန်မာနိုင်ငံသားတစ်ယောက်ပါ။ မြန်မာနိုင်ငံသားတစ်ယောက်အနေနဲ့ ဒီနိုင်ငံတော်အပေါ်ကို တာဝန်ကျေပွန်ချင်လို့ ဒီပြည်သူ့စစ်မှုထမ်းကို လာရောက်တက်ဖြစ်ခဲ့တာဖြစ်ပါတယ်။”ဟု ပြောသည်။ (မြဝ)

# ဥပဒေရေးရာဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးတို့ပူးပေါင်း၍ ဥပဒေဆိုင်ရာဟောပြောပွဲ ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၂၆**

ဥပဒေရေးရာဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးတို့အကြား လက်မှတ်ရေးထိုးခဲ့သော ပူးပေါင်းဆောင်ရွက်ရေးစာချွန်လွှာအရ ဆောင်ရွက်ရေး အစီအစဉ်(၂၀၂၄-၂၀၂၅)ကို အကောင်အထည်ဖော်သည့်အနေဖြင့် ဥပဒေရေးရာဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးတို့ပူးပေါင်း၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ကျွမ်းကျင်သူများ၏ ဥပဒေဆိုင်ရာဟောပြောပွဲကို ယနေ့တွင် နေပြည်တော်ရှိ ဥပဒေရေးရာဝန်ကြီးဌာန ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲသို့ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး၊ ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးတင့်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် ဦးကျော်ဆန်းနှင့် ဒေါက်တာခင်မောင်ဦး၊ ကာကွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဗိုလ်မှူးချုပ်မျိုးမင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးမှ ပြစ်မှုဆိုင်ရာအမှုများတရားစွဲနှင့် အမှုလိုက်ဌာန၏ဌာနအကြီးအကဲ Mr. BAZHUTOV Sergey ဦးဆောင်သော ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ကျွမ်းကျင်ကိုယ်စားလှယ်အဖွဲ့၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှတာဝန်ရှိသူများ၊ ဥပဒေရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါဟောပြောပွဲတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ယနေ့တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးမှ ကျွမ်းကျင်ကိုယ်စားလှယ် သုံးဦးက ဒစ်ဂျစ်တယ်နည်းပညာအသုံးပြု၍ ပြစ်မှုကျူးလွန်ခြင်းအပေါ် ခြေရာခံထောက်လှမ်းခြင်း အပါအဝင် နည်းပညာအသုံးပြု၍ ဂိုဏ်းဖွဲ့ကျူးလွန်သော မှုခင်းများကို တိုက်ဖျက်ခြင်းနှင့်စပ်လျဉ်း၍ ကြုံတွေ့ရသည့်စိန်ခေါ်မှုများနှင့် ကာကွယ်တားဆီးခြင်းနည်းလမ်းများ၊ တရားမဝင်ဆောင်ရွက်မှုများအပေါ် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ကာကွယ်တားဆီးရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အဂတိလိုက်စားမှုတိုက်ဖျက်ခြင်းဆိုင်ရာ သိကောင်းစရာများကို ဘာသာရပ်အလိုက် ဟောပြောသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးမှ ကျွမ်းကျင်ကိုယ်စားလှယ်သုံးဦးတို့က "ဒစ်ဂျစ်တယ်နည်းပညာအသုံးပြု၍ ပြစ်မှုကျူးလွန်ခြင်းအပေါ် ခြေရာခံထောက်လှမ်းခြင်း အပါအဝင် နည်းပညာအသုံးပြု၍ ဂိုဏ်းဖွဲ့ကျူးလွန်သော မှုခင်းများကို တိုက်ဖျက်ခြင်းနှင့် စပ်လျဉ်း၍ ကြုံတွေ့ရသည့်စိန်ခေါ်မှုများနှင့် ကာကွယ်တားဆီးခြင်းနည်းလမ်းများ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ "ရုရှားဖက်ဒရေးရှင်းနိုင်ငံအတွင်း နိုင်ငံခြားနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ တရားမဝင်ဆောင်ရွက်မှုများအပေါ် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ကာကွယ်တားဆီးရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ "ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အဂတိလိုက်စားမှုတိုက်ဖျက်ခြင်းဆိုင်ရာသိကောင်းစရာ" ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောဆွေးနွေးကြရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ဟောပြောပွဲအပြီးတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးမှ ပြစ်မှုဆိုင်ရာအမှုများတရားစွဲနှင့် အမှုလိုက်ဌာန၏ ဌာနအကြီးအကဲ Mr. BAZHUTOV Sergey က ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးက ပေးအပ်သော Certificate ကိုသင်တန်းသား၊ သင်တန်းသူများအား ပေးအပ်ပြီး ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းကျောင်းရှိ သရုပ်ပြတရားခွင်နှင့် E-Library များကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက်ဥပဒေရေးရာဝန်ကြီးဌာန နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးတို့အကြား "တရားရုံးများ၌ ရာဇဝတ်မှုနှင့် တရားမမှုများကို လိုက်ပါဆောင်ရွက်ရာတွင် အစိုးရရှေ့နေများ၏ပါဝင်ဆောင်ရွက်မှုများနှင့် အစိုးရရှေ့နေများက အီလက်ထရောနစ်သက်သေခံချက်များကို တင်သွင်းဆောင်ရွက်ခြင်း" ခေါင်းစဉ်ဖြင့် နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲကို ကျင်းပခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၂၀၂၄ ခုနှစ် ကမ္ဘာ့အင်တာနက်ညီလာခံ ဆက်စပ်အစည်းအဝေးများနှင့် China-ASEAN Information Harbor Forum တို့သို့ ဒုတိယဝန်ကြီး ဦးလူမွန် တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၂၆**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလူမွန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျဲ့ကျင်းပြည်နယ် ဝူကျန်းမြို့၌ နိုဝင်ဘာ ၂၀ ရက်မှ ၂၂ရက် ထိကျင်းပခဲ့သည့် ၂၀၂၄ ခုနှစ် ကမ္ဘာ့အင်တာနက်ညီလာခံ ဆက်စပ်အစည်းအဝေးနှင့် China-ASEAN Information Harbor Forum တို့သို့ တက်ရောက်ခဲ့သည်။




အဆိုပါညီလာခံကို ၂၀၁၄ ခုနှစ်မှစတင်၍ နှစ်စဉ်ကျင်းပခဲ့ပြီး "Embracing a People-Centered and AI-for-Good Digital Future-Building a Community with a Shared Future in Cyberspace" ဆိုသည့် ဦးတည်ချက်ဖြင့် ရည်ရွယ်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရပြီး နိုင်ငံတကာမှ ဒစ်ဂျစ်တယ်နည်းပညာ နယ်ပယ်တွင် အောင်မြင်ကျော်ကြားသည့် ကျွမ်းကျင်သူများ၊လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

နိုဝင်ဘာ၂၀ ရက်တွင် ကမ္ဘာ့အင်တာနက်ညီလာခံဖွင့်ပွဲအခမ်းအနား ကျင်းပရာ ဖွင့်ပွဲသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာ Xi Jinping က ဗီဒီယို Message ပေးပို့ အမှာစကားပြောကြားပြီး တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံရေးဗျူရိုဗဟိုကော်မတီအဖွဲ့ဝင် မစ္စတာ Ding Xuexiang၊ ဖိလစ်ပိုင်နိုင်ငံ ဒုတိယသမ္မတ မစ္စတာ Renato Florentino Pineda၊ ဇမ်ဘီယာနိုင်ငံ ဒုတိယသမ္မတ မစ္စတာ Mutale Nalu-mango၊ ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ Le Thanh Long၊ ကမ္ဘာ့ကုလသမဂ္ဂ၊ ကမ္ဘာ့မိုဘိုင်းအဖွဲ့အစည်းနှင့် ကမ္ဘာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ အဖွဲ့အစည်းတို့မှ တာဝန်ရှိသူများက အဖွင့်စကားများ ပြောကြားကြသည်။

ညပိုင်းတွင် အခမ်းအနားသို့တက်ရောက်လာကြသည့် နိုင်ငံတကာမှ ဝန်ကြီးများစားပွဲဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ ဒုတိယဝန်ကြီး ဦးလူမွန် တက်ရောက်ခဲ့သည်။

နိုဝင်ဘာ ၂၁ ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် China-ASEAN Information Harbor Forum သို့ တက်ရောက် အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများက ဆွေးနွေးပွဲတွင် "Co-Building the Digital Silk Road, Sharing a Digital Future" ခေါင်းစဉ်ဖြင့် တရုတ်-အာဆီယံကုန်စည် ကူးသန်းရောင်းဝယ်မှုတို့ကို ဒစ်ဂျစ်တယ်နည်းပညာဖြင့် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားကြရေး၊ ဒေသတွင်းနည်းပညာကွာဟမှု လျှော့ချရေးအပါအဝင် အဆင်သင့်ဖြစ်မှု၊ အားသာချက်နှင့် စိန်ခေါ်မှုတို့ကို ပွင့်ပွင့်လင်းလင်းဆွေးနွေးခဲ့ကြသည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ကမ္ဘာ့အင်တာနက်ညီလာခံတွင် ပူးတွဲကျင်းပပြသသည့် The Light Internet Expo ပြခန်းများကို လေ့လာခဲ့ပြီး ကမ္ဘာ့လူငယ်ခေါင်းဆောင် ဆုပေးပွဲ၊ ကမ္ဘာ့အင်တာနက်ကွန်ဖရန့် ဒစ်ဂျစ်တယ်အကယ်ဒမီပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ဖွင့်ပွဲများနှင့် အခြားဆက်စပ်ဆွေးနွေးပွဲဖြစ်သည့် "Construction of Trustworthy of Artificial Intelligence" ကိုလည်း တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနား မန္တလေးမြို့၌ကျင်းပ



**မန္တလေး နိုဝင်ဘာ ၂၆**

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရန် ကျောင်းသား၊ ကျောင်းသူများ စာအုပ်စာပေလေ့လာဖတ်ရှုရန်နှင့် စာပေလေ့လာဖတ်ရှုခြင်းမှရရှိသော အသိပညာဗဟုသုတများကို ပြန်လည်အသုံးချမှုဝေနိုင်ရန် ရည်ရွယ်၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၆) အခြေခံပညာ အထက်တန်းကျောင်းတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးပညာရေးမှူး၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း အင်အား ၅၀၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်မုခ်ဦးကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ လူမှုရေးရာဝန်ကြီး၊ တိုင်းဒေသကြီး ပညာရေးမှူး၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် အခမ်းအနား ဒုတိယပိုင်း အစီအစဉ်ကို အဆိုပါကျောင်းတွင် ဆက်လက်ကျင်းပရာ ကျောင်းသား၊ ကျောင်းသူများက အလှဆုံးပန်းများပွင့်ကြပြီ သီချင်းသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးပြီး စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာ နိုင်ငံ့အကျိုးအတွက် မျှော်မှန်းရည်ခိုင်မာတိုးတက်စေရမည် Video Clip ကို ပြသသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အမှတ်(၁၆)အခြေခံပညာ အထက်တန်းကျောင်း စာကြည့်တိုက်အတွက် တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လှူဒါန်းသည့် စာအုပ်စာစောင်များကို တိုင်းဒေသကြီးဦးစီးမှူးက ကျောင်းအုပ်ဆရာကြီးထံသို့ လည်း ကောင်း၊ကိုယ်ပိုင်ကျောင်းများက အလှူငွေ ကျပ် ၁၀၁ သိန်းနှင့်International ကျောင်းများက အလှူငွေကျပ် ၅၂၅၀၀၀၀ ကို တာဝန်ရှိသူများထံသို့လည်းကောင်း ပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စာရေးဆရာမ အေးအေးခိုင်(ပညာရေး)က စာဖတ်ရှိန်မြှင့်တင်ဖို့ စာကြည့်တိုက်ကို သွားကြပါစို့ ခေါင်းစဉ်ဖြင့် စာပေဟောပြောခြင်း၊ ကျောင်းသား၊ ကျောင်းသူများ၏ ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးပြီး ဖျော်ဖြေခဲ့ကြသည့်အဖွဲ့များကို ဂုဏ်ပြုငွေများချီးမြှင့်ကာ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များနှင့် ပညာရေးပြခန်းများ၊ ပြပွဲ၊ ပြိုင်ပွဲများတွင် ကျောင်းသား၊ ကျောင်းသူများ ကြည်နူးပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**




# နမ့်စန်မြို့နယ် မြို့နယ်ပညာရေးမှူးဖလား အခြေခံပညာကျောင်းပေါင်းစုံ အသက် ၁၆ နှစ်အောက် ဘောလုံးပြိုင်ပွဲ ပိတ်ပွဲနှင့်ဆုချီးမြှင့်ပွဲ ကျင်းပ



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ဒိုင်းဆုရရှိသည့်အသင်းကို ဆုပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် နမ့်စန်မြို့နယ် မြို့နယ်ပညာရေးမှူးဖလား အခြေခံပညာကျောင်းပေါင်းစုံ အသက် ၁၆ နှစ်အောက် ဘောလုံးပြိုင်ပွဲ ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ညနေပိုင်းက မြို့နယ်အားကစားကွင်း၌ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အားကစားသမားများ၊ ဒိုင်အဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာတိုင်းမှူးနှင့်တက်ရောက်လာကြသူများက ဗိုလ်လုပွဲပွဲစဉ်အဖြစ် အမှတ်(၅) ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)(က)အသင်းနှင့် အခြေခံပညာအထက်တန်းကျောင်း(နမ့်စန်)(က) အသင်းတို့၏ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများနှင့် ဒိုင်းဆုရရှိသည့် အသင်းတို့ကို တိုင်းမှူးနှင့်တာဝန်ရှိသူများက ဆုတံဆိပ်၊ ငွေသားဆု၊ ဒိုင်းဆုတို့အား အသီးသီးချီးမြှင့်ခဲ့ကြသည်။

အဆိုပါဘောလုံးပြိုင်ပွဲကို ပြိုင်ပွဲဝင် အမျိုးသားအသင်းအုပ်စု လေးစု၊ အမျိုးသမီးအသင်းအုပ်စု နှစ်စု၊ ပြိုင်ပွဲဝင်အသင်း ၁၅ သင်းဖြင့် နိုဝင်ဘာ ၅ ရက်မှ ယနေ့ထိ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)

# မိုးညှင်းမြို့အနီး မြေငလျင်လှုပ်ခတ်

**နေပြည်တော် နိုဝင်ဘာ ၂၆**

ယနေ့မွန်းလွဲ ၂ နာရီ ၃၃ မိနစ် ၃၀ စက္ကန့် အချိန်တွင် မြစ်ကြီးနားမြေငလျင်စခန်းမှ အနောက်တောင်ဘက် ၁၁၃ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(မိုးညှင်းမြို့၏ အနောက်ဘက် ၂၇ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၄ ဒသမ ၇၀ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၉၀ ဒီဂရီ၊ အနက် ၂၇ ကီလိုမီတာခန့်ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၉ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်လှုပ်ခတ်သွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက် သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း(သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန် မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

**မှတ်ချက်**။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# ယခုပညာသင်နှစ်မှစတင်၍ တက္ကသိုလ်၊ ဒီဂရီကောလိပ် ပထမနှစ် ကျောင်းသား၊ ကျောင်းသူများမှ တက္ကသိုလ်လူရည်ချွန်များ ရွေးချယ်မွေးထုတ်သွားမည်ဖြစ်



**နေပြည်တော် နိုဝင်ဘာ ၂၆**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် တက္ကသိုလ်ပါမောက္ခချုပ်များနှင့် ပညာရေး ဒီဂရီကောလိပ် ကျောင်းအုပ်ကြီးများကို ယနေ့နံနက်ပိုင်းက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်တွေ့ဆုံပြီး တက္ကသိုလ်၊ဒီဂရီကောလိပ်များ၏ ဥပဓိရုပ်ကောင်းမွန်ရေး၊ သန့်ရှင်းသာယာလှပရေးနှင့် သင်ကြားသင်ယူမှုဆိုင်ရာအရည်အသွေးများ တိုးတက်ကောင်းမွန်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

တွေ့ဆုံပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြပြီး တက္ကသိုလ်ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ယခုပညာသင်နှစ်မှစတင်၍ တက္ကသိုလ်၊ ဒီဂရီကောလိပ် ပထမနှစ်ကျောင်းသား၊ ကျောင်းသူများထဲမှ တက္ကသိုလ်လူရည်ချွန်များ ရွေးချယ်မွေးထုတ်သွားမည်ဖြစ်ကြောင်း၊ တက္ကသိုလ်၏ အသက်သည် သုတေသနဖြစ်ကြောင်း၊ နိုင်ငံ၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးချသုတေသနနှင့် တီထွင်ဆန်းသစ်မှုတို့သည် အလွန်အရေးကြီးကြောင်း၊ ကျောင်းသား၊ကျောင်းသူများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စဉ်းစားတွေးခေါ်နိုင်မှုနှင့် တီထွင်ဖန်တီးနိုင်မှု စွမ်းရည်မြင့်မားပြီး စိတ်ဓာတ်နှင့်ခံယူချက် မှန်ကန်ကောင်းမွန်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းလာစေရေးအတွက် တက္ကသိုလ်၊ ဒီဂရီကောလိပ် ဆရာ၊ဆရာမများ၊ ဝန်ထမ်းများအားလုံးအနေဖြင့် အရှိန်အဟုန်ဖြင့် ဝိုင်းဝန်းလက်တွဲ ဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က တက္ကသိုလ်များ၏ ဥပဓိရုပ်ကောင်းမွန်ရေး၊ ပညာရေးအဆင့်အတန်းမြင့်မားရေး၊ သင်ရိုးညွှန်းတမ်းခေတ်မီရေး၊ သင်ကြားသင်ယူမှုမှန်ကန်ရေး၊ သုတေသနဖြင့် နိုင်ငံကိုအကျိုးပြုရေး၊ အကဲဖြတ်စနစ် သုံးသပ်ရေးကိစ္စရပ်တို့ကို ဆွေးနွေးပြီး အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# 2024Colourful World အမည်ဖြင့် ကျင်းပသည့် "International Youth Painting Invitational Exhibition; Awarding and Opening Ceremonies" တွင် မြန်မာနိုင်ငံမှ ကျောင်းသား၊ ကျောင်းသူများ ဆုများရရှိ

**နေပြည်တော် နိုဝင်ဘာ ၂၆**

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် 2024 Colourful World အမည်ဖြင့် ကျင်းပသည့် "International Youth Painting Invitational Exhibition; Awarding and Opening Ceremonies" တွင် မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို)၏ အစီအစဉ်ဖြင့် မြန်မာနိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများ ဆုများရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲ၏ အသက် ခုနစ်နှစ်မှ ၁၂ နှစ်ထိ အုပ်စုတွင် G4 ကျောင်းသား မောင်သစ်ထူးညာဏ်က ပထမဆု၊ အသက် ၁၃ နှစ်မှ ၁၈ နှစ်ထိအုပ်စုတွင် G9 ကျောင်းသား မောင်ဖုန်းမြတ်စံက ဒုတိယဆုနှင့် G9 ကျောင်းသား မောင်မင်းစစ်ပိုင်၊ G8 ကျောင်းသား မောင်ပြည့်ဖြိုးဟိန်းနှင့် ပန်းချီပညာသင်ကျောင်းမှ မဇူးဇူးလှိုင်တို့က တတိယဆုတို့ကို ရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါ "International Youth Painting Invitational Exhibition; Awarding and Opening Ceremonies" ကို နိုဝင်ဘာ ၂၃ ရက်က ပေကျင်းပြည်သူ့နိုင်ငံခြားတိုင်းပြည်များနှင့် ချစ်ကြည်ရေးအသင်း (BPAFFC)နှင့် Beijing Association for Science and Technology, Overseas Chinese Affairs Office of Beijing Municipal Government, Beijing Women's Federation တို့ ပူးပေါင်းစီစဉ်ကျင်းပခဲ့ခြင်းဖြစ်သည်။

ယင်းပြိုင်ပွဲသို့ နိုင်ငံပေါင်း ၆၄ နိုင်ငံမှ ကျောင်းသား၊ကျောင်းသူဦးရေ ၅၂၀၀၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲတွင် အသက် လေးနှစ်မှ ခြောက်နှစ်ထိ အုပ်စု၊ အသက် ခုနစ်နှစ် မှ ၁၂နှစ်ထိ အုပ်စုနှင့် အသက် ၁၃ နှစ်မှ ၁၈ နှစ်ထိ အုပ်စုဟူ၍ အုပ်စု သုံးစု ခွဲခြားယှဉ်ပြိုင်စေခဲ့ကြကာ မြန်မာနိုင်ငံမှ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို)၏ ကြီးကြပ်မှုဖြင့်အထက်ပါ အုပ်စု နှစ်စုတွင် ယှဉ်ပြိုင်ရေးဆွဲပေးပို့၍ ပြိုင်ပွဲဝင်ခဲ့ကြရာ ထူးချွန်ဆုများရရှိခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတကာ "ရောင်စုံကမ္ဘာ" လူငယ်များ ဖိတ်ခေါ်ပန်းချီပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ပထမဆုပန်းချီကား (အသက် ၁၁ နှစ် မောင်သစ်ထူးညာဏ် လက်ရာ)ကို တွေ့ရစဉ်။



# အင်းတော်မြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူများ၏နေအိမ်များကို မီးရှို့ဖျက်ဆီးနေသည်ဟု သတင်းမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်အတွင်းရှိ နေအိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးနေသည်ဟု တရားမဝင် ပြည်ဖျက်မီဒီယာများက သတင်းမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူတစ်ဦး ထံဆက်သွယ်မေးမြန်းချက်အရ အကြမ်းဖက်သမားများအနေဖြင့် ပြည်သူလူထု၏ အကျိုးစီးပွားကိုမငဲ့ကွက်ဘဲ မြို့ရွာများအတွင်းဝင်ရောက်၍ တိုက်ပွဲများဖော်ဆောင်လာခြင်းများကြောင့် မြို့ရွာများ ပျက်စီးရကြောင်း၊ သို့ဖြစ်၍ အကြမ်းဖက်သမားများ ဝင်ရောက်လာမှုမရှိစေရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါမြို့နယ်အတွင်း လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများဆောင်ရွက်နေမှုအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန် တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံရေးသားပြီးလှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း၊လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့်အင်းတော်မြို့နယ်အနီးတစ်ဝိုက်တွင်နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့သော်လည်း နေအိမ်များကိုမီးရှို့ဖျက်ဆီးခြင်းမရှိကြောင်းနှင့် အကြမ်းဖက်သမားများကသာ ၎င်းတို့အပေါ် ထောက်ခံအားပေးမှုမရှိသည့်ကျေးရွာများကို မီးရှို့ဖျက်ဆီးလျက်ရှိကြောင်း သတင်းရရှိသည်။ (မဝ)




## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ရန်ကုန်တိုင်းဒေသကြီးတွင် ဖုန်းဖြင့်ဆက်သွယ်ကာ အယောင်ဆောင်ပြောဆို၍ ငွေကြေးများအကြိမ်ကြိမ်လိမ်လည်ရယူခဲ့သူ တရားခံအမျိုးသား ငါးဦးကို သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၂၆

ရန်ကုန်တိုင်းဒေသကြီးတွင် ဖုန်းဖြင့်ဆက်သွယ်ကာအယောင်ဆောင်ပြောဆို၍ ငွေကြေးများအကြိမ်ကြိမ်လိမ်လည်ရယူခဲ့သူ တရားခံအမျိုးသား ငါးဦးကို သက်သေခံပစ္စည်းများနှင့်အတူ နိုဝင်ဘာ ၁၇ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လူမှုကွန်ရက်စာမျက်နှာများတွင် ဖုန်းဖြင့်ဆက်သွယ်၍ ငွေကြေးလိမ်လည်တောင်းခံမှုများ ဖြစ်ပွားနေကြောင်းဖော်ပြပါရှိမှုများအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက မိမိ၏အမာခံသတင်းပေးများ၊ ဒုစရိုက်မှုကို မလိုလားသည့် တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်များ၊ နည်းပညာဆိုင်ရာအထောက်အကူပြုပစ္စည်းများမှရရှိသော အချက်အလက်များကို အခြေခံကာ ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိနိုင်ရေးဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၁၇ ရက် ညနေပိုင်းတွင် အမြန်လမ်းမကြီး(Zero)မိုင် တိုးဂိတ်၌ မကွေးတိုင်းဒေသကြီးမှ ရန်ကုန်တိုင်းဒေသကြီးသို့ပြေးဆွဲနေသည့် "နန်းထိုက်တော်ဝင်"ခရီးသည်တင်ယာဉ်ပေါ်မှ ဖုန်းဖြင့်ဆက်သွယ်၍ ငွေကြေးလိမ်လည်မှုကျူးလွန်သူများဖြစ်ကြသည့် မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ကျောက်စံကျေးရွာနေသက်ပိုင်(ခ) သက်ခိုင်(ခ) ဇော်သက်ပိုင် ၂၃ နှစ်(ဘ)ဦးအေးမင်းနိုင်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး(တောင်)ရပ်ကွက်နေ စိုးရာဇာဟိန်း(ခ) အောင်ထိုက်(ခ) လင်းမြတ်စံ(ခ)ကိုလင်း ၃၆ နှစ် (ဘ) ဦးတင်ဦးတို့ နှစ်ဦးနှင့် မသင်္ကာတရားခံများဖြစ်ကြသည့် မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး(တောင်)ရပ်ကွက်နေဘိုဘိုထွန်း ၂၀ နှစ်(ဘ) ဦးစိုးထွဋ်၊ အောင်ဇာနည်ဖြိုး ၂၀ နှစ်(ဘ)ဦးမြင့်ဇော်၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အမှတ်(၁၆)ရပ်ကွက်နေ စိုးသီဟ(ခ)ဖြိုးသီဟဇော် ၃၂ နှစ်(ဘ) ဦးစိုးထွန်းတို့ ငါးဦးကို လက်ကိုင်ဖုန်းမျိုးစုံ ခြောက်လုံး၊ နှင်းမောင်မောင်လွင် ၁၂/ထတပ(နိုင်)၁၄၃၀၆၆၊ အောင်ထိုက် ၁၄/မမက(နိုင်)၃၄၄၆၁၈၊ ဘိုဘိုထွန်း ၇/နတလ(နိုင်)၁၆၉၇၉၈၊ အောင်ဇာနည်ဖြိုး၁၂/ထတပ(နိုင်)၁၆၈၅၇၈ နှင့် စိုးသီဟ ၁၂/သလန(နိုင်)၁၀၇၃၄၅ နံပါတ်ပါ နိုင်ငံသားစိစစ်ရေးကတ်ပြား ငါးခု၊ KBZ Bank MPU ကတ် တစ်ခု၊ AYA Bank MPU ကတ်တစ်ခု၊ YOMA Bank MPU ကတ် တစ်ခု၊ ငွေကျပ် ၂၈၀၀၀၀ ၊ စိန်လက်စွပ် တစ်ကွင်း၊ ရွှေဖြင့်ပြုလုပ်ထားသည့် ပီရှူးလက်ပတ် တစ်ခုတို့နှင့်အတူ ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ သက်ပိုင်(ခ) သက်ခိုင်(ခ)ဇော်သက်ပိုင်၏ထွက်ဆိုချက်အရ ၎င်းသည် လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ် (၁)ထိပ်ရှိအဆောင်တွင် ၄ားရမ်းနေထိုင်ခဲ့ပြီး အောင်မင်္ဂလာအဝေးပြေးကားဝင်း၌ ခရီးသည်ကြိုသည့်အလုပ်ကို လုပ်ကိုင်ခဲ့ကြောင်း၊ ထိုသို့လုပ်ကိုင်နေစဉ် ခင်မင်ရင်းနှီးသူ ဦးဟိန်းခန့်နှင့်ပူးပေါင်း၍ နတ်ကနားစီးအလုပ် လုပ်ကိုင်နေစဉ် အဆောင်မှ Jasmine Palace Hotel သို့ ပြောင်းရွှေ့ကာ စိုးရာဇာဟိန်း(ခ) အောင်ထိုက်(ခ)လင်းမြတ်စံ(ခ)ကိုလင်း၊ ဘိုဘိုထွန်း၊ အောင်ဇာနည်ဖြိုး၊ စိုးသီဟ(ခ)ဖြိုးသီဟဇော်တို့နှင့်အတူ နေထိုင်ပြီး ကောက်ယူရရှိထားသည့် အောင်ထိုက်နှင့် နှင်းမောင်မောင်လွင်အမည်ပါ နိုင်ငံသားစိစစ်ရေးကတ်များကို ပြုပြင်အသုံးပြု၍ KBZ Pay နှင့် Wave Pay အကောင့်များ ဖွင့်လှစ်ကာ ဖုန်းအမှတ် ၀၉ ၅ နှင့်စသည့် ဖုန်းနံပါတ်များကိုဆက်သွယ်၍ ငွေကြေးလိမ်လည်တောင်းခံမှုများ ပြုလုပ်ခဲ့ကြောင်း၊ လိမ်လည်မှုများအနေဖြင့် ဩဂုတ်လအတွင်း ၎င်း၏လက်ကိုင်ဖုန်းအမှတ် ၀၉၄၄၇၈၃၆၉၇၈ ဖြင့် လိုက်လံဆက်သွယ်၍ တစ်ဖက်ဖုန်းလက်ခံဖြေကြားသူ၏ သူငယ်ချင်းအဖြစ် အယောင်ဆောင်ပြီး ၎င်းမှာကားတိုက်ခံရ၍ ဆေးရုံရောက်နေကြောင်း၊ အရေးပေါ်ခွဲစိတ်ခန်းဝင်ရမည်ဖြစ်၍ ငွေလိုနေသဖြင့် ငွေလွှဲပေးရန်စသည့်ဖြင့်ယုံကြည်အောင်လိမ်လည်ပြောဆိုကာ ရရှိသည့် ငွေကျပ် ခုနစ်သိန်းအားလည်းကောင်း၊ စက်တင်ဘာလအတွင်း အမည်မမှတ်မိအဖြစ်အယောင်ဆောင်၍ ငွေကျပ် သိန်း ၅၀၊ ဦးတင်အောင်အဖြစ် အယောင်ဆောင်၍ ငွေကျပ် သိန်း ၅၀၊ ဦးမိုးရွှေအဖြစ်အယောင်ဆောင်၍ ငွေကျပ် သိန်း ၅၀ နှင့် အမည်မမှတ်မိအဖြစ်အယောင်ဆောင်၍ ငွေကျပ် ခုနစ်သိန်းအားလည်းကောင်း၊ အောက်တိုဘာလအတွင်းအမည်မမှတ်မိအဖြစ်အယောင်ဆောင်၍ ပထမအကြိမ်ငွေကျပ် သိန်း ၃၀၊ ဒုတိယအကြိမ်ငွေကျပ် သိန်း ၂၀ တို့ကို လည်းကောင်း၊ နိုဝင်ဘာလအတွင်း ဦးသောင်းဌွေးအဖြစ်အယောင်ဆောင်၍ ငွေကျပ် ၇၇ သိန်းနှင့် အမည်မမှတ်မိအဖြစ် အယောင်ဆောင်၍ ငွေကျပ် ၂၅ သိန်းတို့ကိုလည်းကောင်း စုစုပေါင်း ကိုးကြိမ် ရရှိငွေကျပ် ၃၁၆ သိန်းကို မိတ်ဆွေသူငယ်ချင်းအဖြစ် ယုံကြည်အောင် လိမ်လည်ပြောဆို၍ ၎င်းတို့အသုံးပြုလျက်ရှိသည့် အောင်ထိုက်နှင့် စိုးသူဝင်းအမည်ဖြင့် ဖွင့်လှစ်ထားသည့် KBZ Pay၊ နှင်းမောင်မောင်လွင်အမည်ဖြင့်

(ဝဲမှယာ) တရားခံသက် ပိုင်(ခ)သက်ခိုင်(ခ)ဇော်သက်ပိုင်၊ စိုးရာဇာဟိန်း(ခ)အောင်ထိုက်(ခ)လင်းမြတ်စံ(ခ)ကိုလင်း၊ ဘိုဘိုထွန်း၊ အောင်ဇာနည်ဖြိုး၊ စိုးသီဟ(ခ)ဖြိုးသီဟဇော်



ရန်ကုန်တိုင်းဒေသကြီးတွင် ဖုန်းဖြင့်ဆက်သွယ်ကာ အယောင်ဆောင်ပြောဆို၍ ငွေကြေးများ အကြိမ်ကြိမ်လိမ်လည်ရယူခဲ့သူ တရားခံအမျိုးသား ငါးဦးကို သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။

ဖွင့်လှစ်ထားသည့် Wave Pay အကောင့်များသို့ လွှဲပြောင်းလက်ခံရယူခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။


ဆက်လက် စစ်ဆေးချက်များအရ ဖုန်းဖြင့်ဆက်သွယ်ကာ အယောင်ဆောင်ပြောဆို၍ ငွေကြေးလိမ်လည်မှုများကို သက်ပိုင်(ခ)သက်ခိုင်(ခ)ဇော်သက်ပိုင်က ဦးဆောင်၍ မိတ်ဆွေသူငယ်ချင်းအဖြစ် ယုံကြည်အောင်အယောင်ဆောင်ပြောဆိုလိမ်လည်ခဲ့ခြင်းဖြစ်ပြီး စိုးရာဇာဟိန်း(ခ) အောင်ထိုက်(ခ) လင်းမြတ်စံ(ခ) ကိုလင်း၊ ဘိုဘိုထွန်း၊ အောင်ဇာနည်ဖြိုးနှင့် စိုးသီဟ(ခ)ဖြိုးသီဟဇော်တို့ လေးဦးက အယောင်ဆောင်ဆက်သွယ်၍ လိမ်လည်ရမည့် ဖုန်းနံပါတ်များကို ရှာဖွေစုဆောင်းပေးခြင်း၊ အယောင်ဆောင်ဆက်သွယ်၍ရရှိလာသည့်ငွေကြေးများကို လက်ခံထုတ်ယူရာတွင် ပူးပေါင်းပါဝင်ကျူးလွန်ခဲ့ကြခြင်းနှင့် လက်ခံရရှိသည့်ငွေကြေးများကို ၎င်းတို့ ငါးဦးက ခွဲဝေသုံးစွဲခဲ့ကြခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ဖြစ်စဉ်တွင် ဖုန်းဖြင့်ဆက်သွယ်၍ အယောင်ဆောင်ပြောဆိုကာငွေကြေးများ အကြိမ်ကြိမ်လိမ်လည်ရယူခဲ့သူ သက်ပိုင်(ခ)သက်ခိုင်(ခ)ဇော်သက်ပိုင်ပါ တရားခံငါးဦးကို စမ်းချောင်းမြို့မရဲစခန်းတွင် ရာဇသတ်ကြီးပုဒ်မ ၄၂၀/၄၆၈/၄၇၁/၄၁၉/၁၁၄ ဖြင့် အမှုရေးဖွင့်ကာ တရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

☆ စိတ်ကြွရူးသွပ်ဆေးပြားမှ

ယင်းနေ့ညနေပိုင်းတွင် မူးယစ်ဆေးဝါးများသယ်ဆောင်ရာလမ်းကြောင်း၌ ရှေ့ပြေးဆောင်ရွက်သူ ညဏ်ဝင်းလှိုင်အား စဉ့်ကိုင်မြို့တိုးဂိတ်တွင် SURF မော်တော်ယာဉ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ်မှ ကျောက်ဆည်မြို့နယ် ဟံမြင့်မိုရ်လမ်းဆုံထိ တာဝန်ခံသယ်ဆောင်သူ ဇော်ထွန်းအား ကျောက်ဆည်မြို့နယ် ဟံမြင့်မိုရ်လမ်းဆုံတွင် မော်တော်ဆိုင်ကယ်တစ်စီးဖြင့်လည်းကောင်း၊ နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် ဖမ်းဆီးရမိ CANTER မော်တော်ယာဉ်၏ ယာဉ်မောင်း ကျော်စွာလင်း(ခ)ဂက်စ်အိုးအား ကျောက်ဆည်မြို့နယ် ဆားတောင်ငယ်ကျေးရွာတွင်လည်းကောင်း၊ မန္တလေးမြို့တွင် မူးယစ်ဆေးဝါးများလက်ခံမည့်သူ အောင်ခန့်အား မွန်းလွဲပိုင်းတွင် ချမ်းအေးသာစံမြို့နယ် ၃၁-၃၂ ကြား ၈၇ လမ်းမပေါ်တွင်လည်းကောင်း၊ နိုဝင်ဘာ ၁၉ ရက်တွင် ရပ်စောက်မြို့နယ်မှ ရွာငံမြို့နယ်သို့ မူးယစ်ဆေးဝါးများသယ်ဆောင်ခိုင်းသူ သက်ဝေအောင်အား အောင်ပန်းမြို့တွင်လည်းကောင်း၊ မူးယစ်ဆေးဝါးများကို DONGFENG တွဲယာဉ်ဖြင့် သယ်ဆောင်ခဲ့သူ ဥက္ကာနိုင်အား ကျောက်ဆည်မြို့ မြို့ရှောင်လမ်း၌အဆိုပါတွဲယာဉ်ဖြင့်လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့ပြီး ဇော်ထွန်း၏ ဖော်ထုတ်ချက်အရ ကျောက်ဆည်မြို့နယ် ကင်းကျေးရွာအနောက်ဘက် တောစပ်ချုံအတွင်းဝှက်သိမ်းထားခဲ့သည့် ဘိန်းဖြူပါဆပ်ပြာခွက်




များထည့်ထားသည့် ဆာလာအိတ် ၈၄ အိတ်အတွင်းမှ ဘိန်းဖြူ ၁၈၄ ဒသမ ၈ ကီလိုထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်း ကာလတန်ဖိုးငွေကျပ် ၁၄ ဒသမ ၅ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၃၃၂ ဒသမ ၂ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၁ ဒသမ ၄၈ သိန်းဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ မူးယစ်ဆေးဝါးများကို ရွာငံမြို့နယ် ယုန်တောင်ကျေးရွာမှ စစ်ဆေးရေးဂိတ်များကို ရှောင်ကွင်း၍ ကျေးရွာချင်းဆက်လမ်းများမှ သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူ စိုင်းနိုင်ထူးသာ(ခ)နေဖြိုးထက်အား နိုဝင်ဘာ ၁၉ ရက် ည ၈ နာရီတွင် မန္တလေးမြို့တွင် ဖမ်းဆီးရမိခဲ့ပြီး မူးယစ်ဆေးဝါးများသယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့်ငွေကြေးအကျိုးအမြတ်များဖြင့် ဝယ်ယူထားသော အောင်ခန့် ပိုင်ဆိုင်သည့် ALPHARD မော်တော်ယာဉ်နှင့် MARK II မော်တော်ယာဉ်တို့ကို ချမ်းအေးသာစံမြို့နယ်တွင် ဆက်လက်သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

(၅၀၁)

# ပူးပေါင်းပါဝင်ဆင်နွှဲပျော် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်

နိုင်ငံအတွက် အဓိကစွမ်းအားစုဖြစ်သည့် လူငယ်များ ဗလငါးတန်ပြည့်ဝရေးနှင့်အတူ အားကစားကဏ္ဍကို တစ်ဖက်တစ်လမ်းမှ မြှင့်တင်ပေးရန်ရည်ရွယ်ချက်ဖြင့် မကြာမီတွင် အမျိုးသားအားကစားပွဲတော်ကြီးကို နေပြည်တော်၌ နိုင်ငံတော်အဆင့်ခမ်းခမ်းနားနား ကျင်းပသွားတော့မည်ဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က **"အားကစားဆောင်ရွက်ခြင်းသည် မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များနှင့် အမျိုးသားရေးစရိုက်လက္ခဏာတို့ကို ရှင်သန်ထက်မြက်စေပြီး တစ်မျိုးသားလုံး၏ကျန်းမာကြံ့ခိုင်ရေးကိုလည်း ဖြစ်ပေါ်စေနိုင်သည့်အတွက် အားကစားနှင့်ပတ်သက်ပါက အားပေးဆောင်ရွက်ရမည်"**ဆိုသည့်လမ်းညွှန်ချက်အရ နိုင်ငံတော်၏အားကစားကဏ္ဍကို မြှင့်တင်ပေးမှုအဖြစ် ဝမ်းမြောက်ဖွယ်တွေ့မြင်ရသည်။

မြန်မာနိုင်ငံ၌ အားကစားကဏ္ဍကို မြှင့်တင်အားပေးဆောင်ရွက်လျက်ရှိရာတွင် နှစ်အလိုက်၊ ရာသီအလိုက်၊ ကဏ္ဍအလိုက် ကျောင်းသားအားကစားပွဲတော်၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အားကစားပွဲတော်များ ကျင်းပလျက်ရှိသလို ယခုအကြိမ်သည် တစ်နိုင်ငံလုံး ခြိမ့်ခြိမ့်သဲသဲ ပါဝင်ဆင်နွှဲကြမည့် အမျိုးသား အားကစားပွဲတော်ကြီးဖြစ်၍ အားကစားကို ချစ်မြတ်နိုးတန်ဖိုးထားသော အားကစားသမားများနှင့် ပြည်သူများအတွက် စိတ်ဓာတ်တက်ကြွစေသည်။ နိုင်ငံတော်အဆင့် ဝန်ကြီးဌာနပေါင်းစုံပြိုင်ပွဲ၊ ကျောင်းသားအားကစားပွဲ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အားကစားပြိုင်ပွဲများအားလုံးကို ပေါင်းစုထားသည့်ပွဲတော်ကြီးဖြစ်သဖြင့် တစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့် အမျိုးသားအားကစားပြိုင်ပွဲကြီးဖြစ်ပေသည်။ တိုင်းရင်းသားအားလုံး၏ မျိုးချစ်စိတ်ရှိမှု၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိမှု၊ စည်းလုံးညီညွတ်မှု၊ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုများနှင့် တည်ငြိမ်အေးချမ်းမှုများကို ဖော်ထုတ်ပြနိုင်မည့်ပြိုင်ပွဲကြီး တစ်ခုဖြစ်သည်။

အမျိုးသားအားကစားပွဲတော်ကို ၁၉၈၂ ခုနှစ်တွင်ပထမအကြိမ် အမျိုးသားအားကစားပွဲတော်၊ ၁၉၈၄ ခုနှစ်တွင်ဒုတိယအကြိမ်အမျိုးသားအားကစားပွဲတော်နှင့် ၁၉၈၇ ခုနှစ်တွင် တတိယအကြိမ် အမျိုးသားအားကစားပွဲတော်များကို ရန်ကုန်မြို့တွင် ကျင်းပခဲ့ကြပြီး ၂၀၁၅ ခုနှစ်တွင် စတုတ္ထအကြိမ်အဖြစ် အမျိုးသားအားကစားပွဲတော်ကို ခမ်းခမ်းနားနားဖြင့် အစိုးရအဆက်ဆက် ကျင်းပပေးခဲ့ကြသည်။ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်ထိ နေပြည်တော်၌ ကျင်းပသွားမည်ဖြစ်သည်။ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို နိုင်ငံတော်၏အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားရေး၊ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံ၌ ကျင်းပမည့် ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာပြိုင်ပွဲများတွင် အားကစားအဆင့်အတန်းမြင့်မားရေးနှင့် အောင်မြင်မှုရှိစွာ ယှဉ်ပြိုင်နိုင်ရေး၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများနှင့် အလားအလာရှိသည့် လူငယ်မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရေး၊ ပြည်နယ်၊ တိုင်းဒေသကြီးများနှင့် ဝန်ကြီးဌာနများကြား အချင်းချင်း ချစ်ကြည်ရင်းနှီးမှုရှိစေရေး၊ အားကစားလှုပ်ရှားမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်လာနိုင်စေရေးနှင့် ပြည်သူတစ်ရပ်လုံး အားကစားလှုပ်ရှားမှုများတွင် ပါဝင်လာစေရေးဆိုသည့်ရည်ရွယ်ချက် (၅) ရပ်နှင့်အညီ ကျင်းပသွားမည်ဖြစ်သည်။

အမျိုးသားအားကစားပွဲတော်တွင် ဝန်ကြီးဌာနအဆင့်အားကစားနည်း ခြောက်နည်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အားကစားနည်း ၂၃ နည်းနှင့် မသန်စွမ်းအားကစားနည်း လေးနည်းတို့ဖြင့် ကျင်းပသွားမည်ဖြစ်သည်။ ဝန်ကြီးဌာနအဆင့်၌ ပြေးခုန်ပစ် (အမျိုးသား/ အမျိုးသမီး)၊ ဘောလုံး(အမျိုးသား)၊ ဖူဆယ် (အမျိုးသား)၊ ဂေါက်သီး (အမျိုးသား)၊ ပိုက်ကျော်ခြင်း (အမျိုးသား) နှင့် ဘော်လီဘော(အမျိုးသား) ပြိုင်ပွဲဟူ၍ အားကစားနည်း ခြောက်မျိုး ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်တွင် ပြေးခုန်ပစ် (အမျိုးသား/ အမျိုးသမီး)၊ ဘတ်စကက်ဘော (အမျိုးသား)၊ ကြက်တောင် (အမျိုးသား/ အမျိုးသမီး)၊ ဘိလိယက်/ စနူကာ (အမျိုးသား)၊ လက်ဝှေ့ (အမျိုးသား)၊ ကာယဗလနှင့် ကာယကြံ့ခိုင်မှု (အမျိုးသား/ အမျိုးသမီး)၊ ခရစ်ကက်(အမျိုးသား)၊ ဘောလုံး (အမျိုးသား/ အမျိုးသမီး)၊ ဖူဆယ် (အမျိုးသား/ အမျိုးသမီး)၊ ဂေါက်သီး (အမျိုးသား)၊ ဂျူဒို (အမျိုးသား/ အမျိုးသမီး)၊ ကရာတေး (အမျိုးသား/ အမျိုးသမီး)၊ ပိုက်ကျော်ခြင်း (အမျိုးသား/ အမျိုးသမီး)၊ ရေကူး (အမျိုးသား/ အမျိုးသမီး)၊ စားပွဲတင်တင်းနစ် (အမျိုးသား/ အမျိုးသမီး)၊ တိုက်ကွမ်ဒို (အမျိုးသား/ အမျိုးသမီး)၊ တင်းနစ် (အမျိုးသား)၊ ရိုးရာခြင်းလုံး (အမျိုးသား/ အမျိုးသမီး)၊ မြန်မာ့သိုင်း (အမျိုးသား/ အမျိုးသမီး)၊ ဘော်လီဘော (အမျိုးသား/ အမျိုးသမီး)၊ ဗိုဗီနမ်(အမျိုးသား/ အမျိုးသမီး)၊ အလေးမ (အမျိုးသား/ အမျိုးသမီး)၊ ဝူရှူး (အမျိုးသား/ အမျိုးသမီး) ပြိုင်ပွဲဟူ၍ အားကစားနည်း ၂၃ မျိုး ထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အားကစားသမား စုစုပေါင်း ၁၂၀၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ရန် လျာထားလျက်ရှိကြောင်း သိရသည်။

အားကစားသမားများသည် ကျွမ်းကျင်မှု၊ ခွန်အား၊ သက်လုံနည်းစနစ်နှင့် စိတ်ဓာတ်တို့ကို မှတ်ကျောက်တင်ခံနိုင်သည်ထိ ပြင်ဆင်ကြရမည်ဖြစ်သည်။ ထို့ပြင် နိုင်ငံတော်အဆင့် ကျင်းပသည့် အားကစားပွဲတော်ကြီး၏ ဂုဏ်ပုဒ်နှင့်အညီ အားကစားစိတ်ဓာတ်၊ အားကစားယဉ်ကျေးမှုကိုပါ မြင့်မြင့်မားမား မြှင့်တင်သွားရန် လိုအပ်သည်။ အမျိုးသားအားကစားပွဲတော်ကြီးတွင် အားကစားသမားတိုင်း၊ အသင်းတိုင်းက အနိုင်မခံအရှုံးမပေး စိတ်ဓာတ်ဖြင့် ရေကုန်ရေခမ်းအစွမ်းကုန် ယှဉ်ပြိုင်ကြရမည်ဖြစ်ပေသည်။

> ❖အားကစားပြိုင်ပွဲဆိုသည်မှာ အနိုင်အရှုံးယှဉ်ပြိုင်သည့် ပြိုင်ပွဲတစ်ခုသာမဟုတ်ဘဲ အဓိပ္ပာယ်များစွာလေးနက်သည်။ အားကစားပြိုင်ပွဲတစ်ခုမှ ပေါ်ထွက်လာသည့် စွမ်းပကားများ၊ ရလဒ်များ၊ အခွင့်အလမ်းများမှာ အားကစားကဏ္ဍ သက်သက်တစ်ခုတည်းသာမဟုတ်ဘဲ တိုင်းပြည်အတွက် အကျိုးဖြစ်ထွန်းစေမည့်ခွန်အားများ ဖြစ်စေသည်။ အားကစားမြှင့်တင်ခြင်းသည် အမျိုးသားရေးစိတ်ဓာတ်ကို မြှင့်တင်ခြင်းနှင့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်ပြီး အားကစားအောင်မြင်ခြင်းသည် နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုကို ရောင်ပြန်ဟပ်စေခြင်းပင်ဖြစ်သည်။ ❖

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သည် နိုင်ငံတော်အဆင့်ဖြစ်သည့်အတွက် ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားများကို ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ရေး၊ အားကစားပြိုင်ပွဲများ အဆင့်အတန်းမြင့်မြင့် ကျင်းပနိုင်ရေး၊ အားကစားသမားများ စိတ်ချမ်းမြေ့စွာ တည်းခိုနေထိုင်ရေးအတွက် နိုင်ငံတော်က စီမံဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၁၅ ခုနှစ် စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ရန်ကုန်တိုင်းဒေသကြီးက ပထမ၊ မန္တလေးတိုင်းဒေသကြီးက ဒုတိယ၊ ပဲခူးတိုင်းဒေသကြီးက တတိယ စသည်ဖြင့်အောင်မြင်မှုများရရှိခဲ့ကြသဖြင့် ယခုကျင်းပမည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင်လည်း အောင်မြင်မှုရရှိခဲ့ကြသည့် အသင်းကြီးများက ဆက်လက်အောင်မြင်မှုရရှိရေး၊ အောင်မြင်မှုမရရှိခဲ့သေးသည့် တိုင်းဒေသကြီး၊ ပြည်နယ်အသင်းများကလည်း ယခုတစ်ကြိမ်တွင် အောင်မြင်မှုရရှိရေးအတွက် ကြိုတင်ပြင်ဆင်၍ စခန်းသွင်း လေ့ကျင့်လျက်ရှိသည်ကို အားတက်ဖွယ်တွေ့မြင်နေရသည်။ ပြည်နယ်နှင့်တိုင်းအားကစားသမားများ၊ ဝန်ကြီးဌာနအလိုက်အားကစားသမားများ သက်ဆိုင်ရာနေရာအသီးသီးတွင် စခန်းသွင်းလေ့ကျင့်နေမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများမှ ကြည့်ရှုအားပေးခြင်းများကို ဝေဝေဆာဆာတွေ့မြင်နေရပြီး အနိုင်ရရှိသည့် ထူးချွန်အားကစားသမားများကိုလည်း ထိုက်ထိုက်တန်တန် ဆုများချီးမြှင့်ပေးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြှင့်ပေးခြင်းဆိုင်ရာ ဂုဏ်ပြုအစီအစဉ်များကိုလည်း ကြားသိရသည့်အတွက် ဝမ်းသာပီတိဖြစ်ရသည်။

အားကစားပြိုင်ပွဲဆိုသည်မှာ အနိုင်အရှုံးယှဉ်ပြိုင်သည့် ပြိုင်ပွဲတစ်ခုသာမဟုတ်ဘဲ အဓိပ္ပာယ်များစွာလေးနက်သည်။ အားကစားပြိုင်ပွဲတစ်ခုမှ ပေါ်ထွက်လာသည့် စွမ်းပကားများ၊ ရလဒ်များ၊ အခွင့်အလမ်းများမှာ အားကစားကဏ္ဍ သက်သက်တစ်ခုတည်းသာမဟုတ်ဘဲ တိုင်းပြည်အတွက် အကျိုးဖြစ်ထွန်းစေမည့်ခွန်အားများ ဖြစ်စေသည်။

အားကစားမြှင့်တင်ခြင်းသည် အမျိုးသားရေးစိတ်ဓာတ်ကို မြှင့်တင်ခြင်းနှင့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်ပြီး အားကစားအောင်မြင်ခြင်းသည် နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုကို ရောင်ပြန်ဟပ်စေခြင်းဖြစ်သည်။ အားကစားတိုးတက်မြင့်မားခြင်းဖြင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာ အဆင့်အတန်းနှင့် ပုံရိပ်ကိုဖော်ပြနိုင်သလို အခြားနိုင်ငံများ၏ လေးစားအားကျခြင်းကို ခံရမည်ဖြစ်သည်။ အားကစားကဏ္ဍ တိုးတက်မြင့်မားခြင်းဖြင့် တစ်မျိုးသားလုံး၏စိတ်ဓာတ်ပိုင်းဆိုင်ရာ၊ ကျန်းမာရေးဆိုင်ရာ အဘက်ဘက်မှ တိုးတက်လာမည်ဖြစ်သည်။ အားကစားစိတ်ဓာတ် အပြည့်အဝရှိသူ၊ အားကစားကို အပြည့်အဝအားပေးသူတစ်ယောက် အနေဖြင့်ဆိုလျှင် မည်သည့်အခက်အခဲပင် တွေ့ကြုံရသည်ဖြစ်စေ အားကစားမှပေးစွမ်းခဲ့သော အနိုင်မခံအရှုံးမပေးလိုသည့် စိတ်ဓာတ်၊ မိမိကိုယ်ကိုယုံကြည်သည့် စိတ်ဓာတ်များဖြင့် ရင်ဆိုင်ကျော်ဖြတ်သွားနိုင်သည့် စိတ်ဓာတ်မျိုးကို အားကစားမှရရှိနိုင်မည်ဖြစ်ပါသည်။

ယခုကျင်းပမည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် ၉ ရပ်တွင် ပါရှိသည့် လူမှုရေးဦးတည်ချက် ၃ ရပ်၏ ဒုတိယအချက်ဖြစ်သော "တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး" အချက်ကိုလည်း အလေးထား အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းဖြစ်သည်။ အမျိုးသားအားကစားပွဲတော်ကြီးကို နိုင်ငံတော်အဆင့် ခမ်းခမ်းနားနား ကျင်းပသွားမည်ဖြစ်၍ နိုင်ငံတော်အစိုးရ၊ မြန်မာ့လက်ရွေးစင်အားကစားသမားဟောင်းကြီးများ၊ NGO အဖွဲ့အစည်းများ၊ အနုပညာရှင်များ၊ မီဒီယာလောကသားများနှင့် ပြည်သူလူထုတစ်ရပ်လုံးက တစ်ဦးချင်း၊ တစ်ယောက်ချင်း ကျရာအခန်းကဏ္ဍအလိုက် အမျိုးသားရေးအသိစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်ကြီးသည် မိမိတို့နိုင်ငံ၏ စည်းလုံးညီညွတ်မှု၊ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်တတ်မှု၊ မျိုးချစ်စိတ် တိုင်းချစ်ပြည်ချစ်စိတ်ရှိမှု၊ တည်ငြိမ်အေးချမ်းမှုများကို ဖော်ထုတ်ပြသနိုင်မည့် အခွင့်အလမ်းတစ်ခုပင်ဖြစ်ပါကြောင်း ကြိုဆိုဂုဏ်ပြုရေးသားလိုက်ရပေသည်။

**ကိုးကား**

**- နေ့စဉ်ထုတ်သတင်းစာများ**


ကျော်တင့်(ရွှေခရမ်း)

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

ဝတ္ထုတိုကဏ္ဍ

# ပျော်မောခဲ့ရ တန်ဆောင်မုန်းလပြည့်ည

ကျွန်းစဉ်မြေစောခက်



(၁)

တန်ဆောင်မုန်းလပြည့်ညသည် လောကကြီးအား ထိန်ထိန်သာအောင် လင်းထိန်ပေးနေ၏။ သို့သော် သစ်ပင်ပန်းမန်တို့ဖြင့် အုပ်ဆိုင်းယှက်သိုင်းနေသော သရက်တောင်ရွာကို ရာနှုန်းပြည့် အလင်းရောင် မပေးနိုင်ပေ။ လဝန်းကြီးပေးသော အလင်းရောင်အကြည်ဓာတ်များမှာ သစ်ရွက်ကြို သစ်ရွက်ကြားများမှသာ နည်းနည်းပါးပါး ပြောက်ပြောက်ကျားကျား ဖြာထိုးကျနေကြသည်။ ဤသည်ပင်လျှင် ခင်နှင်းဖွံတို့ ဖော်တစ်သိုက်အတွက် သည်းခြေကြိုက်ဖြစ်နေပေသည်။

ခင်နှင်းဖွံတို့ ညကိုးနာရီခန့်တွင် လပြည့်ထမင်းချက်ခြင်းလုပ်ငန်း စတင်ကြတော့သည်။ ငရုတ်သီးထောင်းသူက ထောင်း၊ အသား၊ ငါးတုံးသူကတုံး၊ ဟင်းရွက်သင်သူက သင်၊ မဲဇလီဖူး ပြုတ်သူက ပြုတ်ကိုယ့်အလုပ်နှင့်ကိုယ့်တာဝန် သေသေသည်လျက်ရှိကြချေ၏။

(၂)

တန်ဆောင်မုန်းလပြည့်ကျော် ၁ရက်၏ နံနက်ခင်းသည် ပွင့်လင်းရာသီကာလပီပီ အစွမ်းကုန်ကြည်လင်နေပေ၏။ အရှေ့လေပြည်ကလေးအသွေးတွင် ရေးရေးထင်ထင် သစ်ပင်ပန်းပင်တို့ လှုပ်ခတ်နေကြ၏။

''ဒီဟာ ခင်နှင်းဖွံတို့ လက်ချက်နေမှာပဲ။ သူတို့တွေ တစ်ညလုံးသောင်းကျန်းကြတယ်"

မင်္ဂလာ နံနက်ခင်းကို အေးနုခိုင်၏ မကြည်ဖြူသည့် စကားသံက ဖြိုခွင်းလိုက်သလိုရှိသည်။

''မပြောပါနဲ့ သမီးရယ် ခင်နှင်းဖွံဆိုတာလဲ ကိုယ့်ညီမလေးပဲ မဟုတ်လား သည်းခံလိုက်ပါ"

''မရဘူး အမေ၊ သမီး သွားပြောမှာပဲ။ အမေစဉ်းစားကြည့်လေ။ ဒီငှက်ပျောတစ်ပင်ဖြစ်ဖို့၊ သင်္ဘောတစ်ပင်ဖြစ်ဖို့ မျောက်ဥတစ်ကျင်း ဥဖို့ အနည်းဆုံး တစ်နှစ်တိတိ အချိန်ပေးပြီးပြုစုခဲ့ရတာလေ အမေရဲ့"

အေးနုခိုင်တို့ အိမ်နောက်ဘက်တွင် စိုက်ပျိုးထားသည့် အဖူးတစ်တစ်နှင့် ငှက်ပျောပင်ကို အရင်းကပင်ခုတ်လှဲယူသွားကြသည်။ သင်္ဘောသီးတွေကိုလည်း ခူးဆွတ်သွားကြသည်။ မျောက်ဥတစ်ကျင်းကို ဖော်ယက်ပြီး မျောက်ဥတွေ ယူသွားကြသည်။ တန်ဆောင်မုန်းလပြည့်ညကို သူခိုးကြီးညဟု အမည်ကင်ပွန်းတပ်ပြီး သူတစ်ပါး စိုက်ပျိုးထားသော ဟင်းသီးဟင်းရွက်များကို ခိုးယူချက်စားကြသည်မှာ ရင်ထဲမကောင်းစရာပင် ဖြစ်သည်။

အေးနုခိုင်သည် မိမိပိုင်ပစ္စည်းဆုံးရှုံးလိုက်ရသည့်အတွက် မကျေနပ်မှု ခံစားချက်မြင့်တက်လာပြီး အိမ်ရှေ့သို့ထွက်ကာ ခင်နှင်းဖွံတို့ အိမ်ဘက်သို့ သုတ်ခြေတင်ခဲ့လေပြီ။

'' ဟေ့ ခင်နှင်းဖွံ ဆင်းခဲ့စမ်း"

ခင်နှင်းဖွံတို့ အိမ်ရှေ့ရပ်လျက် အေးနုခိုင် သံကုန်မြှင့် အော်လိုက်သည်။

'' အစ်မ ဘာဖြစ်လာတာလဲ"

''အောင်မာ နင်က မသိချင်ယောင်ဆောင်နေတာပေါ့ ဟုတ်လား"

''ကျွန်မ ဘာမှ မသိလို့ပါ အစ်မရယ်"

''နင်တို့ ညတုန်းက ငါ့ခြံထဲက ငှက်ပျော၊ သင်္ဘောနဲ့မျောက်ဥတွေ ခိုးယူသွားကြတာလေ"

'' ဟာ မဟုတ်ဘူးနော် အစ်မ ကျွန်မတို့ မခိုးဘူး"

''ဖြန်း...ဖြန်း"

''ဂွမ်း... ဂလွမ်း...ဂလွမ်း... ဂလွမ်း"

အဖြစ်အပျက်က မြန်ဆန်လွန်းနေသည်။ အေးနုခိုင်မှာ ဒေါသစိတ်ငယ်ထိပ် ရောက်နပြီမို့ အိမ်ပေါ်သို့ ချက်ချင်းပြေးတက်ကာ ခင်နှင်းဖွံပါးကို ဘယ်ပြန်၊ ညာပြန်ရိုက်ပစ်လိုက်သည်။ ခင်နှင်းဖွံမှာ မိမိကိုထိခဲ့ပြီမို့ အေးနုခိုင်ကို တွန်းလှဲလိုက်ရာ အေးနုခိုင် လှေကားပေါ်က လိမ့်ကျသွားပြီး ပျဉ်းကတိုး လှေကားခုံနှင့် ဦးခေါင်းရိုက်မိကာ သွေးခြင်းခြင်းနီခဲ့လေပြီ။

''ဟဲ့...ဟဲ့... သမီး ဘာဖြစ်ကြတာလဲ"

ခင်နှင်းဖွံအမေသည် မီးဖိုခန်းမှကမန်းကတန်း ပြေးဆင်းလာပြီး သမီးကို ချုပ်ကိုင်ထားသည်။

''သမီးကို သက်သက်စော်ကားတာ အမေ၊ သူခိုးလဲ ယိုးတယ်၊ သမီးပါးကိုလဲ ရိုက်တယ်"

''အေး နင်တို့ကို ဥပဒေအတိုင်းပဲ လုပ်တော့မယ်ဟေ့"

အေးနုခိုင် အမေရောက်လာပြီး သူ့သမီးကို ဆွဲခေါ်သွားသည်။

တန်ဆောင်မုန်းလပြည့် သူခိုးကြီးည၏ ပြဿနာသည် ဆွေမျိုးသားချင်း မိသားစုအတွင်း ပဋိပက္ခအသွင် ချက်ချင်းဝင်ရောက်သွားခဲ့လေပြီ။

(၃)

''ခိုင်ရေ"

ခေါ်သံကြားရာ အေးနုခိုင် အိမ်ရှေ့ဘက်သို့ လှမ်းကြည့်လိုက်သည်။ မိမိကို သတင်းလာမေးသော ငယ်ရည်းစား ထွန်းစံမောင်ကို အေးနုခိုင် ပြုံးပြလိုက်သည်။ ထွန်းစံမောင် လက်ထဲက ခြင်းတောင်းကို အေးနုခိုင် အာရုံစူးစိုက်ကြည့်လိုက်မိသည်။ ဒဏ်ရာရနေခိုက် စားစရာတွေ လာပို့သော ငယ်ရည်းစား ထွန်းစံမောင်ကို ရင်ထဲက ကျေးဇူးတင်နေမိသည်။

''ခိုင်ရယ် ခိုင့်ကို ကိုမောင် တောင်းပန်ရအောင် လာခဲ့တာပါ"

''ဩော် ကိုမောင်ကလဲ ဘာကိစ္စတောင်းပန်ရမှာလဲ"

''ခိုင် စိုက်ပျိုးထားတဲ့ အသီးအနှံတွေ သူခိုးကြီးညမှာ ခိုးခဲ့တာ ကိုမောင်ပါ"

''ကိုမောင် ဒီအသီးအနှံတွေ စားချင်လို့ မဟုတ်ပါဘူး။ ကိုယ့်ချစ်သူကို စချင်တာနဲ့ ခုလိုလုပ်လိုက်မိတာပါ ခိုင်ရယ်"

အေးနုခိုင်ထံမှ ဘာစကားသံမျှ ထွက်မလာပါ။

''အခု ဒီမှာ အကုန်လုံး မောင် ပြန်ယူလာတယ်။ ဟောဒီခြင်းတောင်းထဲမှာလေ"

ထွန်းစံမောင် ခြင်းတောင်းကို အေးနုခိုင်ရှေ့သို့ တိုးပေးလိုက်၏။

''ယူမလာနဲ့ သွား ရှင့်မျက်နှာ မကြည့်ချင်ဘူး"

အေးနုခိုင်၏ ဒေါသသံမှာ တော်တော်ကျယ်လောင်စွာမြည်ဟည်းသွားသည်။

''မင်းကို ငါ့သမီးနဲ့ မပေးစားနိုင်ဘူး"

အေးနုခိုင်၏ အဖေ ဦးရွှေသာခိုင်ကပါ စကားဆိုလေပြီ။ ထွန်းစံမောင် နေရာကထပြီး တရွေ့ရွေ့ ခွာခဲ့လေပြီ။

''ဂလွမ်း...လွမ်း...လွမ်း...လွမ်း"

အေးနုခိုင် ခြင်းတောင်းကို ဆောင့်ကန်ချလိုက်ရာ သင်္ဘောသီးလုံးများ၊ မျောက်ဥများ အိမ်ပေါ်မှ ဝရုန်းသုန်းကား ပြန့်ကျဲသွားသည်။

ဒေသဓလေ့စရိုက် သူခိုးကြီးည၏ အကျည်းတန်အဖြစ်အပျက် တစ်ခုသည် ဆွေမျိုးသားချင်း မိသားစုများကြား ပြဿနာကြီးထွားခဲ့သည့်အပြင် ငယ်ကျွမ်းဆွေ ချစ်သူနှစ်ဦးကိုလည်း ကမ္ဘာခြားစေခဲ့လေပြီ။

(၄)

ထွန်းစံမောင်မှာ ဆယ်တန်းနှစ်ခါ ရှုံးနိမ့်ထားသော်လည်း စိတ်ဓာတ်ကျသွားခြင်းကားမရှိ။ လယ်လုပ်ချိန်လယ်လုပ်သည်။ မိဘ အသက်မွေးဝမ်းကျောင်းကို နိုင်သလောက် ကူညီသည်။ ကျေးလက်ရင်ခွင်စာကြည့်တိုက် အဓွန့်ရှည်ရေးအတွက်ကိုလည်း ကိုယ်တိုင်စာကြည့်တိုက်မှူးလုပ်ပြီး ဦးဆောင်သည်။ စာမေးပွဲ ဆက်ဖြေနိုင်ရေးအတွက်ကိုလည်း ကိုယ်တိုင်သင်ယူ လေ့လာသည်။ ဘဝအသိ၏ စေ့ဆော်မှုကြောင်း စာကို ပိုပြီး အရေးစိုက်လာသည်။

ထွန်းစံမောင် ခမောက်ကလေးကို ဆောင်းပြီး လွယ်အိတ်တစ်လုံးကို လွယ်လျက် လှေဆိပ်ဘက်သို့ သုတ်ခြေဝင်လာခဲ့သည်။

''ကဲ ထွန်းစံမောင် လာ လာ မင်းကိုစောင့်နေကြတာ ဒီမှာ လူစုံနေပြီ"

''ဟုတ်ကဲ့ ဟုတ်ကဲ့ လာပါပြီ လာပါပြီ"

ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ လူမှုရေးအဖွဲ့အစည်းဝင်တချို့ စက်လှေပေါ် တက်လိုက်ကြ၏။

မြေပုံမြို့နယ်တွင် ကမ်းထောင်းကြီးရွာသားများဝိုင်းပတ်ဆည်ဖို့ထားသော မိကျောင်းပေါက်လယ်ကွင်းမှာ ဒီရေတိုးပြီး တမံရိုးကျိုးပေါက်သွားသဖြင့် ကျွန်းသူကျွန်းသားများဖြင့် ဆည်မရ၊ ဖို့မရဖြစ်နေ၏။ ဤအခြေအနေကြောင့် မြို့နယ်၏ အစီအစဉ်ဖြင့် ပတ်တန်းကျင်ကျေးရွာများကပါ ဝိုင်းဝန်း ဆည်ဖို့ကြရန် စီစဉ်ပေးကြ၏။ ထွန်းစံမောင်မှာ စာကြည့်တိုက်ကော်မတီအနေဖြင့် ပါဝင်လာခြင်းဖြစ်ပေသည်။

''အရှူးကြီးမြစ်ဘက်က သွားရင်တော့ ရေဆန်တိုးပြီး ခရီးကြာလိမ့်မယ်။ စိတ္တရချောင်းက ဖြတ်ကူးရင်တော့ မြန်လိမ့်မယ်''

စက်လှေပေါ် လိုက်ပါလာကြသူအားလုံး၏ ဆုံးဖြတ်ချက်ဖြင့် စိတ္တရချောင်းကပဲ မောင်းနှင်လာကြသည်။ စက်လှေကလေးမှာ ချောင်းရေပြင်ပေါ် ဖြတ်ပြေးနေသလို ဒီရေကလည်း တရစ်ရစ်ကျနေသည်။ ချောင်းလမ်းခရီးတစ်ဝက် အရောက်တွင် ရေများ ပိုကျလာသဖြင့် စက်ရှိန်လျှော့ပြီး မောင်းလာကြရသည်။

''ဟောဗျာ လှေတင်သွားပြီ မရတော့ဘူး"

ပွဲ့ကိုင်ပေးသူက လှမ်းအော်ပြီး စက်ရပ်ရန် အချက်ပေးလိုက်၏။

''ကဲ ဒါဆို လှေကို ဝိုင်းတွန်းပေးလိုက်ကြရမှာပဲ"

လှေပေါ်က လူများ အကုန်လုံး ချောင်းရေပြင်ထဲ ဆင်းလိုက်ကြသည်။ အေးနုခိုင်တို့ အဖေ ဦးရွှေသာခိုင် တစ်ယောက်သာ လှေပေါ်မှာ ငုတ်တုတ်။ ဦးရွှေသာခိုင်မှာ အဆုတ်ကောင်းသူ မဟုတ်သဖြင့် အမောမခံနိုင်။ လှေကို ဝိုင်းတွန်းလာကြရာ ချောင်းရိုးတစ်ဝက်ကျိုးလာခဲ့ပေပြီ။

''တို့ ဒီအတိုင်းဆိုရင် ကိုးနာရီနဲ့ သတ်မှတ်နေရာရောက်မှာ မဟုတ်ဘူးနော်"

''ဒါဆို ဦးတို့သွားနှင့်ကြလေ။ ကျွန်တော့်လှေကို တဖြည်းဖြည်း တွန်းလာခဲ့မယ်"

''ဖြစ်ပ့ါမလားကွယ် ခရီးက တစ်မိုင်လောက်တောင် ရှိသေးတာနော်။ ရွံ့ကလဲ ကျွံပါဘိသနဲ့"

''ရပါတယ် ဦးတို့ သွားလိုက်ကြပါ။ ပင်ပန်းခံပြီးလာရက်နဲ့ အချိန်မီမရောက်ရင် ကိုယ့်ရွာနာမည်

စာမျက်နှာ ၂၅ သို့ ➤

# မော်လိုက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်စုံ ၁၁၇၅ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မော်လိုက် နိုဝင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် မော်လိုက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်စုံ ၁၁၇၅ ဧကထိစိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မော်လိုက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်စုံ ၂၆၇၉ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၁၇၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မော်လိုက်မြို့နယ်မှာ ဒီနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ ဟင်းသီးဟင်းရွက်စုံဧက ၂၀၀၀ ကျော်စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ဒီနေ့ထိဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မုန်ညင်း၊ငရုတ်၊နံနံ၊အာလူး၊ ခရမ်း၊ မုန်လာထုပ်သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်စုံအားလုံးကို GAPနည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးနေပါတယ်။ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင် ကျန်းမာရေးနဲ့ကိုက်ညီအောင်စိုက်ပျိုးဖို့ တောင်သူတွေကို နည်းပညာတွေ ပေးနေတယ်" ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

မော်လိုက်မြို့နယ်တွင် ယခုနှစ် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAPနည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့် သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့ စိုက်ပျိုးလာရန်အတွက် ဆောင်ရွက်ပေး လျက်ရှိကြောင်း သိရသည်။

မော်လိုက်မြို့နယ်တွင် နှစ်စဉ် ရာသီအလိုက် ဟင်းသီးဟင်းရွက်မျိုးစုံ စိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးကြသော ဟင်းသီးဟင်းရွက်သီးနှံများ အောင်မြင်ဖြစ်ထွန်းပြီး ပိုးမွှားကျရောက်မှု ကင်းစင်ရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးပြုလုပ် သုံးစွဲရေး အသိပညာပေး လျက်ရှိကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

➤ စာမျက်နှာ ၂၄ မှအဆက်

ပျက်နေအုံးမယ်။ လှေကို ကျွန်တော်တာဝန်ယူပါတယ်"

"အေး ဟုတ်ပြီ ဒါဆိုလည်း ဆက်ကြစို့ဟေ့"

ကျေးရွာဥက္ကဋ္ဌ စကားအဆုံးတွင်အဖွဲ့ဝင်များအားလုံး ရွှံ့လတာပြင်ထဲလျှောက်လျက် ခရီးဆက်ခဲ့ကြလေသည်။ ထွန်းစံမောင် ရေပုလင်းထဲက ရေတစ်ကျိုက် မော့သောက်ချတိုက်သည်။ လက်အစုံကို လှေပဲ့ဖျားပိုင်းတွင်တင်ပြီး ခြေထောက်နှစ်ချောင်းကို ဘယ်ညာ နင်းကာ အားကုန်တွန်းလိုက်တော့သည်။ ရွှံ့ပျော့မြေဖြစ်သဖြင့် လှေတွန်းရသည်မှာ အခက်အခဲမရှိလှပေ။ လှေတွန်းနေရာက ထွန်းစံမောင် ဦးခေါင်းကို နည်းနည်းမော့ပြီး ကြည့်လိုက်သည်။ တစ်ချိန်က ယောက္ခမလောင်းဖြစ်ခဲ့သော ဦးရွှေဘခိုင်မှာ ထွန်းစံမောင်အား ကျောခိုင်းကာထိုင်လျက်ရှိသည်ကို တွေ့လိုက်ရသည်။ တန်ဆောင်မုန်းလပြည့်ည တစ်ည၏ အကျည်းတန်ဖြစ်ရပ်သည် ထွန်းစံမောင် နှလုံးအိမ်အား ဝင်ဆောင့်၏။

"သွား...သွား...သွား မင်းလိုကောင်ကို ငါ့သမီးနဲ့ မပေးစားနိုင်ဘူး"

လက်ညှိုးငေါက်ငေါက်ထိုးပြီး အိမ်ပေါ်က မောင်းချခဲ့သည့် ကျေးရွာလူကြီး ဦးရွှေသာခိုင်။ ထွန်းစံမောင် ကိုယ်လှမ်းထွက်ရမည့် လမ်းကို ကြည့်မမြင်ရအောင်ထိ မျက်လုံးများပြာဝေပြီး အရှက်ရခဲ့သည်။ ထွန်းစံမောင်တွေးရင်း ဒေါသစိတ်ချက်ချင်း မြင့်တက်သွားသည်။

"ငါ့ကို အရှက်ရအောင်ထိ ပြောဆိုခဲ့တဲ့လူကို ငါက ဘာလို့ လှေပေါ်တင်ပြီး အပင်ပန်းခံ တွန်းနေရမှာလဲ။ သူဘာပဲ ဖြစ်နေဖြစ်နေ ငါနဲ့ မဆိုင်ဘူး ငါထားခဲ့မယ်"

ဒေါသနှင့် မစ္ဆရိယသည် စိတ်ဒဏ်ရာကို ထိုးဆွလာသည်။ လှေအသွားရပ်သွားသလိုတွေ့၍ ဦးရွှေသာခိုင် နောက်သို့လှည့်ပြီး ကြည့်လိုက်၏။ မျက်စိနောက်နောက်နှင့် စိုက်ကြည့်နေသော ထွန်းစံမောင်နှင့် အကြည့်ချင်းဆုံသွားရာ ဦးရွှေသာခိုင် အကြည့်တွေ ချက်ချင်းရုတ်သိမ်းပစ်လိုက်သည်။

"အဟွတ်...အဟွတ်...အဟွတ်"

မြောက်လေပြင်းက အဆုတ်ကို ထိခိုက်စေသလားမသိ။ ဦးရွှေသာခိုင် ချောင်းတဟွတ်ဟွတ် ဆိုးလာသည်။

"သြော် သူ့ခမျာ သနားပါတယ် နေမကောင်းရတဲ့ကြားထဲ ကျေးရွာတာဝန်နဲ့ လိုက်လာရတယ်။ ငါ ဒီအတိုင်း ပစ်ထားခဲ့ရင် တစ်နေကုန်နေပူကြီးထဲ ထိုင်နေရမယ် ထမင်းငတ်၊ ဟင်းငတ်နဲ့ ရောဂါပိုတိုးလာနိုင်တယ်"

"သူ ငါ့ကို ပြောမိဆိုမိတာ သမီးချစ်ဇောနဲ့ ပြောမိခဲ့တာပဲ"

ကိုယ်ချင်းစာစိတ်နှင့် ဆင်ခြင်တုံတရားသည် ထွန်းစံမောင် အသိအိမ်အား သတိပေးနေချေလေ၏။

ထွန်းစံမောင် ခေါင်းကလေးကိုမော့ပြီး အသက်ကို ဝဝရှူသွင်းလိုက်၏။ ချက်ချင်းပင် ရွှံ့ပြင်ကို ခြေကန်ကာ လှေကို ဆောင့်တွန်းလိုက်ရာလှေမှာ လင်းမြွေကြီးတစ်ကောင်လို ရွှံ့လတာပြင်ပေါ်ပြေးနေပေတော့သည်။

(၅)

မုတ်သုံမိုးသည် သံစဉ်မှန်မှန်လေးဖြင့် ငြိမ့်ငြိမ့်အေးအေး ရွာနေ၏။ ထွန်းစံမောင် ထီးကလေးကို မတ်မတ်ထောင်ဆောင်းပြီး ဦးရွှေသာခိုင်တို့ အိမ်ဝင်းထဲသို့ လှမ်းဝင်လိုက်၏။

"မောင်ထွန်းစံမောင် လာပါကွဲ့"

ထွန်းစံမောင် ထီးကို ခေါက်ပြီး နံရံမှာ ချိတ်ကာ အိမ်ထဲသို့ ဝင်ပြီး ဦးရွှေသာခိုင် ရှေ့တွင် ဝင်ထိုင်လိုက်သည်။

"ဆောင်းတွင်းတုန်းက မိကျောင်းပေါက်ကုန်းသွားကြတုန်း ဦးကို လှေပေါ်တင်တွန်းပေးတာ ကျေးဇူးတင်မဆုံးပါဘူးကွယ်"

"နေမကောင်းတဲ့ကြားထဲက လိုက်ပါပြီး ကိုယ်ကျေးရွာအတွက် ပါဝင်ခဲ့တဲ့ ဦးရဲ့အသင်းအဖွဲ့လိုက်ဆောင်ရွက်လိုစိတ်လူမှုရေး အသိရှိမှုကို လေးစားပါတယ် ဦး"

"ဦးကို တစ်ခု ပြောပါရစေ။ ကျွန်တော် ဒီနှစ်ဆယ်တန်း အပြင်ဖြေနဲ့ဖြေတာ အောင်သွားပါပြီ။ အမှတ်လဲကောင်းပါတယ်။ အဲဒါ ရေဆင်းစိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ် လျှောက်ဖို့ စီစဉ်ထားပါတယ်"

"ကောင်းတာပေါ့ကွယ်။ ကိုယ့်ဒေသနဲ့လည်း အံဝင်ခွင်ကျဖြစ်တာပေါ့"

"ဟုတ်ကဲ့ပါဦး။ ဦးကို ဒါလေး တစ်ချက်ပြောချင်လို့ပါ။ ကျွန်တော် ပြန်မယ်နော် ဦး"

"ကိုမောင် မသွားနဲ့အုံး။ ရခိုင်မုန့်တီချက်ထားတယ်။ စားသွားပါအုံး"

အေးနုခိုင် ထမင်းစားခုံဝိုင်းလေးကို လိုမ့်ထုတ်ယူလာရင်း ပြောလိုက်ရာ ထွန်းစံမောင် ရင်ခုန်သလို ဖြစ်သွားပြီး ပြုံးရယ် ဖြစ်သွားတော့သည်။ အကြည့်ချင်းဆုံးရင်ခုန်ရသည့် သမုဒယ နှလုံးသားတစ်စုံ အချစ်တို့ဖြင့် ငံ့လင့်ကြိုဆိုလျက်ရှိကြလေရဲ့။

## မြန်မာအမျိုးသမီးများ

\- ခြုံပုဝါ ဘယ်ညာချ
ကြွယ်ပါလှ ယဉ်ကျေးမှု၊
ရိုးရိုးယဉ် အဝတ်စားဖြင့်
ခံ့ညားပါသူ၊
စံထားလို့ အသွင်ယူ
မဒီ သမ္ဘူ ပမာမှျ၊
ဣန္ဒြေထည် ကောင်းအကျင့်နှင့်
ဂုဏ်တင့်လေစွ။

\- လှပျိုဖြူ ခင်နုမ
ယဉ်စစ ပြုံးချိုချို၊
ကြင်နာ သဒ္ဓါအားနှင့်
မေတ္တာများပို၊
မြန်မာ၏ မူဟန်ကို
ထိန်းသိမ်းလို တန်ဖိုးထား၊
ချိတ်ထဘီ ရွှေရင်ဖုံး
ဆင်ထုံးဖွဲ့တကား။

\- ကြီးသူရိုသေ ငယ်သူသနား
မဝင့်ကြွားဘဲ မာနပယ်၊
အမျိုးဘာသာ သာသနာတွက်
ထမ်းရွက်ကာကွယ်၊
မြော်မြင်မှု တွေးအားကြွယ်
လေးစားဖွယ် သည်စိတ်ဓာတ်၊
စာကဗျာ သီကာနွဲ့လို့
ရေးဖွဲ့ကာမှတ်။ ။

ကိုရွှေတောသား(ဆင်ကူး)

## ငဖဲမြို့နယ် ဇီးတောကြီးကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**ငဖဲ နိုဝင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ဇီးတောကြီးကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို နိုဝင်ဘာ ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းနှင့် တာဝန်ခံ အင်ဂျင်နီယာတို့က ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ဇီးတောကြီးကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် မှာကြားပြီး ကျေးရွာ၏ တင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဇီးတောကြီးကျေးရွာ၌ လမ်းအရှည် ပေ၃၅၉၀၊ အကျယ် ၁၂ ပေ၊ အမြင့်ကိုးလက်မရှိ မြေနီကျောက်စရစ်လမ်းခင်းခြင်း လုပ်ငန်းကို VDP စီမံကိန်း ပံ့ပိုးငွေကျပ်သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် ၃၈ သိန်း စုစုပေါင်းငွေကျပ် ၁၈၈ သိန်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဩဂုတ်လ ၁၃ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

**ဇင်မာ**

# မြန်မာ့ဓလေ့ထုံးတမ်း အမွေဆက်ခံခြင်းအကြောင်း သိကောင်းစရာ

မြန်မာ့ဓလေ့ထုံးတမ်းအမွေခန်းသည် လွန်စွာမှပင် နက်နဲသိမ်မွေ့လွန်းပါသည်။ အမွေဆက်ခံခွင့်နှင့်ပတ်သက်၍ ပြဋ္ဌာန်းထားသော်လည်း သာမန်ပြည်သူများအနေဖြင့် သိနားလည်ရန် လွန်စွာခက်ပါသည်။ သာမန်အားဖြင့် မိဘနှစ်ပါးကွယ်လွန်ပါလျှင် ကျန်ရစ်သည့်အမွေပုံပစ္စည်းကို သားသမီးများက ဆက်ခံခွင့်ရှိသည်ကိုတော့ သိရှိကြပါသည်။ သို့ရာတွင် လင်ပါ၊ မယားပါသားသမီးများ၊ အပတိဋ္ဌသားသမီးများ၊ ဦးကြီး၊ ဒေါ်ကြီးများ စသည်တို့၏ အမွေဆက်ခံခွင့်ကို လုံးစေ့ပတ်စေ့မသိရှိသူများပါသည်။ လမ်းညွှန်စီရင်ထုံးတစ်ခုကို ဖတ်ရှုလိုက်ရပါသည်။ အမွေဆက်ခံခွင့်နှင့်ပတ်သက်၍ အများပြည်သူသိသင့်သိထိုက်သည်ဖြစ်၍ ရေးသားတင်ပြပါဦးမည်။

စစ်ကိုင်းတိုင်း ချောင်းဦးမြို့နယ်တရားရုံး တရားမကြီးမှုအမှတ်-၂/၇၈ တွင် ဒေါ်အေးညွန့်၊ ဒေါ်အေးမေ၊ ဒေါ်အေးမြေ၊ ဒေါ်တင်လှိုင်၊ ဒေါ်တင်ညွန့်နှင့်မောင်မြငွေတို့ခြောက်ဦးက မအေးထား၊ မောင်တင်မောင်နှင့် မသန်းပို တို့အပေါ် ကွယ်လွန်သူ ဦးအောင်တင်နှင့်ဒေါ်ခင်တို့၏ ကျန်ရစ်သောအိမ်နှင့် ပရိဘောဂများကိုပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးရန်နှင့် လက်ရောက်ရလိုကြောင်း တရားစွဲဆိုရာ အနိုင်ရရှိခဲ့သည်။

မအေးထားပါ သုံးဦးတို့က မြို့နယ်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို မကျေနပ်သဖြင့် စစ်ကိုင်းတိုင်းတရားရုံးတွင်အယူခံဝင်ရာ တိုင်းတရားရုံးက မြို့နယ်တရားရုံး၏စီရင်ချက်နှင့် ဒီကရီကိုပယ်ဖျက်ပြီး ဒေါ်အေးညွန့်တို့စွဲဆိုသောအမှုကို ပလပ်လိုက်သောကြောင့် ဒေါ်အေးညွန့်တို့က ဗဟိုတရားရုံးတွင် ဒုတိယအယူခံမှု တင်သွင်းခဲ့ပါသည်။

**ဗဟိုတရားရုံး၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

မူလရုံးတရားလို ဒေါ်အေးညွန့်တို့က မိမိတို့သည် ဦးအောင်တင်နှင့်ဒေါ်ရင်တို့၏ သားသမီးများဖြစ်ကြောင်း၊ တရားမစွဲဆိုမီ ၂၈ နှစ်ခန့်က မိခင် ဒေါ်ရင် ကွယ်လွန်သွားရာ နောက်တစ်နှစ်ခန့်အကြာတွင် ဖခင်ဖြစ်သူ ဦးအောင်တင်က မိမိတို့အား အမွေခွဲဝေပေးခြင်းမပြုဘဲ လှည်းတစ်စီး နွားနှစ်ကောင် အိမ်ထောင်ပရိဘောဂအစုံနှင့် အခြားပစ္စည်းတို့ကို ယူဆောင်ကာ ဒေါ်ခင်ဆိုသူနှင့် နောက်အိမ်ထောင်ပြုကြောင်း၊ ဒေါ်ခင်နှင့် သားသမီးမထွန်းကားကြောင်း၊ ဦးအောင်တင်နှင့်ဒေါ်ခင်တို့သည် ၁၃၃၉ ခုနှစ်အတွင်းတွင် ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားကြောင်း သို့ဖြစ်၍ မိမိတို့သည် အချင်းဖြစ်အိမ်နှင့် အိမ်ပေါ်မှ ပစ္စည်းများကိုအမွေရသည့်အလျောက် ထိုပစ္စည်းများကို မိမိတို့ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးရန်နှင့် လက်ရောက်ရလိုကြောင်း တရားစွဲဆိုခဲ့ခြင်းကို ဗဟိုတရားရုံးက စိစစ်ခဲ့ပါသည်။

ဤအမှုတွင် အငြင်းမပွားသည့်အချက်မှာ ကွယ်လွန်သူ ဦးအောင်တင်နှင့်ဒေါ်ခင်တို့သည် အချင်းဖြစ်အိမ်တွင် နေထိုင်လာခဲ့ရာမှ ထိုအိမ်မှာပင် ဦးအောင်တင်ကွယ်လွန်၍ ဒေါ်ခင်သည် နေထိုင်မကောင်းသဖြင့် မသန်းပိုအိမ်သို့ ပြောင်းရွှေ့နေထိုင်ရာ ကိုးရက်အကြာတွင် ကွယ်လွန်သည်ဆိုသော အချက်ဖြစ်သည်။ မူလရုံးတရားလို မအေးထားက ဒေါ်ခင်၏မိခင် ဒေါ်နီ သေဆုံးပြီးနောက် ဒေါ်ခင်သည် ဒေါ်နီကျန်ရစ်သောမြေကို ရောင်းချ၍ အချင်းဖြစ်မြေကိုဝယ်ယူခဲ့ကြောင်း၊ အမှုတွင် အငြင်းပွားနေသော အိမ်ထောင်ပရိဘောဂများမှာမူ ဒေါ်ခင်ပိုင်ပစ္စည်းများဖြစ်ကြောင်း ရုံးရှေ့ထွက်ဆိုခဲ့သည်။

အချင်းဖြစ်အိမ်နှင့်မြေမှာ ဦးအောင်တင်နှင့် ဒေါ်ခင်တို့မသေမီ လက်ရှိဖြစ်သဖြင့် ထိုမြေကို ဒေါ်ခင်နှင့်မအေးထားတို့၏မိခင် ဒေါ်တင်တို့ ပူးတွဲပိုင်ဆိုင်ကြောင်း သက်သေပြရန်တာဝန်မှာ မအေးထားတို့အပေါ်တွင် ကျရောက်ပေသည်။ သို့သော် ထိုအချက်နှင့်စပ်လျဉ်း၍ သူတို့သည် ခိုင်လုံသော သက်သေခံချက်တင်ပြနိုင်ခြင်းမရှိပေ။ သို့ရာတွင် အချင်းဖြစ်အိမ်မှာ ဒေါ်ခင်ပိုင်ဖြစ်ကြောင်း ဦးဘသန်း၏ ထွက်ချက်အရ ပေါ်ပေါက်ကြောင်း ဗဟိုတရားရုံးက စိစစ်ဖော်ထုတ်ခဲ့ပါသည်။

ဦးအောင်တင်နှင့်ဒေါ်ခင်တို့သည် သားသမီး မရရှိခဲ့ပေ။ သူတို့သည် ကိတ္တိမသားသမီး မွေးစားထား



ကြောင်းလည်းမပေါ်ပေါက်ပေ။ **မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ မိထွေး၊ပထွေးတို့၏ ခင်ပွန်းဖြစ်စေ၊သားသမီး၊ မြေး၊ မြစ် စသော သွေးရင်းအဆက်အနွယ်များဖြစ်စေ၊ ကိတ္တိမမွေးစားသားသမီးများဖြစ်စေ မရှိလျှင် လင်ပါ၊ မယားပါ သားသမီးများသည် မိထွေး၊ ပထွေး၏အမွေကို ဆက်ခံခွင့်ရှိကြောင်း** ဗဟိုတရားရုံးက ဆန်းစစ်ဝေဖန်ဖော်ထုတ်ခဲ့ပါသည်။

**အယူခံတရားလို ဒေါ်အေးညွန့်ပါ ခြောက်ဦးတို့သည် ဒေါ်ခင်၏ လင်ပါသားသမီးများဖြစ်ကြ၍ မအေးထားနှင့် မသန်းပိုတို့မှာ တူမများသာဖြစ်သဖြင့် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ လင်ပါသားသမီးများဖြစ်ကြသော ဒေါ်အေးညွန့်ပါ ခြောက်ဦးတို့သည် ဒေါ်ခင်ကျန်ရစ်သောပစ္စည်းကို အမွေဆက်ခံနိုင်ခွင့်ရှိပြီး ဒေါ်ခင်၏တူမများဖြစ်သော မအေးထားပါ သုံးဦးတို့မှာ ဒေါ်ခင်၏အမွေကို ဆက်ခံခွင့်မရှိကြောင်း** စိစစ်သုံးသပ်ခဲ့ပါသည်။

ထို့ကြောင့် အယူခံကို ခွင့်ပြု၍ တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကိုပယ်ဖျက်ပြီး မြို့နယ်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို တရားရုံးအဆင့်ဆင့် စရိတ်နှင့်တကွ အတည်ပြုလိုက်ပါသည်။ **မအေးညွန့်ပါ ခြောက်ဦးနှင့် မအေးထားပါ သုံးဦး ၁၉၇၉ ခုနှစ် တရားမဒုတိယအယူခံမှုအမှတ်-၂၄** မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအမွေဆက်ခံခြင်းနှင့်သက်ဆိုင်သည့် အမှုစီရင်ထုံးဖြစ်ပါသည်။

တစ်ဆက်တည်းမှာပင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေပါ အမွေခွဲဝေခြင်းနှင့်သက်ဆိုင်သည့် ပြည်သူအများသိသင့်သိထိုက်သော အမှုတစ်ခု၏ စီရင်ထုံးကို ရှာဖွေဖော်ထုတ်ရေးသား တင်ပြပါဦးမည်။

ရှမ်းပြည်နယ် နမ္မတူမြို့နယ်တရားရုံး တရားမကြီးမှုအမှတ်-၇/၇၄ တွင် မူလရုံး တရားလို မောင်အုန်းမြင့်က မူလရုံးတရားပြိုင် ဦးအောင်ညွန့်အပေါ် အချင်းဖြစ်အိမ်မှာ မိမိအမွေရသောအိမ်ဖြစ်၍ ပိုင်ဆိုင်ခွင့်ရှိကြောင်းသတ်မှတ်ပေးရန် လျှောက်ထားစွဲဆိုရာ အနိုင်ရရှိခဲ့သည်။ ဦးအောင်ညွန့်က မြို့နယ်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကိုမကျေနပ်၍ ရှမ်းပြည်နယ်တရားရုံးတွင် အယူခံဝင်ရာ မအောင်မြင်သောကြောင့် ဗဟိုတရားရုံးသို့ တရားမဒုတိယအယူခံမှု တင်သွင်းခဲ့ပါသည်။

**ဗဟိုတရားရုံး၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

အယူခံတရားလို ဦးအောင်ညွန့်သည် ဒေါ်နိုင်းဆွဲငင်း၏မွေးစားသားဖြစ်ပြီး အယူခံတရားပြိုင် မောင်အုန်းမြင့်သည် ၎င်း၏မွေးစားသမီး ဒေါ်သိန်းခင်၏ သားဖြစ်သည်။ ဒေါ်နိုင်းဆွဲငင်း ကွယ်လွန်သောအခါ ဦးအောင်ညွန့်၊ ဒေါ်သိန်းခင်နှင့် မောင်အုန်းမြင့်တို့သည် ရပ်ကွက်ရုံးကော်မတီဝင်များရှေ့တွင် ဒေါ်နိုင်းဆွဲငင်း ကျန်ရစ်သောပစ္စည်းများကို ခွဲဝေယူကြသည်။

အယူခံတရားပြိုင် မောင်အုန်းမြင့်က အချင်းဖြစ်မြေကွက်နှင့် မြေကွက်ပေါ်တွင် တည်ရှိသောအိမ်ကို ခွဲဝေရရှိခဲ့သည်။ မြေဂရန်ကို သူ၏အမည်သို့ပြောင်းလဲပေးရန် လျှောက်ထားသောအခါ အယူခံတရားလို ဦးအောင်ညွန့်က ကန့်ကွက်ကြောင်း စသည်ဖြင့် မောင်အုန်းမြင့်ကအဆိုပြုရာ မိမိအမွေရသည့် မြေနှင့်အိမ်ကို ပိုင်ဆိုင်လိုပါ၍ တရားရုံးမှ အရေးယူဆောင်ရွက်ပေးပါမည့်အကြောင်း နမ္မတူမြို့နယ်တွင် လျှောက်ထားသောအမှုဖြစ်ကြောင်း ဗဟိုတရားရုံးက စိစစ်ခဲ့သည်။

ဤအမှုတွင် ကိုစံရွှေ(လိုပြ-၄)၊ ဦးစံပု (လိုပြ-၆) နှင့် အခြားရပ်ရွာလူကြီးများရှေ့တွင် ဒေါ်နိုင်းဆွဲငင်း ကွယ်လွန်ပြီး ခုနစ်ရက်အကြာ၌ ၎င်း၏ အမွေအနှစ်များကို ဦးအောင်ညွန့်၊ ဒေါ်သိန်းခင်နှင့် မောင်အုန်းမြင့်တို့ခွဲဝေယူကြရာ မောင်အုန်းမြင့်က အချင်းဖြစ်မြေနှင့်အိမ်ကို ရရှိခဲ့ကြောင်း အငြင်းမပွားပေ။ မောင်အုန်းမြင့်သည် အဘွားဖြစ်သူနှင့်အတူနေ၍ အဖွားဖြစ်သူအား ပြုစုစောင့်ရှောက်ခဲ့သဖြင့် အဘွား၏မှာကြားချက်အရ အချင်းဖြစ်အိမ်ကိုရရှိခဲ့ခြင်းဖြစ်ကြောင်း ဦးစိုးဝင်း (လိုပြ-၃)က ထွက်ဆိုသည်။ နမ္မတူမြို့နယ် ပြည်သူ့ကောင်စီဥက္ကဋ္ဌ ဦးစံပု (လိုပြ-၆)က ဦးစိုးဝင်းအား ထောက်ခံထွက်ဆိုခဲ့သည်။

အယူခံတရားလို၏ အချေလွှာအပိုဒ်-၃ တွင် အောက်ပါအတိုင်း ဖော်ပြထားသည်။

"(လို)က ၎င်းမြေကွက်ပေါ်ရှိနေအိမ်ကို တစ်ဦးတည်း၏အမည်ဖြင့်ထားရှိရန် လျှောက်ထားခြင်းမှာ (တရားမျှတ)မှုမရှိဟု ထင်မြင်ယူဆရပါသဖြင့် ထိုအိမ်ပိုင်ဆိုင်မှုကို (တရားလို)နှင့် (တရားပြိုင်)နှစ်ဦးစလုံး ညီတူညီမျှခွဲဝေပေးမှသာလျှင် တရားမျှတမှုရှိမည်ဟု ထင်မြင်ယူဆရသည့်အတွက် အညီအမျှ(မျှတမှု)ရှိစေရန် စီရင်ဆုံးဖြတ်ပေးပါမည့်အကြောင်း လျှောက်ထားထုချေအပ်ပါသည်"။

ဤထုချေချက်အရဆိုလျှင် ဦးအောင်ညွန့်သည် မောင်အုန်းမြင့်အား အမွေခွဲဝေပေးခြင်းကို လက်မခံ၍မဟုတ်ဘဲ အချင်းဖြစ်အိမ်၏ တစ်ဝက်ကို ထပ်မံရလိုသေး၍ အမှုရင်ဆိုင်နေခြင်းဖြစ်ကြောင်း ပေါ်လွင်ပေသည်ဟု ဗဟိုတရားရုံးက စိစစ်ဝေဖန်သုံးသပ်ခဲ့ပါသည်။

ဤအယူခံတွင် အဓိကအကြောင်းပြချက်မှာ မောင်အုန်းမြင့်သည် ကွယ်လွန်သူ ဒေါ်နိုင်းဆွဲငင်း၏ မြေးသာဖြစ်၍ မိခင် ဒေါ်သိန်းခင် အသက်ထင်ရှားရှိနေသဖြင့် ဖွားအေ၏အမွေကို ဆက်ခံခွင့်မရှိကြောင်းဟူသည့်အချက်ဖြစ်သည်။ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ မိဘဖြစ်သူ အသက်ထင်ရှားရှိနေလျှင် မြေးဖြစ်သူသည် ဘိုးဘွားတို့၏ အမွေနှစ်ကို ဆက်ခံခွင့်မရှိပေ။ သို့သော် ဤအမှုတွင် အထက်တွင် သုံးသပ်ခဲ့သည့်အတိုင်း ဦးအောင်ညွန့်၊ ဒေါ်သိန်းခင်နှင့်မောင်အုန်းမြင့်တို့သည် ဒေါ်နိုင်းဆွဲငင်း၏ အမွေပုံစွည်းများကို သဘောတူခွဲဝေရယူကြခြင်းဖြစ်သည်။ ထိုသို့ခွဲဝေပြီးနောက် သုံးနှစ်ကျော်ကာလအတွင်း အမွေကိစ္စနှင့်ပတ်သက်၍ အငြင်းပွားမှုမရှိခဲ့ဘဲ မောင်အုန်းမြင့်က မြေဂရန်ကို သူ့အမည်သို့ပြောင်းယူရန် လျှောက်ထားသည့်အခါမှ ဦးအောင်ညွန့်က ကန့်ကွက်ပြောဆိုလာသဖြင့် မောင်အုန်းမြင့်က ဤအမှုကိုစွဲဆိုခြင်းဖြစ်ကြောင်း ပေါ်ပေါက်သည်ဟု ဗဟိုတရားရုံးက စိစစ်ဝေဖန်ခဲ့ပါသည်။

ဦးအောင်ညွန့်တို့သုံးဦးသည် အမွေခွဲဝေယူရန် သဘောတူညီခဲ့ကြသဖြင့် ဦးစံပု(နမ္မတူမြို့နယ် ပြည်သူ့ကောင်စီဥက္ကဋ္ဌ)က အိမ်တွင်းရှိပစ္စည်းများနှင့် ရွှေငွေများ ထုတ်ယူလာရန် ပြောကြားချက်အရ မောင်အုန်းမြင့်က ရွှေငွေပစ္စည်းများကို ထုတ်ပေးခဲ့ကြောင်း၊ ဦးမောင်လေး (လိုပြ-၂)ကထွက်ဆိုသည်။ ထိုပစ္စည်းများကို ဦးအောင်ညွန့်တို့သုံးဦး အညီအမျှ ခွဲဝေယူကြသည်။ ဦးအောင်ညွန့်သည် ဒေါ်နိုင်းဆွဲငင်း၏ အမွေပစ္စည်းများကိုခွဲဝေယူရန် ဒေါ်သိန်းခင်နှင့် မောင်အုန်းမြင့်တို့အားယုံကြည်စေပြီး ခွဲဝေယူခဲ့ခြင်းဖြစ်ကြောင်း အမှုတွဲတွင်ဖော်ပြသည်။ **ဤအခြေအနေတွင် အမွေခွဲဝေမှုမှာ မြန်မာ့ဓလေထုံးထမ်းဥပဒေပါ အမွေခန်း တရားဥပဒေနှင့် ညီညွတ်သည်ကို အကြောင်းပြုပြီး ခိုင်မာမှုမရှိဟု ဦးအောင်ညွန့် ဒေါ်သိန်းခင်နှင့် မောင်အုန်းမြင့်တို့သည် သက်သေခံဥပဒေပုဒ်မ-၁၁၅ အရ ငြင်းဆိုခွင့်မရှိတော့ကြောင်း** ဗဟိုတရားရုံးက တိကျပြတ်သားစွာ စိစစ်သုံးသပ်ခဲ့ပါသည်။

ဤအယူခံတရားလို ဦးအောင်ညွန့်၏အကျိုးဆောင်က အမွေခွဲဝေခြင်းကို စာဖြင့်ရေးသား၍ မှတ်ပုံတင်ထားခြင်းမရှိ၍ တရားမဝင်ကြောင်း တင်ပြလျှောက်ထားသည်။ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေပုံကို နှုတ်ဖြင့်ခွဲဝေယူနိုင်သည်။ သို့သော် အမွေခွဲဝေယူမှုကို စာဖြင့်ရေးသားထားပြီး ထိုသဘောတူညီချက်စာတမ်းတွင် တန်ဖိုးငွေကျပ် ၁၀၀ ထက်ပိုသည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းပါဝင်နေပါမူ ထိုစာတမ်းကို မှတ်ပုံတင်အက်ဥပဒေနှင့်အညီ မှတ်ပုံတင်ဖို့လိုပေသည်။ ဤအမှုတွင် ဦးအောင်ညွန့်၏ ထွက်ဆိုချက်အရပင် နှုတ်ဖြင့်အမွေခွဲဝေခဲ့ကြောင်း ပေါ်ပေါက်နေသည်ဖြစ်၍ သူတို့သုံးဦး အမွေခွဲဝေခြင်းမှာ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ခိုင်လုံပေကြောင်း ဗဟိုတရားရုံးကသုံးသပ်၍ အယူခံမှုကို ပလပ်လိုက်ပါသည်။

**ဦးအောင်ညွန့်နှင့် မောင်အုန်းမြင့် ၁၉၇၉ ခုနှစ် တရားမဒုတိယအယူခံမှုအမှတ်-၂၁** စီရင်ထုံးကို ရည်ညွှန်းကိုးကားရေးသားတင်ပြလိုက်ရပါသည်။

စိန်လှိုင်ဗိုလ်

# ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း တီလားဖီးယားငါး ပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ညောင်တုန်း နိုဝင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း တီလားဖီးယားငါး ပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ပွဲရုံပိုင်ရှင် ဒေါ်လဲ့လဲ့က ပြောပြ၍ သိရသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်းက တီလားဖီးယားငါး ပိဿာချိန် ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်ထိ တီလားဖီးယားငါးပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါဒေသတွင် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းများသည် ဒေသထွက် ရေထွက်ကုန်ပစ္စည်းများကိုဝယ်ယူပြီး စနစ်တကျသန့်စင်ကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်းသိရသည်။

" ဒီဘက်ကနေ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်။ ပြည်တွင်း ရန်ကုန်ဈေးကွက်ကလဲ တီလားဖီးယားငါးတွေ ဝယ်ယူမှုများနေတာကြောင့် ပိဿာချိန်တော်တော်များများတင်ပို့ရောင်းချခဲ့ရတယ်။ ငါးပိဿာချိန်တွေတော်တော်များများတင်ပို့ရောင်းချနေရတာကြောင့် ရေလုပ်ငန်းရှင်တွေနဲ့ ကုန်သည်တွေပါ အဆင်ပြေနေပါတယ်။ အခု ငါးဝယ်လိုအားကောင်းလာတာကြောင့် မွေးမြူသူတွေ ငါးအကောင်ရေ ထပ်တိုးမွေးလာတာ တွေ့ရပါတယ်"ဟု ညောင်တုန်းမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်လဲ့လဲ့က ပြောပြသည်။

ညောင်တုန်းမြို့နယ်တွင် မွေးမြူသည့် တီလားဖီးယားငါးနှင့် သဘာဝအတိုင်း ဖမ်းဆီးရရှိသည့် တီလားဖီးယားငါးများ ထွက်ရှိကြောင်း၊ ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေသည့် တီလားဗီယားငါး တစ်ပိဿာလျှင် ငွေကျပ် ၉၅၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မုံရွာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၁၁၈၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**မုံရွာ နိုဝင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၁၁၈၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကြက်သွန်နီ ဧက ၁၁၂၅၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်၍ ယနေ့ထိစိုက်ပျိုးခဲ့ရာ ၁၁၈၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မုံရွာခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကြက်သွန်နီဧက ၁၀၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီစွာ စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်နေပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

မုံရွာခရိုင်တွင် မြို့နယ်အလိုက် ကြက်သွန်နီစိုက်ပျိုးပြီးစီးမှုအနေဖြင့် မုံရွာမြို့နယ်တွင် ၄၁၁ ဧက၊ ဘုတလင်မြို့နယ်တွင် ၂၃၈ ဧက၊ အရာတော်မြို့နယ်တွင် ၁၅၅ ဧကနှင့် ချောင်းဦးမြို့နယ်တွင် ၃၈၅ ဧက စုစုပေါင်း ၁၁၈၉ ဧကတို့ဖြစ်ကြောင်း သိရသည်။

မုံရွာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကြက်သွန်နီ စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် မုံရွာမြို့နယ်တွင် ဧက ၇၃၅၀၊ ဘုတလင်မြို့နယ်တွင် ဧက ၆၀၀၊ အရာတော်မြို့နယ်တွင် ဧက ၂၀၀ နှင့် ချောင်းဦးမြို့နယ်တွင် ဧက ၃၁၀၀ စုစုပေါင်း ၁၁၂၅၀ ဧကတို့ ဖြစ်ကြောင်း သိရသည်။



မုံရွာခရိုင်တွင် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ကြက်သွန်နီစိုက်တောင်သူများအဆင်ပြေစေရန် ဈေးကွက်ချိတ်ဆက်မှုများ ဆောင်ရွက်ပေးခြင်း၊ ကြက်သွန်နီကို ကြာရှည်စွာ အထားခံနိုင်ရန် နည်းပညာပေးခြင်း၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန်နှင့် အရည်အသွေးကောင်းမွန်သည့် ကြက်သွန်နီဖြစ်စေရန် အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကြက်သွန်စိုက်တောင်သူများ အနေဖြင့် ကြက်သွန်တစ်ဧက စိုက်ပျိုးပါက ငွေကျပ် ၁၈ သိန်းဝန်းကျင်ခန့် ကုန်ကျစရိတ်ရှိပြီး တစ်ဧကအထွက်နှုန်း ပိဿာချိန် ၅၀၀၀ ရှိကြောင်း သိရသည်။ (၂၀၆)

# ဥတ္တရသီရိမြို့နယ် ဇလောင်းတောင်ကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း စစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၂၆**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇလောင်းတောင်ကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို နိုဝင်ဘာ ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဥတ္တရသီရိမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇာကြည်မွန်နှင့်ဝန်ထမ်းများက ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ဇလောင်းတောင်ကျေးရွာ၌ ကျေးရွာတွင်း လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဥတ္တသီရိမြို့နယ် ဇလောင်းတောင်ကျေးရွာ၌ လမ်းအရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို VDP စီမံကိန်း ရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူလူထုထည့်ဝင်ငွေကျပ် ၁ ဒသမ ၇၂၆၂ သန်း စုစုပေါင်းငွေကျပ် ၁၆ ဒသမ ၇၂၆၂ သန်းအသုံးပြုပြီး အဆိုပါဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် နိုဝင်ဘာ ၁၁ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ကိုညီ**

# စလင်းမြို့နယ် တောင်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စလင်း နိုဝင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်ကန်ကျေးရွာအုပ်စု တောင်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ တောင်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားလုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊လစဉ်ဖြည့်သွင်းရမည့်စာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားမှုနှင့် စီမံကိန်းဆိုင်ရာ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှုအခြေအနေများကိုစစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ တောင်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်မတည်ဆောင်ရွက်ခဲ့ပြီး ယခု ကောဒသမနှစ်စက်ဝန်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်ကြသော စုစုပေါင်း အသင်းသား ၁၃၈ ဦးကို ငွေကျပ် ၅၇ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **သန်းသန်းစိုး**

# လဲချားမြို့နယ် ကျေးရွာနှစ်ရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**လဲချား နိုဝင်ဘာ ၂၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် လဲချားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝမ်ပုံနှင့် ဆီကုန်းကျေးရွာနှစ်ရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ နဝမအကြိမ် ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက ဝမ်ပုံကျေးရွာ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ လဲချားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းစန္ဒာဝင်းက အမှာစကား ပြောကြားသည်။

ဆက်လက်၍ လဲချားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းစန္ဒာဝင်းနှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းဝိသေသများ၊ စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၉ ဒသမ ၃ သန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်က ဝမ်ပုံနှင့် ဆီကုန်းကျေးရွာ နှစ်ရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၅၀ ကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၉ ဒသမ ၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**



# ဂါဇာကမ်းမြောင်ဒေသရှိ ပါလက်စတိုင်းယာယီနေရပ်စွန့်ခွာသူများ နေထိုင်ရာတဲများ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပျက်စီးခဲ့ရ



**ဂါဇာ နိုဝင်ဘာ ၂၆**

ဂါဇာကမ်းမြောင်ဒေသရှိ ပါလက်စတိုင်းယာယီနေရပ်စွန့်ခွာသူများနေထိုင်ရာတဲများ နိုဝင်ဘာ ၂၅ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပျက်စီးခဲ့ရကြောင်း ယနေ့သတင်းများအရ သိရသည်။

ဂါဇာကမ်းမြောင်ဒေသတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပါလက်စတိုင်း ယာယီနေရပ်စွန့်ခွာသူများ၏ နေထိုင်ရာတဲများ ရေနစ်မြုပ်ပျက်စီးခဲ့သဖြင့် အိုးမဲ့အိမ်မဲ့ဖြစ်နေကြောင်း၊ ဆောင်းရာသီကဲ့သို့ အေးသောရာသီတွင် ယခုကဲ့သို့ မိုးသည်းထန်စွာရွာသွန်းပြီး နေထိုင်ရာတဲများ ပျက်စီးခဲ့သောကြောင့် အကျပ်အတည်းများ ဖြစ်ပေါ်နေကြောင်း သိရသည်။

"ကွင်းဆင်းအကဲဖြတ်အဖွဲ့တွေရဲ့တင်ပြချက်အရ ပါလက်စတိုင်းယာယီနေရပ်စွန့်ခွာသူတွေရဲ့ တဲတွေထဲက ၈၁ ရာခိုင်နှုန်းက အသုံးပြုလို့မရတော့ပါဘူး။ လက်ရှိ ရေကြီးတဲ့အဲဒီနေရာမှာ တဲပေါင်း ၁၃၅၀၀၀ ရှိပြီး အလုံးရေ ၁၁၀၀၀၀ ကို အရေးပေါ်အစားထိုးဖို့ လိုအပ်နေပါတယ်။ အဲဒီဒေသမှာ ပါလက်စတိုင်းယာယီနေရပ်စွန့်ခွာသူ တစ်သန်းခွဲလောက် နေထိုင်ပါတယ်။ အခုအခြေအနေအရ သူတို့မှာ ကျန်းမာရေးဆိုင်ရာ အန္တရာယ်ရှိနေတယ်" ဟု ကုလသမဂ္ဂ ပါလက်စတိုင်း ဒုက္ခသည်များဆိုင်ရာ အေဂျင်စီ (UNRWA)က ပြောကြားခဲ့သည်။

ပါလက်စတိုင်း မြို့ပြအရေးပေါ်ဌာနက ရေကြီးရေလျှံမှုကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည့် ပါလက်စတိုင်း ယာယီနေရပ်စွန့်ခွာသူများအတွက် အလှူရှင်များထံမှ ရွက်ဖျင်တဲအသစ်များ တောင်းဆိုထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# အီလီနွိုက်စ်ပြည်နယ်က မြောက်ကာရိုလိုင်းနားပြည်နယ်မှ မွေးမြူရေးတိရစ္ဆာန်များအတွက် မြက်ခြောက်လိပ်များလှူဒါန်း

**ဝါရှင်တန် နိုဝင်ဘာ ၂၆**

အမေရိကန်နိုင်ငံ မြောက်ကာရိုလိုင်းနား ပြည်နယ်တွင် ဟယ်လင်ဟုအမည်ပေးထားသည့် ဟာရီကိန်းမုန်တိုင်း စက်တင်ဘာ ၂၇ ရက်က ဝင်ရောက်တိုက်ခတ်ခဲ့ပြီး မုန်တိုင်းဒဏ်သင့်ဧရိယာများတွင် နေထိုင်သောတောင်သူများ မွေးမြူထားသည့်တိရစ္ဆာန်များ၏ အစာရှားပါးမှုအခက်အခဲကို ဖြေရှင်းရန်အတွက် အီလီနွိုက်စ်ပြည်နယ်မှ Midwest Food Bank အဖွဲ့အစည်းက ဦးဆောင်ကာ မြက်ခြောက်လိပ်များကို နိုဝင်ဘာ ၂၅ ရက်က လှူဒါန်းခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

မုန်တိုင်းဒဏ်သင့်တောင်သူများ၏ မွေးမြူရေးတိရစ္ဆာန်များဖြစ်သော ကျွဲ၊ နွားများအတွက် အစာရေစာရှားပါးချိန်တွင် မြက်ခြောက်များကျွေးနိုင်ရန် Midwest Food Bank အဖွဲ့အစည်းက မြက်ခြောက်လိပ်များကို လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

"ဟယ်လင်ဟာရီကိန်းမုန်တိုင်းဒဏ်သင့် မြောက်ကာရိုလိုင်းနားတောင်သူတွေ စိုက်ပျိုးရေးလုပ်ငန်းတွေနဲ့ မွေးမြူရေးလုပ်ငန်းတွေ ပြန်လည်စတင်နိုင်ဖို့အတွက် တော်တော်လေးကို အခက်တွေ့နေကြတယ်။ မုန်တိုင်းဒဏ်ကြောင့် စားကျက်တွေပျက်စီးခဲ့ပြီး စိုက်ပျိုးမြေတွေ တော်တော်များများပျက်စီးခဲ့ရတယ်။ ဒါကြောင့် မုန်တိုင်းဒဏ်သင့်ဒေသမှ မွေးမြူရေးတိရစ္ဆာန်များအတွက် မြက်ခြောက်အလိပ် ၆၅၀ ထိ တင်ပို့လှူဒါန်းခဲ့ပါတယ်။ မြက်ခြောက်လိပ်အားလုံးကိုလဲ ခရစ္စမတ်ကာလမတိုင်မီ အရောက်ပို့နိုင်အောင်လဲ စီစဉ်နေပါတယ်"ဟု Midwest Food Bank အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ အဲရစ်ဟိုဒယ်က ပြောကြားခဲ့သည်။

Ref : Russsia Today
Trs : Sai Sat

# မြောက်ဆူမတြားပြည်နယ်တွင် ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ ၁၆ ဦးရှိပြီး ခြောက်ဦး ပျောက်ဆုံးနေ

**ဂျကာတာ နိုဝင်ဘာ ၂၆**

အင်ဒိုနီးရှားနိုင်ငံ မြောက်ဆူမတြားပြည်နယ် ဒီလီဆာဒန်ရီဂျင်စီတွင် နိုဝင်ဘာ ၂၄ ရက်ကစတင်၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ရာ သေဆုံးသူ ၁၆ ဦးရှိပြီး ခြောက်ဦး ပျောက်ဆုံးနေကြောင်း National Disaster Management Agency (BNPB) က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

နိုဝင်ဘာ ၂၅ ရက်ထိ သေဆုံးသူ လေးဦးသာရှိခဲ့ပြီး ပျောက်ဆုံးနေသူ နှစ်ဦးသာရှိခဲ့ကြောင်း၊ ရေစီးနှင့်အတူ အမှိုက်သရိုက်များ၊ ရွှံ့ညွန်များ၊ သစ်ပင်သစ်ကိုင်းများနှင့် ကျောက်တုံးများ ရောနှောပါဝင်လာသည့်အတွက် နေအိမ်များနှင့် အခြေခံအဆောက်အအုံများ ပျက်စီးမှုနှုန်း မြင့်တက်လာခဲ့ကြောင်း၊ ထို့ပြင် စိုက်ခင်း ခန့်မှန်းဧက ၃၂၀ ကျော် ပျက်စီးနေပြီဖြစ်ကြောင်း National Disaster Management Agency (BNPB) က ထုတ်ပြန်ခဲ့သည်။

"ရေကြီးရေလျှံမှုအခြေအနေတွေ ပိုမိုဆိုးရွားလာတယ်။ အထူးသဖြင့် တောင်ကုန်းတောင်တန်းတွေနဲ့နီးကပ်နေတဲ့ ကျေးလက်ဒေသတွေမှာ ပျက်စီးမှုနှုန်း ပိုပြီးမြင့်မားလာတယ်။ တောင်ကျရေတွေနဲ့အတူ သစ်ပင်သစ်ကိုင်းတွေ၊ တောင်ပေါ်က ကျောက်တုံးတွေ မျောပါလာတဲ့အတွက် ပျက်စီးမှုနှုန်း ပိုပြီးတော့မြင့်မားလာခဲ့တာဖြစ်ပါတယ်"ဟု National Disaster Management Agency (BNPB)မှ ပြောရေးဆိုခွင့်ရှိသူ မူဟာရီက ပြောကြားခဲ့သည်။



Ref : Russsia Today
Trs : Sai Sat

# အိန္ဒိယနိုင်ငံရှိတောင်သူများ အပူချိန်မြင့်လာသဖြင့် ရာသီဥတုဒဏ်ခံနိုင်ရည်မရှိသော ဆီမုန်ညင်းအစား အခြားသီးနှံများကို ပြောင်းလဲစိုက်ပျိုးနေ

**နယူးဒေလီ နိုဝင်ဘာ ၂၆**

အိန္ဒိယနိုင်ငံရှိ တောင်သူများသည် အပူချိန်မြင့်လာသည်နှင့်အမျှ ရာသီဥတုဒဏ်ခံနိုင်ရည်မရှိသော ဆီမုန်ညင်းအစား အခြားသီးနှံများကို ပြောင်းလဲစိုက်ပျိုးနေကြကြောင်း ယနေ့သတင်းများအရ သိရသည်။

အိန္ဒိယတွင် ဆီထွက်သီးနှံဖြစ်သော ဆီမုန်ညင်းစိုက်ပျိုးချိန်၌ အပူချိန်မြင့်မားနေကြောင်း၊ ဆီမုန်ညင်းသည် အပူဒဏ်ခံနိုင်ရည် နည်းပါးသော သီးနှံဖြစ်သည့်အတွက် ၎င်းအစား အခြားရာသီဥတုဒဏ် ခံနိုင်ရည်ရှိသော သီးနှံများကို ပြောင်းလဲစိုက်ပျိုးနေကြကြောင်း အိန္ဒိယနိုင်ငံ ဆီမုန်ညင်းစိုက် တောင်သူများက ပြောကြားသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဆီထွက်သီးနှံဖြစ်တဲ့ဆီမုန်ညင်းကို ဧက ၂၀ စိုက်ပျိုးနေကျပါ။ အခုတော့ ဆီမုန်ညင်း ၁၀ ဧကပဲ စိုက်ပျိုးထားပြီး ကျန်တာကိုတော့ ဆီမုန်ညင်းအစား ဈေးကောင်းရတဲ့ စပါး၊ ဂျုံနဲ့ အာလူး ပြောင်းစိုက်ထားပါတယ်"ဆီမုန်ညင်းစိုက် တောင်သူ တာရာဂီက ပြောကြားခဲ့သည်။

မြင့်မားသောအပူချိန်ကြောင့် အူတာပရာဒက်ရှ်၊ မတ်ဟာပရာဒက်ရှ်၊ ဂူဂျာရတ်၊ ဟာရာနာပြည်နယ်တွေမှာ ဆီမုန်ညင်းစိုက်ပျိုးမှု နည်းပါးကာ ပြည်တွင်းစားသုံးဆီ မလုံလောက်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံသည် ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှု နည်းပါးလာမှုကြောင့် မလေးရှား၊ အင်ဒိုနီးရှား၊ ဘရာဇီး၊ အာဂျင်တီးနား၊ ယူကရိန်းနှင့် ရုရှားနိုင်ငံတို့မှ စားအုန်းဆီ၊ ပဲဆီနှင့် နေကြာဆီများတင်သွင်းကာ နိုင်ငံ၏ စားသုံးဆီလိုအပ်ချက်၏ သုံးပုံတစ်ပုံနီးပါးကို ဖြည့်ဆည်းပေးနေရကြောင်း ကုန်သွယ်ရေးဝန်ကြီးဌာနမှ သိရသည်။

Ref : Sputnik News
Trs : KZ

# ဆစ်ဒနီမြို့တွင် အပူလှိုင်းဖြတ်သန်းမည်ဖြစ်ပြီး အပူချိန်မြင့်တက်မှုအန္တရာယ်သတိပေးချက်ထုတ်ပြန်

**ကင်ဘာရာ နိုဝင်ဘာ ၂၆**

သြစတြေးလျနိုင်ငံ ဆစ်ဒနီမြို့တွင် လာမည့် ၄၈ နာရီအတွင်း အပူလှိုင်း ဖြတ်သန်းမည်ဖြစ်ပြီး အပူချိန်မြင့်တက်လာနိုင်ကြောင်း သြစတြေးလျမိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

လက်ရှိ ဆစ်ဒနီမြို့၏ အပူချိန်မှာ ၂၉ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိလာပြီး အအေးခာတ်မြင့်မားရမည့်ကာလတွင် အပူချိန်မြင့်တက်လာခြင်းကြောင့် ရာသီဥတုပြောင်းလဲမှုများရှိနေကြောင်း၊ ပုံမှန်မဟုတ်သည့် အပူချိန်မြင့်တက်မှုကြောင့် ဒေသခံများကလည်း ကမ်းခြေများသို့သွားရောက်အနားယူနေကြပြီး အပူလှိုင်းလာပါက အပူချိန်မှာ ဆောင်းရာသီကာလအတွင်း စံချိန်တင်မြင့်တက်လာသည့်အခြေအနေဖြင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း သတိပေးချက်ထုတ်ပြန်ထားသည်။

"အပူချိန်မြင့်တက်လာရင် စွမ်းအင်သုံးစွဲမှု Demand တွေ မြင့်တက်လာမယ်။ အပူချိန်မြင့်တက်မှုကြောင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံတချို့ကို ယာယီပိတ်ထားရမှာဖြစ်တဲ့အတွက် စွမ်းအင်လိုအပ်ချက်တွေ ရှိလာနိုင်တယ်။ လာမဲ့ ၄၈ နာရီအတွင်းမှာပဲ လျှပ်စစ်ဓာတ်အားပေး စက်ရုံတချို့ကို ယာယီပိတ်ထားရတော့မယ်"ဟု သြစတြေးလျ စွမ်းအင်ဈေးကွက်၏ Operator က အသိပေးချက်ထုတ်ပြန်သွားခဲ့သည်။

အပူလှိုင်း ဖြတ်သန်းလာချိန်တွင် အပူချိန်သည် ၄၀ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်သွားနိုင်သည့်အတွက် ရာသီဥတုလွန်ကဲမှုပြဿနာကိုရင်ဆိုင်နိုင်ရန် တာဝန်ရှိသူများအနေဖြင့်လည်း ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရမည့်အခြေအနေဖြစ်နေကြောင်း၊ အပူချိန် မြင့်တက်လာချိန်တွင်လည်း ကျောက်မီးသွေး လောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများကို ယာယီပိတ်သွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# ဆေးဖက်လဲဝင် အသုံးများ မြန်မာ့သနပ်ခါး

စိန်ငွေးလှိုင်(ဟိုပုံးမြေ)

"ရွှေနံ့သာခေါက်ကိုလ၊ ကျောက်ပေါ်မှာ အသာတင်၊ ခန်းခွင်ကသွေး၊ လိမ်းမယ်လို့ကြံ၊ မှန်ယူခဲ့ဆံတိုလေးရယ်၊ ပိန်းရိုက်စို့လေး၊ နံ့သာရေမတော်၊ ချော်ကာဖိတ်တယ်၊ ကျောင်းထိပ်ကမွှေး" ဆိုတဲ့ ရွှေဘိုဗုံကြီးသံသီချင်းတစ်ပုဒ် ရှိခဲ့ပါတယ်။ ဒီသီချင်းအရ ရှေးခေတ်မြန်မာအမျိုးသမီးတို့မှာ သနပ်ခါးကို ခုံမင်စွာ လိမ်းကျံခဲ့ကြကြောင်း ခန့်မှန်းရပါတယ်။ ပုဂံမြို့နဂါးရုံဘုရားနဲ့ အပယ်ရတနာဘုရား နံရံဆေးရေးပန်းချီကားမှာ သနပ်ခါးသွေးတဲ့ ကျောက်ပြင်နဲ့ မိန်းမပျိုပုံကို တွေ့ရှိတာကြောင့် သနပ်ခါးလိမ်းတာဟာ ပုဂံခေတ်ကတည်းက ရှိခဲ့ကြောင်း သက်သေပြနေပါတယ်။

သနပ်ခါးဆိုတာ အခေါက်ကိုသွေးကာ မျက်နှာ၊ ကိုယ်လက်တို့ကို မွှေးအောင် လိမ်းကျံရတဲ့ အပင်တစ်မျိုးဖြစ်တယ်။ သနပ်ခါးတွင် သနဆိုတာက မသန့်မရှင်းဖြစ်သည်။ ယုတ်ညံ့သွားသည်ဟု မှတ်တင်ခံစားရသည်။ ခါဆိုသည်မှာ လှုပ်ယမ်းသည်။ လှုပ်ခါ၍ ကင်းကွာစေသည်ဟု မြန်မာအဘိဓာန်တွင် ဖွင့်ဆိုထားသည်။ ဒါကြောင့် သနခါဟူသည် မကောင်းသော အညစ်အကြေးများကို စွန့်ထုတ်ပေးသောအရာပင်ဖြစ်သည်။ သနခါမှ ကာလရွေ့လျားလာလျက် သနပ်ခါးဟု ပြောင်းလဲလာခြင်းဖြစ်သည်။

သနပ်ခါးပင်ကို သီရိလင်္ကာ၊ အိန္ဒိယနိုင်ငံအနောက်ပိုင်း၊ ထိုင်း၊ ပါကစ္စတန်၊ မြန်မာနိုင်ငံတို့ မှာ တွေ့ရပါတယ်။ မြန်မာနိုင်ငံမှထွက်ရှိတဲ့ သနပ်ခါးဟာ အရည်အသွေးအကောင်းဆုံးဖြစ်လို့ "မြန်မာ့သနပ်ခါး" လို့ ခေါ်ဆိုကြပါတယ်။ သနပ်ခါးပင်ကို ပခုက္ကူ၊ မြိုင်၊ ရေစကြို၊ ပေါက်၊ ဆိပ်ဖြူ၊ မြင်းခြံ၊ ပြည်၊ ရွှေဘို၊ စစ်ကိုင်း၊ မြင်းမူနဲ့ ကနီမြို့နယ်တို့မှာစိုက်ပျိုးကြပါတယ်။

သနပ်ခါးပင်ကို အင်္ဂလိပ်လို WoodApple လို့ခေါ်ဆိုပါတယ်။ အပင်လတ်မျိုးဖြစ်ကာ အမြင့်ပေ၂၀ ကနေ ပေ ၃၀ ထိရှိပြီး ပင်စည်နဲ့ အကိုင်းအခက် မှာ လက်မဝက်ခန့် ရှည်တဲ့ဆူးတွေရှိပါတယ်။ အပင်ရင့်လာတဲ့အခါ အပွေး(အခေါက်) ထူလာပါတယ်။ အရွက်ပုံသဏ္ဌာန်ဟာ ရွက်ပေါင်းဖြစ်ပြီး ရွက်လွှဲထွက်ကာ ပြောင်ချောနေပါတယ်။ သေးငယ်ပြီး အဝါနုရောင်အပွင့်ပွင့်ပါတယ်။ မြန်မာနိုင်ငံရှိသနပ်ခါးပင်တို့ဟာ တပေါင်း၊ တန်ခူးလတို့မှာ ပွင့်တတ်ကြပြီး တော်သလင်းလမှာ အသီးမှည့်ပါတယ်။ သနပ်ခါးပင်ရဲ့ရေသောက်မြစ်ဟာ ရှည်လျားပြီး မြစ်ပွားတွေထွက်ပါတယ်။ မြစ်ပွားမှတစ်ဆင့် သားတက်တွေ ထွက်လေ့ရှိပါတယ်။ သနပ်ခါးပင်စည်ကို ပထမတစ်ကြိမ် ခုတ်လိုက်တာနဲ့ ကိုင်းတက်တွေ ဆက်ကာဆက်ကာ ထွက်လာတတ်ပါတယ်။

မြန်မာ့ဆေးကျမ်းများမှာ "သနပ်ခါးသည် ပူ၏။ သွေးကို ကြွစေ၏။ ပူ၊ ခါး၊ ချုပ်၊ ပွင့်ဓာတ်ရှိ၏။ ငန်းမန်းကိုနိုင်စေ၏။ အပူနာ၊ အအေးနာ နှစ်မျိုးစလုံးနိုင်၏"လို့ဆိုထားပါတယ်။ သိပ္ပံပညာအရ သနပ်ခါးမှာ Anti-bacterialနဲ့ Anti-fungal ဓာတ် ပါဝင်တာ ကြောင့် အသားအရေကို သန့်စင်စေပြီး ဝက်ခြံ၊ တင်းတိပ်တို့ ပျောက်ကင်းစေပါတယ်။ ဒ့ါပြင် သနပ်ခါးမှာပါဝင်တဲ့ Coumarine ဓာတ်ဟာ အရေပြားပေါ်က ဘက်တီးရီးယားနဲ့ မှိုတို့ကို



ချေဖျက်နိုင်စွမ်းရှိပါတယ်။ Mamesin ဓာတ်ပါဝင်ကာ ခရမ်းလွန်ရောင်ခြည်ကြောင့် မျက်နှာအရေပြား တွန့်တာ၊ အသားအရောင်မညီတာတို့ကို ကာကွယ်ပေးပါတယ်။ သနပ်ခါးမြစ်ကိုသွေးပြီး အရည်ကို သောက်သုံးမယ်ဆိုရင် အော့အန်တာ၊ ဝမ်းကိုက်တာ၊ ဗိုက်အောင့်တာ တို့ သက်သာပါတယ်။ အဆိပ်ရှိတဲ့သတ္တဝါ အကိုက်ခံရပါက ဒဏ်ရာကို သနပ်ခါးသီးပြုတ်ရည်နဲ့ လိမ်းကျံပေးလိုက်ရင် အဆိပ်ပြေစေပါတယ်။ မျက်နှာမှာ အဆီပြန်ရင်လဲ သနပ်ခါးလိမ်းလိုက်ရင် ပျောက်ကင်းပါတယ်။ သနပ်ခါးဟာ နေလောင်ဒဏ်ကို ကာကွယ်ပေးပါ တယ်။ ဒ့ါကြောင့် နေပူတွင် အလုပ်လုပ်သူတွေ၊ ကောက်စိုက်သမတွေဟာ သနပ်ခါးပါးကွက်ကျား လိမ်းကျံကြပါတယ်။ အရေပြားယားယံတာ၊ အင်ပြင်ထတာ၊ အဖုအပိန့်ထွက်တာတို့ဖြစ်ပေါ်ရင် သနပ်ခါးကို ဆားနဲ့သွေးပြီး လိမ်းကျံပေးမယ်ဆိုရင် သက်သာပျောက်ကင်းပါတယ်။ သနပ်ခါးတုံးကို ကျောက်ပျဉ်မှာ ရေနဲ့သွေး လိမ်းတာအပြင် သနပ်ခါးမှုန့်ကို အမှုန့်ပြုလုပ်ကာ မျက်နှာလိမ်းပေါင်ဒါအဖြစ် သုံးကြပါတယ်။ သနပ်ခါးကို အခဲပြုလုပ်ပြီးလဲ လိမ်းကျံကြပါတယ်။ သနပ်ခါးဟာ ကြာကြာထားလို့ မမွှေးတော့ဘူးဆိုရင် ရေနွေးပွက်ပွက်ဆူနဲ့ သနပ်ခါးတုံးပေါ်လောင်းလိုက်ရင် သနပ်ခါးရနံ့ပြန်ပြီး မွှေးလာတတ်ပါတယ်။

သနပ်ခါးမှာ ရှင်မတောင်သနပ်ခါးနဲ့ ရွှေဘိုသနပ်ခါးဆိုပြီး နှစ်မျိုးရှိပါတယ်။ ရေစကြိုမြို့နယ်ရှိ ရှင်မတောင်ကိုအစွဲပြုပြီး ရှင်မတောင်သနပ်ခါးလို့ ခေါ်ဆိုခြင်းဖြစ်ပါတယ်။ ရှင်မတောင်ဒေသရှိ မြေအမျိုးအစားမှာ ဂဝံကျောက်စရစ်မြေဖြစ်ပြီး သနပ်ခါးဖြစ်ထွန်းတဲ့မြေဖြစ်ပါတယ်။ ရှင်မတောင်သနပ်ခါးရဲ့အပွေးမှာ နီကြွံကြွံအရောင်ရှိပြီး မာကျစ်ကာ မွှေးပျံ့ပါတယ်။ မြန်မာအမျိုးသမီးတို့မှာ ရှင်မတောင်သနပ်ခါးကို ပိုပြီးနှစ်သက်ကြပါတယ်။ ရေစကြိုမြို့နယ် ပခန်းကြီးမြို့ဟောင်းရဲ့ အနောက်ဘက်နှစ်မိုင်ခန့်အကွာမှာ တောင်နီတောင်လို့ခေါ်တဲ့ တောင်တစ်လုံးရှိပါတယ်။ ဒီတောင်ပတ်ဝန်းကျင်က ထွက်ရှိတဲ့ တောင်နီသနပ်ခါးဟာဆိုရင်လဲ နာမည်ကြီးပါတယ်။ ရွှေဘိုသနပ်ခါးမှာ ရှင်မတောင်သနပ်ခါးလောက် ရနံ့မမွှေးပေမဲ့ အရောင်မှာ ဝါဝင်းပြီး ညက်ညောတာကြောင့် ရွှေဘိုသနပ်ခါးကိုလဲ နှစ်သက်ကြပြန်ပါတယ်။ "ရွှေဘိုသနပ်ခါးတုံးများ ရန်ကုန်လိမ်းဖို့ယူ၊ ဘယ်လိုအသားမည်းမည်း ဝါဝါ ညက်ညက်ဖြူ၊ ပုဇွန်တောင်၊ ကြည့်မြင်တိုင်သူနဲ့ မန္တလေးမြို့တော်သူ၊ ရွှေဘိုသနပ်ခါးလိမ်းကြရင်ဖြင့် စိမ်းစိမ်းညက်ညက်ဖြူ"လို့ဆိုကာ နန်းတော်ရှေ့ဆရာတင်က ရေးစပ်ခဲ့ပါတယ်။

သနပ်ခါးကို စိုက်ပျိုးမယ်ဆိုရင် ရင့်မှည့်တဲ့ အသီးမှည့်တွေကို ရေစိမ်ရပါတယ်။ ရေစိမ်တဲ့နေရာမှာ အောက်မှာနစ်မြုပ်တဲ့အစေ့ကို မျိုးစေ့အနေနဲ့ သုံးပြီး ပေါလောပေါ်တဲ့အစေ့တွေကို မသုံးပါဘူး။ ပျိုးထောင်ရာမှာ အိတ်နဲ့ပျိုးထောင်တာ၊ မြေသားပေါင်လုပ်ပြီး ပျိုးထောင်တာဆိုပြီး နှစ်မျိုးရှိပါတယ်။ ၄၅ ရက်သား ပျိုးပင်ပေါက်တွေကို အတန်းလိုက် မြေမှာ စတင်စိုက်ပျိုးနိုင်ပါတယ်။ စိုက်ပျိုးလို့ အကောင်းဆုံးအချိန်မှာ မိုးဦးကျကာလဖြစ်ပါတယ်။ သနပ်ခါးပင်တစ်ပင်နှင့် တစ်ပင် လေးပေခြားပြီး စိုက်တာက အကောင်းဆုံးနည်းဖြစ်ပါတယ်။ တစ်ဧကမှာ ပျိုးပင် ၄၅၀ နဲ့ ၅၀၀ ကြား ဝင်ဆံ့ပါတယ်။ ရာသီဥတုနဲ့ အပင်အနေအထားပေါ်မူတည်ပြီး ပင်လုံးပျံ့ ပိုးသတ်ဆေး၊ ထိသေပိုးသတ်ဆေး၊ မှိုပိုးသတ်ဆေးတို့ ကြိုတင်ပက်ဖျန်းပေးရပါမယ်။ မြေဩဇာကောင်းဖို့ မြေပဲတောင့်ခွံ၊ နွားချေး၊ စပါးခွံတို့အပင်အခြေမှာ ပုံပေးရပါမယ်။

သနပ်ခါးဟာ ဂဝံနဲ့ ကျောက်စရစ်မြေတို့မှာ ပိုမိုဖြစ်ထွန်းပါတယ်။ ပျိုးပင်ပေါက်နဲ့ စိုက်ပျိုးနိုင်ပြီး နှစ်နှစ်သား၊ သုံးနှစ်သားအရွယ်မှာ ပင်ခြေက အကိုင်းခက်တွေကို ခုတ်ထွင်ပေးရပါတယ်။ သက်တမ်းငါးနှစ်ပြည့်ရင် ရောင်းတမ်းဝင်လာပါတယ်။ သနပ်ခါးတစ်ပင်ဖြစ်ထွန်းဖို့ဆိုရင် ၃၅ နှစ်ခန့်ကြာတယ်လို့ ဆိုကြပါတယ်။ သနပ်ခါးဟာ သူ့အလိုလို သေဆုံးဖို့ဆို အလွန်ခဲယဉ်းပါတယ်။ မိုးများရင် အပွေးတက်နည်းပြီး မိုးနည်းရင် အပွေးတက်များပါတယ်။

မြန်မာတို့ဟာ သနပ်ခါးကို မွေးကင်းစအရွယ်ကနေ အသက်အရွယ်မရွေးလိမ်းကြပါတယ်။ အချို့ဒေသတွေမှာ ကလေးငယ်ကို ရေချိုးပေးပြီးရင် လျှာမှာသနပ်ခါးရည် အနည်းငယ်ခွံ့တတ်ကြပါတယ်။ စာရေးသူတို့နိုင်ငံမှာ ဘယ်ဒေသကိုပဲသွားသွား အမျိုးသမီးတွေရဲ့မျက်နှာပေါ်မှာ သနပ်ခါးလိမ်းကျံထားတာကို တွေ့မြင်ရပါတယ်။ သနပ်ခါးလိမ်းတာဟာ စိတ်ကြည်လင်မှုကို ရရှိစေပါတယ်။

အချုပ်အားဖြင့်ဆိုရင် သနပ်ခါးလိမ်းကျံရုံသာမက သနပ်ခါးကို မြန်မာလူမျိုးတို့နှစ်သက်ကြပြီး သနပ်ခါးလိမ်းတာဟာလဲ မြန်မာ့ယဉ်ကျေးမှုဓလေ့ကိုဖော်ညွှန်းနေပါတယ်။ ဒါကြောင့် မြန်မာနဲ့သနပ်ခါးက ခွဲခြား၍မရပေ။ ဆေးဖက်လဲဝင်သောကြောင့် သနပ်ခါးကို ဆေးဖက်လဲဝင်အသုံးများ မြန်မာ့သနပ်ခါးဟု ညွှန်းဆိုရေးသားလိုက်ရပါတယ်။

**ကိုးကား**

- https://hellosayarwon.com/healthy-eating/nutrition-facts/gotu-kola-health-benefits/

# ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၅၉၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

ဒီပဲယင်း နိုဝင်ဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မတ်ပဲ ၁၅၉၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၅၁၄၇ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ မတ်ပဲ ၁၅၉၇ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်မှာ မတ်ပဲဧေ ၁၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲလျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေတယ်။ မတ်ပဲစိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်နည်းလမ်းတွေကိုလဲ မြေပြင်ကွင်းဆင်းဆောင်ရွက်နေတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မတ်ပဲ စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလျက်ရှိကြောင်း သိရသည်။



ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံစိုက်ပျိုးရာတွင် ပဲသီးနှံအထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်း စသည်တို့ကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

**၂။ ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှသစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်း ရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြေဝင့်မတ်စွာ သုံးသပ်လျက် ဒိုတာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန် နားချိန်မရှိဘဲ အချိန်ပြည့် တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကို ဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

**၃။ စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

**၄။ ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) မြန်မာကဗ္ဗဒင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့်ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သီသန့်စွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့် ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု (ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ကဗျာ) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်) တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

**၅။ ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သီသန့်စွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (စာလုံးအရွယ်အစား ၁၄) ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာ ချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ပေးပို့ရမည်။

**၁၁။ စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀၀၀၀ | ကျပ် |

**၁၂။ စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀၀၀၀ | ကျပ် |

**၁၃။ ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀၀၀၀ | ကျပ် |

**၁၄။ ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

**၁၅။ ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀၀၀၀ | ကျပ် |

**၁၆။ ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

**၁၇။ ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၆၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၂၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၂၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၂၀၀၀၀၀ | ကျပ် |

**၁၈။ ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၆၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၄၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၃၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၃၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၃၀၀၀၀၀ | ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်၊



အရည်အသွေးမြင့်မား တာယာ မှာ

TRISTAR

TBB,TBR,PCR တာယာ အရွယ်အစားမျိုးစုံအပြင် ဆိုင်ကယ် တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်၊




ပင်ရင်းအရောင်းဌာန-ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅

KHA YAE PIN MART-မင်္ဂလာဒုံ၊ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

ထာဝရလှပသော အပြုံးအတွက်

Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်၊

DENTOMEC




DENTIST RECOMMENDED

FDA အမှတ်-2212 PCE 0013

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale -၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



## ကျွမ်းကျင်ဝန်ထမ်း အလိုရှိသည် (မန္တလေးရုံးတွင်ခန့်ထားရန်)

| | | | | |
|---|---|---|---|---|
| ၁။ | Sales Manager / Supervisor | (ကျွမ်းကျင်အရောင်းမန်နေဂျာ) | (မ) | ၂ ဦး |
| ၂။ | Salesgirl / Salesman | (အရောင်းဝန်ထမ်း) | (ကျား/မ) | ၃ ဦး |
| ၃။ | Cashier | (ကျွမ်းကျင်ငွေစာရင်းတာဝန်ခံ) | (မ) | ၂ ဦး |
| ၄။ | Storekeeper | (ဂိုထောင်တာဝန်ခံ) | (မ) | ၂ ဦး |
| ၅။ | Driver(လိုင်စင်အနီ) | (ကျွမ်းကျင်ယာဉ်မောင်း) | (ကျား) | ၃ ဦး |
| ၆။ | Service Man | (အထွေထွေဝန်ထမ်း) | (ကျား) | ၅ ဦး |

အမှတ်စဉ်(၁၊၂၊၃၊၄)အတွက် ➤ သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အသီးသီးတွင် အမှန်တကယ်လုပ်ငန်းကျွမ်းကျင်ပြီး အလုပ်အတွေ့အကြုံအနည်းဆုံး (၁)နှစ်အထက်ရှိသူဖြစ်ရမည်။ အသင်းအဖွဲ့ကို ဦးဆောင်ဦးရွက်လုပ်ကိုင်နိုင်သူကို ဦးစားပေးမည်။

အမှတ်စဉ်(၅)အတွက် ➤ ၁၀ ပေ၊ ၁၄ ပေ CANTER ကားများ အမှန်တကယ်ကျွမ်းကျင်စွာမောင်းနှင်နိုင်ပြီး ကားမောင်းအတွေ့အကြုံအနည်းဆုံး (၁)နှစ်အထက်ရှိသူဖြစ်ရမည်။

အမှတ်စဉ်(၆)အတွက် ➤ အသက် (၁၈)နှစ်မှ (၃၅)နှစ်အတွင်းဖြစ်ပြီး ရိုးသားကြိုးစားပြီး ကျန်းမာသန်စွမ်းသူ ဖြစ်ရပါမည်။ လုပ်ငန်းအတွေ့အကြုံရှိရန်မလိုပါ။

**မှတ်ချက်။ ။ အမှန်တကယ်လုပ်ငန်းကျွမ်းကျင်မှုအပေါ်တွင်မူတည်၍ လစာညှိနှိုင်းနိုင်ပါသည်။**

လိုအပ်သည့်အချက်အလက် ➤ CV Form၊ ဓာတ်ပုံ(၂)ပုံနှင့်အတူ လူကိုယ်တိုင်အင်တာဗျူးလိပ်စာအတိုင်း လာရောက်လျှောက်ထားနိုင်ပါသည်။

အင်တာဗျူးလိပ်စာ ➤ **ဝင်းချယ်ရီ ကုမ္ပဏီလီမိတက်**
**အမှတ်(၂၆၅)၊ ၃၅ လမ်း(လမ်း ၈၀ နှင့် ၈၁ ကြား)၊ မန္တလေးမြို့။**

အင်တာဗျူးအချိန် ➤ နေ့စဉ် နံနက် ၉:၃၀ နာရီမှ ၁၂:၀၀ နာရီအထိ (၂.၁၂.၂၀၂၄ မှ ၁၃.၁၂.၂၀၂၄ အထိ)

Email လိပ်စာ ➤ winattention888@gmail.com သို့လည်း CV Form များကို ကြိုတင်ပေးပို့လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်း ➤ 09-409241188 , 09-5013241 , 09-257786267 , 09-425824088
(9:00 AM-5:00 PM)ရုံးချိန်အတွင်းသာ ဆက်သွယ်ရန်


### ပျောက်ဆုံးကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၄)နေ မစန္ဒာမြင့် (ဘ) ဦးလှရွှေ (၉/ပဥလ(နိုင်)၀၃၇၁၀၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(MC-508850)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၄၃၂၀၃၈၃၄

### ပျောက်ဆုံးကြောင်း

ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်အမှတ်(၁)၊ ၆၂ လမ်းနေ သန့်စင်ထွန်း (ဘ) ဦးအေးခိုင် (၉/မထလ(နိုင်)၃၃၅၇၀၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(M-281453)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၉၃၅၅၈၄၁၀

### ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ၂၉×၆၄၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်နေ မောင်ဇွဲထက်နိုင် (ဘ) ဦးလှထွေး (၉/ပသက(နိုင်)၁၆၇၀၄၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။ ၀၉-၉၈၉၀၀၉၅၅၁

**အဖိုးတန်ရေချိုကို ချွေတာပါ**

**လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့်ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme-PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code နံပါတ် "1111" ဖြင့် SMS ပေးပို့မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို




အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေး နှိုးဆော် တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

❖ ပြည်သူများနှင့် ထိတွေ့ဆက်ဆံနေရသည့် ရဲတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း ပြည်သူလုံခြုံရေးကို ဆောင်ရွက်ရာတွင် ပြည်သူများအတွက် ကောင်းမွန်သော ပြည်သူ့ရေးရာဝန်ဆောင်မှု ဖြစ်စေရန်နှင့် ပြည်သူကို ဝန်ထုပ်ဝန်ပိုးမဖြစ်အောင် မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်ရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၃ ရက်တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမတွင် လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေးဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် ငွေကျပ် ၁၄ ဒသမ ၅ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၃၃၂ ကီလိုကျော်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၄၁ သိန်းကျော် ဖမ်းဆီးရမိ



ဖြစ်မှုကျူးလွန်သူများကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြား၊မော်တော်ယာဉ်များ၊ဆက်စပ်ပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် နိုဝင်ဘာ ၂၆

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၇ ရက် ညနေ ၃ နာရီတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် တောင်တော်ကျေးရွာ၏ မြောက်ဘက် သုံးဖာလုံခန့်အကွာ မြောင်းဘေးတွင် မူးယစ်ဆေးဝါးများ လွှဲပြောင်းသယ်ဆောင်မည်ဖြစ်ကြောင်း သတင်းအရ သွားရောက်ရှာဖွေစစ်ဆေးခဲ့ရာ စိုင်းဝဏ္ဏထွန်း(ခ)ဝဏ္ဏနှင့် စိုးမြင့်ထွန်းတို့ နှစ်ဦးကို တူးကရောင်းမော်တော်ယာဉ် တစ်စီး၊ CANTER မော်တော်ယာဉ် တစ်စီး၊ မော်တော်ဆိုင်ကယ်တစ်စီးတို့နှင့်အတူ ဘိန်းဖြူပါ ဆပ်ပြာခွက် ၂၂၀ စီပါ ဆာလာအိတ် ၆၇ အိတ်အတွင်းမှ ဘိန်းဖြူ ၁၄၇ ဒသမ ၄ ကီလိုနှင့် ဆာလာအိတ် ၂၀ ဖြင့် ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၄၁ ဒသမ ၄၈ သိန်း ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ စာမျက်နှာ ၂၂ ကော်လံ ၁ ☆



၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာ ပြပွဲ နဝမနေ့တွင် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲ ၆၉၄ တွဲ ရောင်းချနိုင်ခဲ့ စာမျက်နှာ- ၁၇

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနား မန္တလေးမြို့၌ ကျင်းပ စာမျက်နှာ- ၂၀

2024 Colourful World အမည်ဖြင့် ကျင်းပသည့် "International Youth Painting Invitational Exhibition; Awarding and Opening Ceremonies" တွင် မြန်မာနိုင်ငံမှ ကျောင်းသားကျောင်းသူများ ဆုများရရှိ စာမျက်နှာ- ၂၁

ရန်ကုန်တိုင်းဒေသကြီးတွင် ဖုန်းဖြင့် ဆက်သွယ်ကာ အယောင်ဆောင်ပြောဆို၍ ငွေကြေးများအကြိမ်ကြိမ်လိမ်လည်ရယူခဲ့သူ တရားခံအမျိုးသားငါးဦးကို သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ စာမျက်နှာ- ၂၂

မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
လုံခြုံလျှင်မြန်၊ ဆောင်ရွက်မြန်မှန်၊ မြဝတီဘဏ်
MPU UnionPay
Card Services
✔ Individual Debit Card/ Credit Card
✔ Corporate Debit Card
✔ Automated Teller Machine Services
✔ Point of Sales Services
✔ Online Payment/ Tax Payment Via E-commerce
Phone No : (01) 2301367, 2301368, 2301452, 2301378